# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday, 25 September 2023 ၁၁၂၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပေါင်းတည်မြို့နယ်၌ ကောက်စောမိုးစပါးများ ဈေးကောင်းရ




**ပေါင်းတည် စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ပေါင်းတည်မြို့နယ်၌ မိုးဦးကျခါစ ကာလက စိုက်ပျိုးခဲ့သော သက်လတ်မိုးစပါးများကို စတင်ရိတ်သိမ်းလျက်ရှိသည်။

ဇွန်လက စိုက်ပျိုးခဲ့သော GW 11 အထွက်ကောင်းမျိုးစပါးနှင့် ဆင်းသုခစပါးများကို ရိတ်သိမ်းနေခြင်းဖြစ်ပြီး အစိုဓာတ်ရှိနေသေးသဖြင့် လတ်တလောတွင် ကြိတ်ခွဲ၍မရသေးဘဲ နေလှန်းအခြောက်ခံခြင်းနှင့် စက်ဖြင့်အပူပေးအခြောက်ခံခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း ဆန်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

**ချက်ချင်းရောင်းချလျက်ရှိ**

စိုက်ပျိုးကေနည်းသော တောင်သူအများစုသည် ရိတ်သိမ်းပြီး စပါးများကို သိုလှောင်ခြင်းမရှိဘဲ လယ်ကွင်းအတွင်းမှာပင် ရိတ်ခြွေစက်မှကျလာသော စပါးများကို မျိုးစပါးချန်ကာ ကတ္တားချိန်၍ စပါးပွဲစားများထံ ချက်ချင်းရောင်းချလျက်ရှိကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**



ညောင်ဦးမြို့နယ်၌ မြေအောက်ရေသွင်းစိုက်ပျိုးသည့် အိန္ဒိယငရုတ်မျိုး စိုက်ခင်းကို တွေ့ရစဉ်။

## အိန္ဒိယငရုတ်မျိုးစိုက်တောင်သူများ တစ်ပိဿာ ကျပ်ငါးထောင်ဈေးရရှိ

**ညောင်ဦး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မြေအောက်ရေသွင်း၍ အိန္ဒိယငရုတ်မျိုး စိုက်ပျိုးလျက်ရှိရာ ထွက်ရှိလာသည့် ငရုတ်သီးစိမ်းတစ်ပိဿာ ကျပ်ငါးထောင်ဖြင့် ရောင်းချရခြင်းကြောင့် အိန္ဒိယငရုတ်မျိုးစိုက် တောင်သူများအဆင်ပြေလျက်ရှိကြောင်း ငရုတ်စိုက်တောင်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု၊ အထက်ဉာဉ့်အုပ်စု၊ သူကောင်းတည်ကျေးရွာအုပ်စုများသည် မြေအောက်ရေသွင်း၍ သီးနှံအမျိုးမျိုးစိုက်ပျိုးကြရာ သီးနှံပေါ်ချိန်တွင် ဈေးကောင်းရနိုင်သည့်သီးနှံများကို ရွေးချယ်စိုက်ပျိုးကြသဖြင့် ယခုနှစ်တွင် အိန္ဒိယငရုတ်မျိုးဖြစ်သည့် မျှားနီတံဆိပ်ငရုတ်မျိုးနှင့် အိန္ဒိယပက်လက်ငရုတ်မျိုးများကို တောင်သူအများစု စိုက်ပျိုးကြကြောင်း သိရသည်။ ဝါဆိုလ၊ ဝါခေါင်လတွင် ငရုတ်မျိုးများကို ပျိုးထောင်ကြကာ **စာမျက်နှာ ၅ ကော်လံ ၅ သို့ ✻**


**ယနေ့ ဖတ်စရာ**

**ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်**

စာမျက်နှာ » ၅

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး**

ဆောင်းပါး စာမျက်နှာ » ၆

**စားအုန်းဆီ အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၃၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၉

**မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်း ဖြည့်ဆည်းပေးကြရမည့် သက်ကြီးရွယ်အိုများ အခွင့်အရေး**

ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# တုန္ဒိုင်းမဗိ သင်းပျံ့ထုံမွှမ်း စာပေဂုဏ်ကျေးဇူး

ကမ္ဘာပေါ်ရှိ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော လူမျိုးတိုင်းသည် မိမိတို့၏ ဂန္ထဝင်မြောက် စာပေယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ထားကြသည်။ စာပေနှင့် ယဉ်ကျေးမှု ခိုင်မြဲစွာရှိကြသည့် တိုင်းပြည်နှင့် လူမျိုးတို့၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဓာတ်မာန်တို့သည် မီးတောက်မီးလျှံသဖွယ် အစဉ်ထွန်းလင်းတောက်ပနေမည်ဖြစ်သည်။ မိမိနိုင်ငံနှင့် လူမျိုးကိုထိလျှင် မချည့်အောင်နာတတ်သည့် စိတ်ဓာတ်သည် စာပေယဉ်ကျေးမှုကိုအကြောင်းခံ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် စာပေယဉ်ကျေးမှုနှင့်ပတ်သက်၍ ရှေးနှစ်ပေါင်းထောင်ချီပြီး စောစီးစွာကတည်းကပင် ထွန်းကားတည်တံ့နေသည့် ဂုဏ်ယူဖွယ်ရာနိုင်ငံဖြစ်သလို ထိုစာပေယဉ်ကျေးမှုတို့မှရသည့် အကျိုးကျေးဇူးများကြောင့်ပင် ယနေ့ထက်တိုင် ခိုင်ခံ့တင့်တယ်စွာ ရပ်တည်နေထိုင်နိုင်ခြင်းဖြစ်သည်။ နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်သည့် စာပေယဉ်ကျေးမှုတို့သည် မြန်မာလူမျိုးတို့၏ အသက်ဝိညာဉ်ပမာဖြစ်သည်။ ရှေးအတိတ်ကာလက မြန်မာပညာရှိများ ရေးဖွဲ့ခဲ့ကြသည့်စာပေတို့သည် တိုင်းပြည်နှင့် လူမျိုးကို အကျိုးပြုခဲ့သလို ယနေ့ထက်တိုင်လည်း မရိုးနိုင်၊ မပစ်ပယ်နိုင်ဘဲ အကျိုးပြုနေဆဲဖြစ်သည်။

အတိတ်ကာလက မြန်မာပညာရှိများ ရေးသားဖွဲ့ဆို ပြုစုရစ်ခဲ့သော စာပေတို့တွင် ရှေးမြန်မာလူမျိုးတို့၏ ဘဝနေထိုင်စားသောက်မှု၊ အယူအဆ၊ ဓလေ့ထုံးစံ၊ ကိုယ်ကျင့်တရား၊ အတွေးအခေါ်၊ အမြော်အမြင်၊ အဆုံးအမ၊ ဘာသာတရား၊ ရာသီဥတု၊ ပတ်ဝန်းကျင်၊ သမိုင်းရာဇဝင်ဇာတ်ကြောင်း စသည်တို့စုံလင်အောင်ပါဝင်သည်။ ဤအချက်အလက်များသည်ပင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် စွမ်းဆောင်ရည်များကို ထင်ဟပ်ဖော်ပြနေသည်။ ဤအချက်အလက်များသည် ယဉ်ကျေးမှုစာပေရတနာများဖြစ်သလို တုန္ဒိုင်းမဗိ သင်းပျံ့နေဆဲဖြစ်သည့် စာပေဂုဏ်ဒြပ်များဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စာပေယဉ်ကျေးမှုသည် နောက်တွေ့ပျူယဉ်ကျေးမှု ပေစာ၊ ကျောက်စာ အထောက်အထားများအရ ရှေးဦးကတည်းက ထွန်းကားခဲ့သည်။ ခိုင်မာသည့်သက်သေအထောက်အထားများအရ စေတီ၊ ဂူ၊ ကျောင်း စသည့်ထာဝရကုသိုလ်တို့တည်ဆောက်ပြီး ကျောက်စာကမ္ပည်းရေးထိုးလှူဒါန်းသည့် မြန်မာသက္ကရာဇ် ၃၇၉ ခုနှစ် ပုဂံခေတ် အနော်ရထာမင်းမှ အစပြုဆိုနိုင်သည်။ ထို့နောက် သက္ကရာဇ် ၅၃၆ ခုနှစ်တွင် ဓမ္မဝိလာသဓမ္မသတ်ကျမ်းကို ပြုစုသည့် ရှင်ဓမ္မဝိလာသ၊ သက္ကရာဇ် ၅၃၃ ခုနှစ်တွင် အမျက်ပြေလင်္ကာဖြင့်ထင်ရှားသော အနန္တသူရိယ၊ သက္ကရာဇ် ၇၀၄ ခုနှစ်တွင် ကဗျာသီချင်းများသီကုံးရာ၌ ထင်ရှားသည့် ငါးစီးရှင်ကျော်စွာ၊ သက္ကရာဇ် ၇၁၄ ခုနှစ်တွင် မာဂဓအဘိဓာန် ဋီကာကျမ်းကို စီရင်တော်မူသော အမတ်ကြီး စတုရင်္ဂဗလ၊ ၇၂၉ ခုနှစ်တွင် ကျောက်စာကမ္ပည်းရေးထိုးလှူဒါန်းသော မင်းကြီးစွာစော်ကဲ၊ ၇၆၃ ခုနှစ်တွင် ကျေးစေရတုကိုရေးသားသည့် အင်းဝမင်းခေါင်၊ ၈၁၇ ခုနှစ်တွင် ရှေးအကျဆုံးချေင်းများရေးသားသူ အမတ်ကြီး အဒူမင်းညို၊ ၈၁၅ နှင့် ၈၃၀ ပြည့်နှစ်တွင် ပျို့အလင်္ကာမော်ကွန်းတို့၌ ထင်ရှားသည့် ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့သည် ထင်ရှားကျော်ကြားသော ရဟန်းစာဆို၊ လူစာဆိုများဖြစ်သည်။

မြန်မာတို့၏စာပေသမိုင်းတွင် ယနေ့ထက်တိုင် အမြတ်တနိုးတန်ဖိုးထား၍ လေ့လာဖတ်ရှုအတုယူစံထားရသည့် စာပေပညာရှင်များ အမြောက်အမြားပေါ်ထွန်းခဲ့ပြီး မြန်မာစာပေသည် ထေရဝါဒဗုဒ္ဓသာသနာဆိုင်ရာ စာပေကျမ်းဂန်များနှင့် ယှဉ်တွဲပေါင်းစပ်ဖြစ်ပေါ်လာခဲ့သည်။ ရှေးစာပေပညာရှင် စာဆိုတော်ကြီးများတွင် ရဟန်းပညာရှိ၊ လူပညာရှိ၊ မင်း၊ မင်းမှုထမ်း၊ နန်းတွင်းသူ နန်းတွင်းသားတို့ အများဆုံးပါဝင်ကြသည်။ ယင်းစာပေပညာရှင်များအနက် အင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သည့် ရှင်မဟာရဋ္ဌသာရသည် ထင်ရှားကျော်ကြားသော စာဆိုတစ်ပါးဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ စပ်ဆိုခဲ့သော စာအလင်္ကာများသည် အဆိုအမိန့် ယဉ်ကျေးဖွယ်ရာ အလင်္ကာဂုဏ်နှင့်ပြည့်စုံသည်ဖြစ်၍ ပညာရှိတို့နှင့်လူအများနှစ်သက်ပြီး စံနမူနာပြုရသောစာများဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ စာပေအလင်္ကာ ရတုမော်ကွန်းဆုံးမစာများသည် ယနေ့ထက်တိုင်ကျန်ရှိနေဆဲဖြစ်ပြီး မြန်မာစာပေကဏ္ဍတွင် နိုင်ငံနှင့်ပြည်သူကို အကျိုးပြုနေဆဲဖြစ်သည်။

သို့ဖြစ်ရာ စာဆိုတော် ရှင်မဟာရဋ္ဌသာရသမိုင်းကြောင်းကိုအခြေခံ၍ နှစ်ပေါင်း ၅၅၅ နှစ် အထိမ်းအမှတ် ဆရာတော်ကြီး၏ ဘဝတစ်ဆစ်ချိုးကောက်ကြောင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက သဘင်တင်ဆက်မှု အသွင်သဏ္ဌာန်ဖြင့် ဂါရဝထားဂုဏ်ပြုတင်ဆက်မှုကို ကြိုဆိုလိုက်ရပါကြောင်းနှင့် ဆရာတော်ကြီး၏ တည်ကြည်ခိုင်မြဲသော စာပေဂုဏ်ကျေးဇူးသည် မြန်မာစာပေသမိုင်းတွင် တုန္ဒိုင်းမဗိဘဲ အလင်္ကာပန်းရနံ့ပမာ ယနေ့ထက်တိုင် သင်းပျံ့နေဆဲ၊ အကျိုးပြုနေဆဲဖြစ်ပါကြောင်း။ ။



၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့နှင့် ဒုံးတပ်ဖွဲ့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသူတို့၏ သားသမီးများ၊ အငြိမ်းစားတပ်ဖွဲ့ဝင်တို့၏ သားသမီးများ စုစုပေါင်း ၄၄ ဦးအား Artillery Gunners Foundation က ရန်ကုန်နယ်မြေခံတပ်ရင်း၌ ပညာရည်ချွန်ဆုပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပရာ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (အခမ်းအနားသို့ ဖောင်ဒေးရှင်းအမှုဆောင်များ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တပ်နယ်ရှိ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့နှင့် ဒုံးတပ်ဖွဲ့တို့မှ တပ်မှူးများ၊ ဆုရရှိသူများ၏ မိဘများ တက်ရောက်ကြပြီး ပညာရည်ချွန်ဆုများကို ဖောင်ဒေးရှင်းနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များက ချီးမြှင့်ခဲ့သည်။) သတင်းစဉ်

## ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့ (လားရှိုး)က (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

လားရှိုး စက်တင်ဘာ ၂၄

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက လားရှိုးမြို့ ရန်အောင်မြင်ဘုရား၌ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့(လားရှိုး) မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ပွဲတွင် လားရှိုးမြို့ပေါ် တာဝန်ကျ ရုံး/ရဲစခန်း၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့ (လားရှိုး) မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ အဖွဲ့ဝင် ၇၅ ဦး စုစုပေါင်း ၁၀၀ တို့က ရန်အောင်မြင်ဘုရားဝင်း အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ သစ်ကိုင်းများ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များ၊ ချုံနွယ်များ ဖယ်ရှားရှင်းလင်းခြင်း၊ ဘုရားရင်ပြင်ပေါ် တံမြက်စည်းလှည်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲသို့ လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေဋ္ဌသတိုးနှင့် ဇနီး ၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်း၊ ရန်အောင်မြင်ဘုရားဂေါပကနှင့်



အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကာ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့(လားရှိုး)၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များအား ကောက်ညှင်းပေါင်း၊ အကြော်၊ လက်ဖက်ရည်တို့ဖြင့် ဧည့်ခံခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက အတူတကွ စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

တာချီလိတ် စက်တင်ဘာ ၂၄

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်



ပြည်သူ့ဆေးရုံကြီး၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်လင်းအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနိုင်တို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင် ၇၀တို့က စက်တင်ဘာ ၂၃ ရက်က စုပေါင်းသွေးလှူဒါန်းပြီး နယ်မြေခံရဲတပ်ဖွဲ့ဝင် အင်အား ၁၈၀ ကျော်ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သူရဇော်လွင်စိုးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအား အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ စက်တင်ဘာ ၂၄ ရက်တွင် ခရိုင်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် အခြေခံလူတန်းစားနေအိမ်များသို့ သွားရောက်၍ အိမ်ထောင်စု ၁၀၀ ကျော်အား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥနှင့် ဆေးဝါးများကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | | ဦးသန်းတင်အောင် |
| | | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး (16th Conference of ASEAN Ministers Responsible for Information – AMRI) နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**ပြန်လည်လိုက်ပါ**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MITV)မှ ညွှန်ကြားရေးမှူး ဒေါ်လိပ်မောင်းပန်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်ကြေးမုံတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

**တက်ရောက်**

အဆိုပါ (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး (16th Conference of ASEAN Ministers Responsible for Information–AMRI)၊ အကြိမ်(၂၀)မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (20th ASEAN Senior Officials Meeting Responsible for Information–SOMRI) နှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများမှ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြိုင်ပွဲများ ကြည့်ရှုအားပေး



**ဟန်ကျိုး စက်တင်ဘာ ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ည ဒေသစံတော်ချိန် ၈ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့ရှိ အိုလံပစ်အားကစားကွင်း(Hangzhou Olympic Center)၌ ကျင်းပသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အလံကို လွှင့်တင်ပြီး (၁၉)ကြိမ်မြောက် တရုတ်အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အာရှအိုလံပစ်ကော်မတီယာယီဥက္ကဋ္ဌတို့က အဖွင့်မိန့်ခွန်းပြောကြားကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်က (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဖွင့်လှစ်ကြောင်း ကြေညာသည်။

**မီးထွန်းညှိ**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အမှတ်တရနေရာများ၊ ရိုးရာအကအလှများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်သရုပ်ဖော်ပြသသည်။ ယင်းနောက် အာရှအားကစားပြိုင်ပွဲအလံကို လွှင့်တင်ပြီး အားကစားသစ္စာအဓိဋ္ဌာန်နှင့် ဒိုင်လူကြီးသစ္စာအဓိဋ္ဌာန်တို့ကို ရွတ်ဆို၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်ရွေးစင်အားကစားသမားများက အာရှအားကစားပြိုင်ပွဲ မီးရှူးတိုင်ကို ကွင်းအတွင်းသို့ လက်ဆင့်ကမ်းသယ်ဆောင်ကာ မီးထွန်းညှိပေးကြသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများ၊ အုပ်ချုပ်/နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့တွင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အုပ်ချုပ်မှုအဖွဲ့ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဟန်ကျိုးမြို့ Xiaoshan Guali Sports Center အားကစားရုံ၌ ကျင်းပသည့် ဝူရှူးအားကစားပြိုင်ပွဲတွင် မြန်မာအသင်းမှ မမြတ်နိုးအိမ်က ထိုက်ချီချွမ်နှင့် ထိုက်ချီကျန့် အားကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

**လိုက်လံကြည့်ရှု**

ယင်းနောက် အားကစားရွာ၌ နိုင်ငံတကာအားကစားသမားများနေထိုင်ရန် စီစဉ်ထားသည့် အဆောက်အအုံများကို ကြည့်ရှုပြီး မြန်မာအားကစားသမားများနေထိုင်သည့်နေရာနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီရုံးခန်း ပြင်ဆင်ဖွဲ့စည်းထားမှုကို လိုက်လံကြည့်ရှုကာ အုပ်စုပြိုင်ပွဲများတွင် နှစ်ပွဲအနိုင်ရရှိထားသော E-Sports အားကစားသမားများအား အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဟန်ကျိုးမြို့ Xiaoshan Sports Center ၌ အမျိုးသား U-24 အုပ်စုပြိုင်ပွဲ ပွဲစဉ်(၂၆)အဖြစ် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

စက်တင်ဘာ ၂၅ ရက်တွင် မြန်မာအားကစားပွဲများမှ ဝူရှူး အမျိုးသားပြိုင်ပွဲ၊ ဘောလုံးအမျိုးသမီး အုပ်စုပြိုင်ပွဲ ပွဲစဉ်(၁၂) မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုပုံးမြို့နယ် ဟိုနမ့်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ



**ဟိုပုံး စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုံခုတ်ကျေးရွာအုပ်စု ဟိုနမ့်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိဦးမြင့်ကြည်က ကျေးရွာ ကွန်ကရစ်လမ်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ဟိုနမ့်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဟိုပုံးမြို့နယ် ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ကျေးရွာကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းအားလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကွန်ကရစ်လမ်းသည် အရှည်ပေ ၅၄၀၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၉၄ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၅ ဒသမ ၉၄ သန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၂၂၂**

❂ ရှေ့ဖုံးမှ

ယင်းတောင်သူများသည် ဆန်ကို ဆန်ဆိုင်များမှ ကာလပေါက်ဈေးဖြင့် လက်လီ ပြန်လည်ဝယ်ယူစားသောက်ကြောင်း သိရသည်။

ဒေသတွင်း၌ GW 11 လယ်ကွင်း(စက်ကျ) ရောင်းချပါက ပေါင် ၅၀ တင်း ၁၀၀ နှုန်းကို ကျပ် ၁၅၈၀၀၀၀ နှင့် ဆန်စက်အရောက် ပို့ဆောင်ပါက ကျပ် ၁၆ သိန်းဖြင့် လည်းကောင်း၊ ဆင်းသုခစပါးကို လယ်ကွင်းအတွင်း ကျပ် ၁၅ သိန်းဖြင့် လည်းကောင်း ရောင်းဝယ်နေကြကြောင်း သိရသည်။

“မိုးစပါးအသစ် အဖွင့်ဈေးကောင်းပါတယ်။ ဒီဈေးနဲ့ဆိုရင် မဆိုးပါဘူး။ အောက်တိုဘာလဆိုရင် ဇူလိုင်လက စိုက်တဲ့ စပါးအားလုံး ဆက်တိုက်ရိတ်ကြတော့မှာပါ”ဟု လယ်ယာလုပ်ကိုင်နေသူ တောင်သူတစ်ဦးက ပြောသည်။

**သူရကြီး(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနား တက်ရောက်

မုံရွာ စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး (၅၉)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးရှိ သလ္လာရတနာခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားသည်။

ယင်းနောက် မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြင့်နိုင်က စုပေါင်းသွေးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ရုံးဝန်ထမ်း စုစုပေါင်း ၇၄ ဦးတို့ စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ဂေါက်ကလပ်ကွင်း၌ ကျင်းပသော (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်တို့က စမုတ်ဘောရိုက်ကာ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။

အဆိုပါ (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ အကြီးတန်း၊ အငယ်တန်း ဂေါက်သီးရိုက်အားကစားသမား ၈၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မျိုးသူ ဦးစီး၍ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွင်းအပြင်ရှိ ချုံနွယ်မြက်ပင်များနှင့် အမှိုက်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကျောက်တံတားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးလွင် ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၅၂ ဦးတို့ စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီတွင် ဒဂုံမြို့နယ် ပြည်လမ်း အရှေ့ရပ်ကွက် ဒဂုံပရိယတ္တိစာသင်တိုက်ကျောင်းဝင်းအတွင်း၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်။

အောင်မြင့်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် မီးရထားလမ်းပိုင်းများနှင့် စက်ခေါင်းပြင်စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ မိတ္ထီလာ–မြင်းခြံ သံမဏိစက်ရုံ ရထားလမ်းပိုင်း၊ ဇီးပင်ကြီး–ပွဲကောက်ရထားလမ်းပိုင်း၊ စက်ခေါင်းပြင်စက်ရုံ (ပြင်ဦးလွင်)၊ စက်ခေါင်းပြင်စက်ရုံ (မန္တလေး)၊ မန္တလေးဘူတာကြီး၊ လူစီးတွဲနှင့် ကုန်တွဲပြင်စက်ရုံ (မြစ်ငယ်)နှင့် မြစ်ငယ်ရထားလမ်းတံတားသစ်တို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် မိတ္ထီလာ–မြင်းခြံ သံမဏိစက်ရုံသို့ သွားသည့် ရထားလမ်းပိုင်း တစ်လျှောက် အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို RBE ရထားဖြင့် စီးနင်းလိုက်ပါစစ်ဆေးပြီး ရထားလမ်းဘေးဘယ်/ညာရှိ လဲလှယ်ထားသည့် သံလမ်းအဟောင်းနှင့် ဆက်စပ်ပစ္စည်းများကို နေရာတစ်ခုသတ်မှတ်၍ စနစ်တကျစုပုံထားရန်၊ လမ်းပိုင်းအတွင်းရှိ အချက်ပြနှင့် သတိပေးမှတ်တိုင်များ ယိုင်နဲ့နေမှု၊ ဆေးရောင်ပြယ်လွင့်နေမှုတို့ကို စစ်ဆေးပြုပြင်သွားရန်၊ လမ်းခင်းကျောက် ဖြည့်တင်းထားသည့် နေရာများတွင် သတ်မှတ်ပုံစံအတိုင်း စနစ်တကျပါကင်ရိုက်၍ အချောသပ် လုပ်ငန်းများ ဆောင်ရွက်သွားရန်၊ မြေပြန့်လမ်းပိုင်းဖြစ်သဖြင့် လမ်းပိုင်း အချောသပ်ဆောင်ရွက်ပြီးပါက မိုင်နှုန်းတိုးမြှင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်ရန်၊ ရထားလမ်း တံတားနေရာများရှိ ဆွေးမြည့်နေသည့် သစ်သားဇလီဖားတုံးများအား အမြန်လဲလှယ်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဇီးပင်ကြီး–ပွဲကောက်ရထားလမ်းပိုင်းကို RGC ဖြင့် စစ်ဆေးခဲ့ရာ ရထားလမ်းဘေးတစ်လျှောက်နှင့် ဘူတာယာဒ်ဝင်းများရှိ မြက်၊ ချုံနှင့် အမှိုက်ရှင်းလင်းသွားရန်၊ Point နှင့် အချက်ပြစနစ်များ၊ Level Crossing နေရာများ ကောင်းမွန်စေရေး စစ်ဆေးသွားရန်နှင့် ဘူတာများရှိ ဝန်ထမ်းနေအိမ်လိုင်းခန်း ပျက်စီးနေမှုကို စစ်ဆေးပြုပြင်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ခေါင်းပြင်စက်ရုံ (ပြင်ဦးလွင်)၊ စက်ခေါင်းပြင် စက်ရုံ (မန္တလေး) နှင့် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)တို့ကို ကြည့်ရှုစစ်ဆေးပြီး အသစ်တပ်ဆင် ထုတ်လုပ်နေသည့် လူစီးတွဲသစ်များ အချိန်မီ ပြီးစီးရေး၊ ကုန်တွဲများအချိန်မီ ပြုပြင်ပြီးစီးရေး၊ ပြည်ပမှ စက်အပိုပစ္စည်း ဝယ်ယူမှုများ လျှော့ချနိုင်ရန်အတွက် မိမိစက်ရုံကြီးများတွင် အရည်အသွေးပြည့်မီသည့် အပိုပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးဘူတာကြီးကို စစ်ဆေးပြီး ဘူတာနှင့် ယာဒ်ဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဘူတာယာဒ်ဝင်းလမ်းများ ကြံ့ခိုင်မှုကောင်းမွန်အောင် စစ်ဆေးဆောင်ရွက်ရေး၊ ရထားပြေးဆွဲရာတွင် အန္တရာယ်ကင်းရှင်းစေရန်အတွက် အရေးကြီးသည့် Point နှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေး၊ ရထားစီးခရီးသည်နှင့် ပစ္စည်းများ လုံခြုံရေးအတွက် မြန်မာ့မီးရထား ရဲတပ်ဖွဲ့နှင့် ဘူတာရှိ မီးရထားဝန်ထမ်းများ ပူးပေါင်း၍ စနစ်တကျကြပ်မတ်စစ်ဆေးဆောင်ရွက်ရန်နှင့် ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရန်ကုန် – မန္တလေး ရထားလမ်းပိုင်း၌ အဓိကကျသည့် မြစ်ငယ်တံတားသစ်သို့ သွားရောက်စစ်ဆေး၍ ရေရှည်ကြံ့ခိုင်မှုရှိစေရေး စဉ်ဆက်မပြတ် စစ်ဆေးသွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်းယန်းမြို့နယ်၌ VDP စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ လွှဲပြောင်းပေးအပ်

မိုင်းယန်း စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် မိုင်းလွေကျေးရွာအား VDP စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မိုင်းယန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးစိုင်းလှိုင်ခမ်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က VDP စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းဝင်ကျေးရွာများမှ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းနှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မိုင်းလွေကျေးရွာအား VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို ကျေးရွာကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ ၂၂၂

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၂၄

မန္တလေးပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သွားရောက်၍ ပြည်သူ့ဆေးရုံကြီး မြစ်ကြီးနားမြို့မှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

**စမ်းသပ်စစ်ဆေးကုသပေး**

အဆိုပါခရီးစဉ်အတွင်း နှလုံးရောဂါဆိုင်ရာလူနာ ၂၂၆ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ ၉၁ ဦး၊ ဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာလူနာ ၁၉၀၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ရောဂါဆိုင်ရာလူနာ ၁၉ ဦး၊ အသည်းရောဂါဆိုင်ရာလူနာ ၁၀၇ ဦး၊ အထွေထွေရောဂါဆိုင်ရာလူနာ ၁၉၂ ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာလူနာ ၁၁၇ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာလူနာ ၁၈၅ ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာလူနာ ၅၃ ဦး၊ မျက်စိရောဂါဆိုင်ရာလူနာ ၈၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါဆိုင်ရာလူနာ ၄၂ ဦး၊ အရိုးရောဂါဆိုင်ရာလူနာ ၂၆ ဦး၊ သားဖွားမီးယပ်လူနာ ၂၁ ဦး၊ အထွေထွေခွဲစိတ်ရောဂါလူနာ ၂၇ ဦး၊ ကလေးရောဂါလူနာ ၃၁ ဦး၊ အရေပြားရောဂါလူနာ ၃၄ ဦး၊ သွားနှင့် ခံတွင်းရောဂါဆိုင်ရာလူနာ ရှစ်ဦး၊ စိတ်ကျန်းမာရေးရောဂါလူနာ ရှစ်ဦး၊ ကင်ဆာရောဂါလူနာ ၁၁ ဦး စုစုပေါင်းဒေသခံပြည်သူ ၁၄၇၃ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၂၂၄ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း (OGDS) ၂၅ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း (Colonoscopy) လေးဦး၊ အဆစ်အတွင်းသို့ဆေးထိုး၍ ကုသမှုပေးသူ ငါးဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ၁၂ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၃၀၁ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၆၄၈ ဦး၊ Ultrasound ရိုက်ကူးခြင်း ၉၃ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း (ECG) ၃၁၃ ဦးနှင့် သွေးချိုဓာတ်(HbA1C)စစ်ဆေးခြင်း ၃၀ တို့ကို စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့သည်။

အဆိုပါခရီးစဉ်အတွက် ဒေသခံပြည်သူများကို ကြိုတင်အသိပေးကြေညာဆောင်ရွက်ခဲ့ခြင်း၊ ပြည်သူ့ဆေးရုံများ၊ ဌာနဆိုင်ရာများမှတစ်ဆင့် အသိပေးဆောင်ရွက်ခြင်းတို့ကြောင့် လာရောက်ပြသသောလူနာများတွင် ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ တနိုင်း၊ ပူတာအို၊ ဖားကန့်၊ ဆော့လော် အစရှိသည့် မြို့နယ်ပေါင်း ရှစ်မြို့နယ်အပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာနှင့် ရွှေဘိုမြို့နယ်တို့မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ လာရောက်ပြသခဲ့ကြပြီး လူနာများအနက် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ရောဂါဆိုင်ရာလူနာ တစ်ဦးနှင့် နှလုံးရောဂါဆိုင်ရာလူနာ နှစ်ဦးတို့ကို လိုအပ်သော စမ်းသပ်ကုသမှုများ ဆက်လက်ခံယူနိုင်စေရေး မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့အပြင် အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာထက်ထက်ခင် (ဆီးချိုနှင့် ဟော်မုန်း)က ဆီးချိုသွေးချိုရောဂါနှင့်ပတ်သက်၍ လူနာများကို အသိပညာပေးဟောပြောခြင်း၊ ပါမောက္ခ ဒေါက်တာရဲသူရိန် ပါမောက္ခ (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်)က ခွဲစိတ်ကုသလူနာဆောင်ရှိ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာလူနာများကို ကြည့်ရှုကုသပေးခဲ့သည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ကချင်ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီး(မြစ်ကြီးနား)၌ လာရောက်ပြသကုသမှုခံယူကြသော လူနာများအား ကြည့်ရှုအားပေးပြီး**(အပေါ်ပုံ)** သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်း၍ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားကာ ညစာအတူ သုံးဆောင်၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းသည် စက်တင်ဘာ ၂၂ ရက်တွင် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများအား မြို့မိမြို့ဖ၊ ဒေသခံများနှင့်အတူ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ပြီး အဆိုပါအထူးကုဆေးကုသရေးအစီအစဉ်တွင် ဒေသခံမြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကူညီဆောင်ရွက်ခဲ့သည်။

အထူးကုဆေးကုသရေးအဖွဲ့များသည် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သုံးကြိမ်နှင့် ပုသိမ်မြို့၊ တောင်ကြီးမြို့၊ မကွေးမြို့၊ ပြည်မြို့၊ မိတ္ထီလာမြို့၊ မြိတ်မြို့နှင့် မော်လမြိုင်မြို့တို့သို့ သွားရောက်၍ ဆေးကုသမှုများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အသက်အရွယ်အလိုက် ထိုးနှံရသည့် ကာကွယ်ဆေးများ ထိုးနှံရန် ကျန်ရှိသည့် အသက် (၅)နှစ်အောက် ကလေးများကိုလည်း Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ပြည်သူ့ဆေးရုံကြီး(မြစ်ကြီးနား) ကာကွယ်ဆေးထိုးစုရပ်၌ မြစ်ကြီးနားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖွဲ့က အသက်(၁)နှစ်မှ (၅)နှစ်အတွင်း ကာကွယ်ဆေးလုံးဝမရရှိသေးသည့် ကလေးများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် မရရှိသေးသည့် ကလေးများ စုစုပေါင်း ၇၈ ဦး၊ အသက် (၁)နှစ်အောက် ပုံမှန်ကာကွယ်ဆေးထိုးနှံရမည့် ကလေးများ စုစုပေါင်း ၁၂၃ ဦးတို့ကို အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများဖြစ်သည့် ပိုလီယို အစက်ချကာကွယ်ဆေး(bOPV)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး(IPV)၊ ဝက်သက်ဂျိုက်သိုးရောဂါ ကာကွယ်ဆေး (MR)၊ ငါးမျိုးစပ်ကာကွယ်ဆေး(Penta)များ ထိုးနှံ/တိုက်ကျွေးပေးခဲ့ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လာရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ပံ့ပိုးပေးခြင်း၊ ကာကွယ်ဆေးထိုးနှံမှုခံယူနေသည့်ကလေးများကို လက်ဆောင်ပေးဝေခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ 2023 Global Forum on Soil Health တက်ရောက်




နေပြည်တော် စက်တင်ဘာ ၂၄

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ရှန်စီးပြည်နယ် ရန်လင်းမြို့၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့မြေဆီလွှာကျန်းမာရေးဆွေးနွေးပွဲ 2023 Global Forum on Soil Health သို့ တက်ရောက်ခဲ့ကြသည်။

Soil Health Management နှင့်ပတ်သက်သည့် အတွေ့အကြုံများ ဖလှယ်ရန်နှင့် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်ရန်၊ နည်းပညာဆိုင်ရာများ ဖလှယ်နိုင်ရန်၊ စားနပ်ရိက္ခာဖူလုံခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာပြဿနာများဖြေရှင်းရန်၊ ပူးတွဲလုပ်ဆောင်ချက်များ အကောင်အထည်ဖော်ရန်၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၏ ၂၀၃၀ အစီအစဉ်အား အကောင်အထည်ဖော်ရန် ရည်ရွယ်၍ 2023 Global Forum on Soil Health ကို ကျင်းပခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မြန်မာ-တရုတ် နှစ်နိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများ၊ သီးနှံမျိုးဗီဇ အရင်းအမြစ်များ အပြန်အလှန်ဖလှယ်နိုင်ရေး၊ မြေဆီလွှာကျန်းမာရေး ကောင်းမွန်ရေးနည်းပညာနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် စပါးစိုက်ပျိုးသည့် မြေများ၏ မြေဆီလွှာကျန်းမာရေး တိုးတက်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံ သုတေသနနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာများ၊ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေး ဈေးကွက်ဖော်ဆောင်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများကိုဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၂၁ ရက်တွင် ရန်လင်းမြို့၌ ပြသထားရှိသော မြေဆီလွှာဖွံ့ဖြိုးရေးပြခန်းများ၊ ခေတ်မီစိုက်ပျိုးရေး လုပ်ငန်းများနှင့် ရှန်ဟဲ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများက ကျင်းပသည့် ကုန်စည်ပြပွဲတို့ကို သွားရောက်လေ့လာခဲ့ကြပြီး စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

*** အိန္ဒိယငရုတ်မျိုးမှ**

ပျိုးထောင်ပြီး ရက်ပေါင်း ၄၅ ရက်ရှိလျှင် ယာခင်း၊ ကိုင်းခင်းအတွင်း ရွှေ့ပြောင်းစိုက်ပျိုးကြကြောင်း၊ ငရုတ်မျိုးစေ့ပျိုးထောင်ရာတွင် အိတ်တစ်အိတ်လျှင် မျိုးစေ့(ပျိုး)တစ်စေ့နှုန်းဖြင့် ပျိုးထောင်ကြကာ အိန္ဒိယမှုနီ ငရုတ်မျိုးတစ်ထုပ်လျှင် မျိုးစေ့ ၁၀၀၀ ပါပြီး ကျပ် ၉၀၀၀ ပေးရကြောင်း၊ အိန္ဒိယပက်လက်ငရုတ်မျိုးတစ်ထုပ်လျှင် ကျပ် ၃၀၀၀ ပေးရပြီး မျိုးစေ့ ၄၀၀ ခန့်ပါကြောင်း၊ ယာထဲ၊ ကိုင်းကျွန်းအတွင်း ရွှေ့စိုက်ပြီးချိန် နှစ်လခွဲခန့်အကြာတွင် အပွင့်အသီးသီးကာ သုံးလခန့်တွင် ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

ယခုစိုက်ပျိုးထားသည့်မျိုးကို မိုးထောင်မျိုးဟု ခေါ်သေးကြောင်း၊ မြစ်ရေတင်ငရုတ်စိုက်တောင်သူများနှင့် မြေအောက်ရေတူးဖော်ကာ စိုက်ပျိုးသည့်ငရုတ်မျိုးသည် အပြွတ်လိုက်သီးကာ မိုးပေါ်ထောင်သီးကြောင်း၊ ငရုတ်သီးအမှည့်အစိုဈေးမှာ တစ်ပိဿာ ကျပ် ၁၀၀၀၀ ဖြင့်ရောင်းချရပြီး ငရုတ်နောက်ပိုင်းသီးကို မျိုးသီးအဖြစ် အမှည့်ထားကြသော်လည်း ဒုတိယမျိုးဆက်အသီးမှာ သေးငယ်ကာ ပထမမျိုးဆက်စိုက်သလောက် အသီးမသီးသောကြောင့် ငရုတ်သီးမှည့်မျိုးမယူကြဘဲ အမှည့်သာဆွတ်ခူးပြီး ရောင်းချကြကြောင်း၊ လက်ပံခြေပေါ်အုပ်စု ရွာသစ်ကုန်းကျေးရွာမှ ငရုတ်စိုက်တောင်သူ ဦးကျော်သူက ပြောသည်။

အဆိုပါ ငရုတ်စိုက်တောင်သူများသည် ငရုတ်သီးများ လှိုင်လှိုင်သီးချိန်သီတင်းကျွတ်လပြည့်ကျော်မှ နတ်တော်၊ ပြာသိုလထိ ငါးရက် တစ်ကြိမ်ခူးဆွတ်ရောင်းချရကြောင်း စိုက်ခင်းကျယ်ကျယ်သလို ငရုတ်အထွက်များကြောင်းသိရကာ ငရုတ်သီးခူးသမ တစ်ဦးလျှင် တစ်နေကုန် ကျပ် ၅၀၀၀ ပေးရကြောင်းနှင့် ထွက်ရှိလာသည့်ငရုတ်သီးများကို ပခုက္ကူဈေးကွက်၊ မြင်းခြံဈေးကွက်နှင့် ညောင်ဦးဈေးသို့ သွားရောက်ရောင်းချခြင်းနှင့် ငရုတ်သီးပွဲစားများရွာထိ လာရောက်ဝယ်ယူကြကြောင်း၊ ငရုတ်သီးတစ်ပိဿာလျှင်ကျပ်၄၀၀၀ ဈေးအောက်မကျရောက်နိုင်ကြောင်း၊ အတက်ဈေးသာရှိနိုင်ကြောင်းနှင့် ငရုတ်စိုက်တောင်သူများ လိုချင်သည့်ဈေးနှုန်းရရှိခြင်းကြောင့် ငရုတ်စိုက်ပျိုးတောင်သူများ အဆင်ပြေနေကြကြောင်း ဦးကျော်သူထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဂုဏ်ပြုဆောင်းပါး

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေး

ဒုတိယဆု

**သီတာအောင် (ဟိုတယ်၊ ခရီး)**

ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ စီးပွားရေးရာလုပ်ငန်းအဖြာဖြာတို့အနက် ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရိုးရာအစားအစာများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို ကမ္ဘာ့အလယ်မှာ အများကသိအောင် လုပ်ဆောင်ပေးနိုင်သော လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် နိုင်ငံခြားဝင်ငွေကိုလည်း ရှာဖွေပေးနေသောလုပ်ငန်းကြီးတစ်ခုဖြစ်ပါသည်။ အချို့နိုင်ငံများ (ဥပမာ-အိန္ဒိယ၊ အီဂျစ်) သည် ၎င်းတို့၏အဓိကဝင်ငွေကို ခရီးသွားလုပ်ငန်းမှရရှိပေရာ ၎င်းလုပ်ငန်းကို အစဉ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြံဆောင်အားထုတ်ကြပါသည်။ ထိုနည်းတူ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) သည်လည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းကို အစဉ်မြှင့်တင်ပေးရန်အတွက် ၁၉၈၀ ပြည့်နှစ်မှစတင်၍ စက်တင်ဘာလ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ်သတ်မှတ်ကာ နှစ်စဉ်ဦးတည်ချက်အသစ်နှင့် ဆောင်ပုဒ်အသစ်များ ချမှတ်၍ ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၄၃) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်ကာလတွင် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်ချက်များချမှတ်၍ ရင်းနှီးမြှုပ်နှံမှုများကို အဓိကဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် သတ်မှတ်ခဲ့ပါသည်။ ဤတွင် လူသားများ၊ ကမ္ဘာမြေနှင့် သာယာဝပြောရေးတို့အတွက် ပိုမိုကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ သမားရိုးကျနည်းလမ်းအတိုင်း မသွားဘဲ ဆန်းသစ်သောနည်းလမ်းများကို အသုံးပြုဆောင်ရွက်ကြရန်လိုအပ်ကြောင်းစသည်ဖြင့် ရင်းနှီးမြှုပ်နှံမှုများ၏အရေးပါပုံကို ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူများအားလုံး သိရှိသတိပြုမိစေရန် ရည်ရွယ်၍ ကျင်းပသွားမည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်မှာ “**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေး**”ဟူ၍ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအချက်များတွင် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုလုပ်ကိုင်ကြရန်နှင့် ထိုသို့ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာ၌ ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာမြေအပါအဝင် လူသားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သာယာဝပြောရေးတို့အတွက် အစိမ်းရောင်စီးပွားရေးစနစ်ကို ကျင့်သုံးရေးပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် လူသားများအတွက် ပညာရေးနှင့် ကျွမ်းကျင်မှုအရည်အသွေးရှိစေရန် ရင်းနှီးမြှုပ်နှံခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော အခြေခံအဆောက်အအုံများနှင့် အစိမ်းရောင်အသွင်ကူးပြောင်းရေးတို့တွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် သာယာဝပြောရေးအတွက် ဆန်းသစ်တီထွင်မှု၊ နည်းပညာနှင့် စွန့်ဦးတီထွင်မှုတို့တွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုပြုလုပ်ကြရန် ဆိုလိုခြင်းဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရန် ရေရှည်ရင်းနှီးမြှုပ်နှံမှုများလိုအပ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ခရီးသွားလုပ်ငန်းကဏ္ဍသည် ထိခိုက်မှုအများဆုံးဖြစ်ခဲ့ရပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၅ ဘီလီယံရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံသို့ ကျဆင်းသွားခဲ့ရကြောင်းနှင့် နောက်ဆက်တွဲအနေဖြင့် ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်များတွင် ခရီးသွားကဏ္ဍ၌ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုမှာ ၇၀ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ရကြောင်း UNWTO ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ သို့ရာတွင် ခိုင်မာအားကောင်းနေဆဲဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တစ်ခုမှာ ခရီးသွားလုပ်ငန်းကို အစပျိုးလုပ်ကိုင်ခြင်း (start-up) နှင့် နည်းပညာများတွင် ရင်းနှီးမြှုပ်နှံခြင်းတို့ဖြစ်ပြီး အစပျိုးလုပ်ကိုင်ခြင်းအဆင့်တွင် ခံနိုင်ရည်ရှိမှု၏အရေးပါပုံကိုလည်း UNWTO က မီးမောင်းထိုးပြထားပါသည်။

သို့ပါ၍ ပိုမိုကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုများကို ပစ်မှတ်အဖြစ်ထားရှိခြင်းသည် လူသားများအတွက် အခွင့်အလမ်းများရရှိစေရန်၊ ကြံ့ကြံ့ခံနိုင်သောစီးပွားရေးကို တည်ဆောက်ရန်၊ ရာသီဥတုဆိုင်ရာဆောင်ရွက်ချက်များကို အရှိန်မြှင့်တင်ရန်၊ ကမ္ဘာမြေအတွက် ပိုမိုကောင်းမွန်၍ ရေရှည်တည်တံ့ခိုင်မြဲသော ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ မဏ္ဍိုင်များပါဝင်သော ချမ်းသာကြွယ်ဝမှုအားလုံးကို မျှဝေနိုင်ရန်ဖြစ်ပါသည်။

ဤအကြောင်းရင်းများကြောင့် UNWTO သည် ၂၀၂၃ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုများကို ခရီးသွားကဏ္ဍအတွက် အဓိကဦးစားပေးအဖြစ် သတ်မှတ်ခဲ့ပြီး ၎င်း၏အဖွဲ့ဝင်နိုင်ငံများ၊ ခရီးစဉ်ဒေသများ၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ပေါင်းကူးတံတားအဖြစ် အကောင်းဆုံး ဆောင်ရွက်ပေးနေပါသည်။ UNWTO က ယခုနှစ်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ လူသားများတွင် ရင်းနှီးမြှုပ်နှံခြင်း (ပညာရေးနှင့် ကျွမ်းကျင်မှုအရည်အသွေး)၊ ကမ္ဘာမြေတွင် ရင်းနှီးမြှုပ်နှံခြင်း (ရေရှည်တည်တံ့ခိုင်မြဲသော အခြေခံအဆောက်အအုံများနှင့် အစိမ်းရောင် အသွင်ကူးပြောင်းရေးတွင် အရှိန်မြှင့်တင်ခြင်း) နှင့် သာယာဝပြောရေးတွင် ရင်းနှီးမြှုပ်နှံခြင်း (ဆန်းသစ်တီထွင်မှု၊ နည်းပညာနှင့် စွန့်ဦးတီထွင်မှု) များကို အောက်ပါအတိုင်း အလေးပေးဖော်ပြခဲ့ပါသည်-

**(က) ပညာရေးနှင့် ကျွမ်းကျင်မှုအရည်အသွေး မြင့်မားရေးအတွက် ဦးစားပေးရင်းနှီးမြှုပ်နှံခြင်း**

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ထိပ်တန်းအလုပ်အကိုင် ဖန်တီးပေးနိုင်မှုလုပ်ငန်းများ၌ တစ်ခုအပါအဝင်ဖြစ်ရာ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် အမျိုးသမီးနှင့်လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားပြီး လူ ၁၀ ဦးလျှင် တစ်ဦးအား အလုပ်အကိုင်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ကျေးလက်ဒေသများ၌ ခရီးသွားလုပ်ငန်းသည် အစဉ်အလာအရ အလုပ်အကိုင်အခွင့်အလမ်းရှားပါးသည့်အမျိုးသမီးများနှင့် ဒေသခံလူငယ်၊ လူရွယ်များကို အကျိုးကျေးဇူးများရရှိစေပါသည်။ သို့ရာတွင် ထွန်းသစ်စခရီးစဉ်ဒေသများတွင် ၅၀ ရာခိုင်နှုန်းသော လူငယ်များသည် ပညာသင်ယူရန်နှင့် လေ့ကျင့်သင်ကြားပေးမည့် အခွင့်အလမ်းများမရရှိနိုင်ခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်းမရှိပေ။ ထို့အပြင် မျက်မှောက်ကာလပညာရေးနှင့် လေ့ကျင့်ရန်အခွင့်အလမ်းများ သည်လည်း ဟိုတယ်စီမံခန့်ခွဲမှုအပိုင်းတွင်သာ အလေးထားကြသဖြင့် ဟန်ချက်ညီမှုမရှိပေ။ သို့ဖြစ်ပါ၍ ရှေ့သို့မျှော်ကြည့်ပါက တစ်ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်း၏ လုပ်သားအင်အားတွင် ဧည့်ဝန်ဆောင်မှုဖြင့် ဘွဲ့ရရှိသူများသည် ယခုအချိန်နှင့် ၂၀၃၀ ပြည့်နှစ်အကြား နှစ်စဉ် သန်းနှင့်ချီ၍ လိုအပ်လာမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ တစ်ဖန်ထပ်မံ၍ တစ်နှစ်လျှင် အလုပ်အကိုင်ပေါင်း ၈၀၀၀၀၀ သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထူးပြုသင်တန်းများ လိုအပ်လာမည်ဖြစ်ကြောင်း UNWTO ၏ ဖော်ပြချက်အရ သိရှိရပါသည်။

ဤအကြောင်းများကြောင့် ခရီးသွားလုပ်ငန်း၏ အခြေခံအုတ်မြစ်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များအတွက် ရင်းနှီးမြှုပ်နှံရန်လိုအပ်သဖြင့် ကျွန်ုပ်တို့၏ အနာဂတ်အတွက် လုပ်ငန်းများ လုပ်ဆောင်ရာတွင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို အဓိကထား၍ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းသည် လုံးဝပြိုလဲခဲ့ရသကဲ့သို့ မြန်မာ့ခရီးသွားလုပ်ငန်းသည်လည်း ၂၀၂၀ ပြည့်နှစ် ဧပြီလမှစ၍ ရပ်ဆိုင်းသွားခဲ့ရပါသည်။ ခရီးသွားလုပ်ငန်းများရပ်ဆိုင်းသွားသဖြင့် နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ဟိုတယ်များ၊ ခရီးသွားအေဂျင်စီများ၊ ဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များ စသည့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေသူများသည် အလုပ်လက်မဲ့ဖြစ်ခဲ့ကြရပါသည်။ အလုပ်လက်မဲ့ဖြစ်မှုကြောင့် စားဝတ်နေရေးအတွက် ဒုက္ခရောက်ကြရသော ဝန်ဆောင်မှုပေးသည့်လုပ်သားများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်သွားကြခြင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းအား ဝန်ဆောင်မှုပေးသည့် ကျွမ်းကျင်ဝန်ထမ်းများစွာ ဆုံးရှုံးခဲ့ရပါသည်။

ဤကဲ့သို့ ခရီးသွားကဏ္ဍတွင် လူသားအရင်းအမြစ်များဆုံးရှုံးသွားခြင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကို ပြန်လည်ဦးမော့လာစေရေးကြိုးပမ်းမှု၌ ကြီးမားသော စိန်ခေါ်မှုကြီးတစ်ရပ်အဖြစ် ရပ်တည်လာပါတော့သည်။ သို့ဖြစ်ပါ၍ မြန်မာ့ခရီးသွားကဏ္ဍတွင် ကျွမ်းကျင်ဝန်ထမ်းများ ပြန်လည်ဖြည့်ဆည်းရန် လုပ်သားများ၏ ဝန်ဆောင်မှုအရည်အသွေးများ ပြည့်ဝစေသည့်သင်တန်းများကို နိုင်ငံတကာမှချမှတ်ထားသည့် စံနှုန်းများနှင့်အညီ ဖွင့်လှစ်ပေးခြင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းစသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများပို့ချပေးနိုင်ရေး၊ သင်တန်းကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များတည်ထောင်ရေးတို့အတွက် မိတ်ဖက်အဖွဲ့အစည်းများရှာဖွေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်း၊ ပြည်ပမှ ဖိတ်ခေါ်၍ လူသားများအတွက် ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ရမည်ဖြစ်ပါသည်။ ဤကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် ခရီးသွားနယ်ပယ်၌ လက်တွေ့လုပ်ကိုင်နေကြသော အတွေ့အကြုံရှိသည့် ပုဂ္ဂလိကကဏ္ဍမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် လွန်စွာအရေးကြီးပါသည်။

**(ခ) ရေရှည်တည်တံ့ခိုင်မြဲသော အခြေခံအဆောက်အအုံများနှင့် အစိမ်းရောင်အသွင်ကူးပြောင်းရေးတွင် ရင်းနှီးမြှုပ်နှံခြင်း**

ခရီးသွားလုပ်ငန်းကဏ္ဍ၏ စိမ်းလန်းသော အသွင်ကူးပြောင်းမှုသည် ကမ္ဘာကြီးအတွက်သာမက

စာမျက်နှာ ၇ သို့ *




**“မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ASEAN ရှိ ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်မှာ ChatGPT Application ၏ အကူအညီကိုရယူ၍ မိမိတို့နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရမည်ဖြစ်ပေသည်။ ထို့အပြင် ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် စွန့်ဦးတီထွင်မှုများကို လုပ်ကိုင်သည့် MSME လုပ်ငန်းများကို ကောင်းစွာရှင်သန်နိုင်စေရန် နိုင်ငံတော်အနေဖြင့် မတည်ရင်းနှီးငွေနှင့် နည်းပညာအကူအညီပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း စသည့်ပံ့ပိုးမှုများကို ပေးခြင်းဖြင့် Tourism MSME များ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး အလုပ်အကိုင်များကိုလည်း အကာအကွယ်ပေးနိုင်မည်”**

✻ စာမျက်နှာ ၆ မှ

ခရီးသွားလုပ်ငန်းအတွက်ပါ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် ကြံ့ကြံ့ခံနိုင်ရည်ရှိစေရေးတို့အတွက် အလွန်လိုအပ်ပေရာ ခရီးသွားလုပ်ငန်းကဏ္ဍတွင် စိမ်းလန်းသောရင်းနှီးမြှုပ်နှံမှုများနှင့် ဆန်းသစ်တီထွင်မှုများသည် ဤအသွင်ကူးပြောင်းမှုကို အဓိကပံ့ပိုးပေးမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် စိမ်းလန်းသောအဆောက်အအုံများ၊ ပြန်လည်ပြုပြင်ခြင်းများနှင့်ပတ်သက်သည့် အခွင့်အလမ်းအမျိုးမျိုးကို ဖွင့်ပေးလိုက်ရာ ကမ္ဘာ့ဟိုတယ်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုပမာဏသည် တစ်နှစ်ထက်တစ်နှစ်တိုးတက်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၈ ဘီလီယံရှိခဲ့ကြောင်း UNWTO က ဖော်ပြခဲ့ပါသည်။

အနာဂတ်ကို မျှော်ကြည့်လိုက်ပါက ခတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန် ထွန်းသစ်စဈေးကွက်ရှိသည့်မြို့များ၏ စိမ်းလန်းသောအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်မှုသည် ၂၀၃၄ ခုနှစ်မတိုင်မီတွင် ဒေါ်လာ ၂၄ ဒသမ ၇ ထရီလီယံအထိ ရှိလာမည်ဖြစ်ပြီး ၎င်းပမာဏတွင် ဟိုတယ်များ၊ အပန်းဖြေစခန်းများနှင့် စားသောက်ဆိုင်များအတွက်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံ ပါဝင်မည်ဖြစ်ပါသည်။ ထို့အပြင် ဟိုတယ်များသည် စွမ်းအင်နှင့်ရေအလွန်အကျွံသုံးစွဲသူများအဖြစ်လည်း တွေ့ရှိရသဖြင့် ခရီးသွားလုပ်ငန်းသည် ကာဗွန်ဒိုင်အောက်ဆိုက် လျှော့ချသည့်နည်းပညာများ၊ နည်းလမ်းအသစ်များနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများလိုအပ်နေသည်ကို ကြုံတွေ့နေရပါသည်။ သို့သော် အခြေခံအဆောက်အအုံများသည် ဆယ်စုနှစ်များစွာကြာသည့်တိုင်အောင် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေပါသည်။

ထို့အတူ မြန်မာနိုင်ငံ၏ခရီးသွားဆိုင်ရာ အခြေခံအဆောက်အအုံများတွင် စိန်ခေါ်မှုများ ရှိနေပြီး ၎င်းစိန်ခေါ်မှုများသည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၁၃/ ၂၀၁၇) တွင် နိုင်ငံတော်အနေဖြင့် ဦးစားပေးမြှင့်တင်မည့်ကဏ္ဍများကို ဖော်ပြထားရာ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာကဏ္ဍတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) ဟိုတယ်နှင့် အပန်းဖြေစခန်းများ တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ
(၂) ခရီးသည်ပို့ဆောင်ရေးနှင့် ရှုခင်းကြည့်ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း
(၃) သဘာဝအခြေခံခရီးသွားလုပ်ငန်း

သို့ပါ၍ မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်အပန်းဖြေစခန်းများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဦးဆောင်သော Proposal Assessment Team သည် ရင်းနှီးမြှုပ်နှံလိုသူများမှတင်ပြသည့် Environmental Management Plan အပါအဝင် လိုအပ်သည့်အချက်များကို စစ်ဆေးပြီးမှ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ခွင့်ပြုပါသည်။ လုပ်ငန်းများလုပ်ကိုင်ရာတွင်လည်း ASEAN မှ ချမှတ်ထားသော စံနှုန်းများအတိုင်း ဟိုတယ်များ၏လိုက်နာဆောင်ရွက်မှုအပေါ် မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ASEAN မှ နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပသော ASEAN Green Hotel Award ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဆုရရှိရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် အသိပညာပေးဟောပြောမှုများ၊ နှိုးဆော်မှုများကို စဉ်ဆက်မပြတ်လုပ်ကိုင်၍ အစိမ်းရောင်စီးပွားရေးစနစ်ကို အားပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၂၁၅၇ ဘီလီယံဖြင့် လုပ်ငန်းအရေအတွက် ၂၀၉ ခုကို လုပ်ကိုင်နေပြီး ရာခိုင်နှုန်းအားဖြင့် နိုင်ငံတော်ရှိ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး၏ ၉ ဒသမ ၉၇ ရာခိုင်နှုန်းရှိကာ ၎င်းကာလတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၀၆ ဘီလီယံဖြင့် လုပ်ငန်းအရေအတွက် စုစုပေါင်း ၆၆ ခုကို လုပ်ကိုင်လျက်ရှိပြီး ရာခိုင်နှုန်းအားဖြင့် နိုင်ငံတော်ရှိ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး၏ ၃ ဒသမ ၇၈ ရာခိုင်နှုန်းဖြစ်ပါသည်။ နိုင်ငံတော်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရှိသည့်ကဏ္ဍ ၁၂ ခုအနက် ဟိုတယ်နှင့် ခရီးသွားကဏ္ဍသည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွင် အဆင့်(၅) နေရာတွင် ရပ်တည်နေပြီး နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုတွင် အဆင့် (၆) နေရာတွင် ရပ်တည်နေကြောင်း DICA ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

**(ဂ) ဆန်းသစ်တီထွင်မှု၊ နည်းပညာနှင့် စွန့်ဦးတီထွင်မှုတို့တွင် ရင်းနှီးမြှုပ်နှံခြင်း**

ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့် ဆန်းသစ်တီထွင်မှုအစီအစဉ်များသည် ခရီးသွားကဏ္ဍ၏ လုပ်သားအင်အားကို မြှင့်တင်ရန်အတွက် အရေးကြီးသည့် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများကို ပံ့ပိုးရန် မဟာဗျူဟာမြောက်ဦးစားပေးလုပ်ငန်းဖြစ်ကြောင်း၊ ထို့အပြင် တစ်ကမ္ဘာလုံးဆိုင်ရာ အထောက်အပံ့ပြုသောအစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံမှုအဆင့်ကို တိုးမြှင့်ရန်လိုအပ်နေပြီး စွန့်ဦးတီထွင်မှုများကို လှုံ့ဆော်ပေးရန်နှင့် ဆန်းသစ်တီထွင်မှုများအတွက် အခွင့်အလမ်းများဖန်တီးပေးခြင်းသည် ခရီးသွားကဏ္ဍတွင် အလွန်လိုအပ်နေကြောင်း UNWTO က ဖော်ပြခဲ့ပါသည်။

မြန်မာနိုင်ငံသည်လည်း ဒစ်ဂျစ်တယ်စီးပွားရေးစနစ်သို့ ပြောင်းလဲလျက်ရှိရာ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို နိုင်ငံတကာမီဒီယာများ၊ ကမ္ဘာ့ခရီးသွားဧည့်သည်များသိရှိစေရန်မှာ အချိန်ကုန်သက်သာပြီး ထိရောက်မှုရှိစေမည့် Online Platform ဖြစ်သည့် Instagram၊ Tik Tok စသည်တို့ကိုအသုံးပြု၍လည်းကောင်း၊ Influencer များ အသုံးပြု၍လည်းကောင်း၊ ခရီးသွားလုပ်ငန်းပြပွဲများ၊ကုန်စည်ပြပွဲများကို မိမိတို့နိုင်ငံတွင် ကျင်းပ၍လည်းကောင်း၊ နိုင်ငံတကာရှိ ခရီးသွားပြပွဲများတွင် ပါဝင်မှုကို ပိုမိုမြှင့်တင်၍လည်းကောင်း၊ ဝန်ကြီးဌာန၏ ခရီးသွားဆိုင်ရာ Digital Platform များကို နိုင်ငံတကာရှိ မြန်မာသံရုံးများမှ လွှင့်တင်ပေးခြင်းဖြင့်လည်းကောင်း ကြော်ငြာရမည်ဖြစ်ပေသည်။ သို့မှသာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ASEAN ရှိ ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်မှာ ChatGPT Application ၏ အကူအညီကိုရယူ၍ မိမိတို့နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရမည်ဖြစ်ပေသည်။ ထို့အပြင် ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် စွန့်ဦးတီထွင်မှုများကိုလုပ်ကိုင်သည့် MSME လုပ်ငန်းများကို ကောင်းစွာရှင်သန်နိုင်စေရန် နိုင်ငံတော်အနေဖြင့် မတည်ရင်းနှီးငွေနှင့် နည်းပညာအကူအညီပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း စသည့်ပံ့ပိုးမှုများကို ပေးခြင်းဖြင့် Tourism MSME များ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး အလုပ်အကိုင်များကိုလည်း အကာအကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအလွန်တွင် ကမ္ဘာ့နေရာအနှံ့အပြား၌ စီးပွားရေးအကျပ်အတည်းများကို ကျော်လွှားရန် ဈေးကွက်ပြိုင်ဆိုင်မှုများ ပြင်းထန်လာသကဲ့သို့ ဆန်းသစ်တီထွင်မှုများကိုလည်း အပြိုင်ပြုလုပ်လာကြောင်း တွေ့ရှိရပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့်လည်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့စေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်မှာ ဆန်းသစ်တီထွင်မှုများကို မဖြစ်မနေပြုလုပ်ရမည်သာဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုရာ မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတကာနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်မှုပေးထားသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ဤဥပဒေတွင် ရင်းနှီးမြှုပ်နှံသူများ၏ ခံစားခွင့်များနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူများအား ဆက်ဆံဆောင်ရွက်ခြင်း၊ မြေအသုံးပြုခွင့်၊ အမှုထမ်းများနှင့် အလုပ်သမားများ ခန့်ထားခြင်း၊ ရင်းနှီးမြှုပ်နှံမှုကို အာမခံခြင်း၊ ဘဏ္ဍာငွေများလွှဲပြောင်းခြင်းနှင့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်စသည့်အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဖော်ပြထားပါသည်။

နိုင်ငံတော်အနေဖြင့် ဤကဲ့သို့ ရင်းနှီးမြှုပ်နှံသူများအား ဥပဒေအရအကာအကွယ်ပေးထားမှုများကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလွယ်ကူစွာဆောင်ရွက်နိုင်ခြင်း (Ease of Doing Business ) ကိုလည်းကောင်း၊ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ သိရှိအောင် ကျွန်ုပ်တို့က ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် အခြားကဏ္ဍများအပေါ်တွင်လည်း များစွာသော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေရာ အပြန်အလှန်အားဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နေသည့် ဌာနများကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လျှပ်စစ်မီးလုံလောက်စွာရရှိရေး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်မှု ကောင်းမွန်ချောမွေ့စေရေး၊ နိုင်ငံတကာလေကြောင်းလိုင်းများ တိုက်ရိုက်တိုးချဲ့ပျံသန်းနိုင်ရေး၊ လေဆိပ်အဆောက်အအုံများ အဆင့်မြှင့်တင်ရေး၊ အများပြည်သူသုံး သန့်စင်ခန်းများ တည်ဆောက်ရေးတို့အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် Win-Win Solution ဖြင့် တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသောလုပ်ငန်းများလုပ်ကိုင်မည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့ အမှတ်(၂၂) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးထွန်းထွန်းဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များက စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် တတိယအကြိမ်မြောက် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် လွယ်တိန်ခမ်းတောင်ပေါ်ရှိ သဗ္ဗညုစုမ့်မိုင်းစေတီတော်ပရိဝုဏ်နှင့် ပတ်ဝန်းကျင်တို့အား သန့်ရှင်းသာယာလှပစေရန် တံမြက်စည်း လှဲကျင်းခြင်း၊ သဗ္ဗညုစုမ့်မိုင်းစေတီတော်ဘက်စုံပြုပြင်ရန် နဝကမ္မအလှူငွေ လှူဒါန်းခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

သက်ရှိကမ္ဘာရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်း(၆/၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြီးမှူးကျင်းပသည့် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်း (၆/၂၀၂၃) သင်တန်းဆင်းပွဲကို ယနေ့ညနေ ၄ နာရီတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ကောင်စီဝင်များနှင့် သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က သင်တန်းဆင်းအမှာစကားပြောကြားရာ ယခုသင်တန်းတွင် သတင်းမီဒီယာသမားတစ်ဦးအတွက် မရှိမဖြစ်လိုအပ်သော သတင်းရေးသားနည်း၊ သတင်းထောက်လှမ်းနည်း၊ သတင်း အနက်ကောက်နည်း စသည့် သတင်းမီဒီယာဆိုင်ရာ အကြောင်းအရာများ အပြင် သတင်းတည်းဖြတ်ခြင်းဆိုင်ရာ အယ်ဒီတာတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် အရည်အချင်းများ သတင်းနှင့်ဆက်စပ်သည့် အသိပညာပေးမှုဆိုင်ရာ အကြောင်းအရာများ၊ မြန်မာစာအရေးအဖွဲ့ဆိုင်ရာ အကြောင်းအရာများ၊ ဥပဒေဆိုင်ရာ အကြောင်းအရာများ စသည့် သိသင့်သိထိုက်သည်များကို သင်တန်းကာလအတွင်း ထိရောက်အောင်သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းဖွင့်စဉ်က မှာကြားခဲ့သကဲ့သို့ မိမိတို့လုပ်ငန်းခွင်တွင် ယခုသင်တန်းမှ ရရှိသောအတွေ့အကြုံများကို အသုံးချပြီး ထူးချွန်ထက်မြက်သော သတင်းသမားများဖြစ်အောင် ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံအတွက် အကျိုးပြုသည့်သတင်းမီဒီယာသမားများဖြစ်အောင် ဆက်လက်အားထုတ်သွားစေလိုကြောင်း မှာကြားခဲ့သည်။

ယခုသင်တန်းကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ထူးချွန်ဆုများအဖြစ်၊ သတင်းရေးသားနည်းထူးချွန်ဆု၊ မြန်မာကဗျာ ရေးသားနည်းထူးချွန်ဆု၊ ဥပဒေရေးရာဘာသာရပ် ထူးချွန်ဆု၊ လျှပ်တစ်ပြက်ကဗျာ ခေါင်းစဉ်တပ်ခြင်းထူးချွန်ဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက မှော်ဘီနှင့် လှည်းကူးမြို့နယ် အတွင်းရှိ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန် အတွင်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး စည်ပင်သာယာရေးဦးစီးဌာနမှ နွား ၁၇ ကောင် မွေးမြူထားရှိမှုကိုလည်းကောင်း၊ M–3 လမ်းမဘေးရှိ ဒူရင်းပင်နှင့် ယိုးဒယားအုန်းချိုမွေး ၁၅ ဧက စိုက်ပျိုးထားသည့် ပုဂ္ဂလိကစိုက်ပျိုးရေးခြံကို လည်းကောင်း၊ ဇုန်(၁)(စီ) – 6 လမ်းမဘေးရှိ ငုံးအကောင်ရေ နှစ်သောင်းခွဲနှုန်းဖြင့် ခြံလေးခြံတွင် အကောင်ရေတစ်သိန်း မွေးမြူရန်ပြင်ဆင်နေသည့် ပုဂ္ဂလိကငုံးခြံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားသည်။



ထို့နောက် ဇုန်(၂)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဇုန်(၁၊၂၊၃)တို့မှ ဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်နေသည့် မြေကွက်များ၊ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် မြေကွက်များ နှင့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ရှိလုပ်ကိုင်နေသော မြေကွက်များတွင် အမှန် တကယ်ပိုင်ရှင်များ စိုက်ပျိုးလုပ်ကိုင်နေခြင်းရှိ မရှိ ပြန်လည်စိစစ်ရန်၊ ဇုန်အတွင်း တရားမဝင်နေထိုင်သူ များကို ရွှေ့ပြောင်းနေရာချထားနိုင်ရေး စီစဉ်ဆောင်ရွက် ရန်၊ ရေသွင်းမြောင်း၊ ရေပေးမြောင်းများ ရေစီးဆင်းမှု အားကောင်းအောင် သက်ဆိုင်ရာဌာနမှဆောင်ရွက် ရန်၊ ခြံအရှေ့ပိုင်းများ သန့်ရှင်းသပ်ရပ်မှုရှိရေး တာဝန် ရှိသူများက ထိရောက်စွာဆောင်ရွက်ရန်၊ ဇုန်အတွင်း တန်ပိုကားများ ဝင်ရောက်မှုမရှိစေရေး ကြီးကြပ် ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင် အောင် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးရန်၊ ပိုင်ရှင်များအား ရာသီအလိုက် သီးနှံများ စိုက်ပျိုးကြရေး တွန်းအားပေးဆောင်ရွက် ကြရန်၊ ညောင်နှစ်ပင်ဇုန်ကြီးအား ရေရှည်တည်တံ့ ခိုင်မြဲသော စိုက်ပျိုးရေး၊ မွေးမြူရေး ဖြစ်ထွန်းနေသည့် ဇုန်အဖြစ် ဖော်ဆောင်သွားမည်ဖြစ်၍ တာဝန်ရှိသူ များ ပူးပေါင်းကာ လုပ်ငန်းများကို ကဏ္ဍအလိုက် စနစ် တကျ ကြီးကြပ်ဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇုန်(၂)ရှိ ပစိဖိတ်ဂလိုဘယ်လ်ကုမ္ပဏီမှ ကြက်သွန်နီ၊ ပဲ၊ ပြောင်း စိုက်ပျိုးရန် လုပ်ငန်းအကောင် အထည်ဖော် ဆောင်ရွက်နေမှုကိုလည်းကောင်း၊M–1 လမ်းမဘေးရှိ ပုဂ္ဂလိကဝက်အသားတိုး အကောင် ၃၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ M – 7 နှင့် C – 3 လမ်းဆုံ ရှိ အထယုကျေးရွာ ပုဂ္ဂလိကဘဲမွေးမြူ ရေးခြံတွင် ဘဲအကောင်ရေ ၆၅၀၀၀ မွေးမြူထားရှိမှုကို လည်းကောင်း၊ အင်ကြင်းမြိုင်လမ်းတွင် ရှစ်ရက်သား၊ ၁၄ ရက်သားနှင့်ကြီးထွားမှုအဆင့်အလိုက် ဘဲအကောင် ရေ တစ်ခြံလျှင်ရှစ်ထောင်ဖြင့် ကိုးခြံ မွေးမြူထားရှိမှု ကိုလည်းကောင်း ကြည့်ရှုအားပေးကာ လိုအပ်သည် များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပြည်မြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်း



ပြည် စက်တင်ဘာ ၂၄

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် စက်တင်ဘာ ၂၁ ရက်က ပြည်မြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စုပေါင်းသွေးလှူဒါန်းကြရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေး သည်။

သွေးလှူဒါန်းရာတွင် ပြည်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၃၃ ဦး၊ နတ်တလင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၆ ဦး၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ပြည်)မှ တပ်မတော်သား ၁၀ ဦး၊ အမှတ်(၁၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပြည်)မှတပ်ဖွဲ့ဝင် လေးဦး၊ သတင်းရဲတပ်ဖွဲ့ (ပြည်)မှ တပ်ဖွဲ့ဝင် ငါးဦး စုစုပေါင်း ၆၈ ဦးတို့က စုပေါင်း သွေးလှူဒါန်းကြသည်။ ယင်းလှူဒါန်းရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးကြပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား ထောက်ပံ့ ငွေကျပ် တစ်သောင်းစီနှင့် အားဖြည့်အစားအစာများ၊ ဆေးဝါး ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်အေး၊ မြို့နယ်စခန်းမှူး ဒုတိယရဲမှူး ဇင်ဟိန်းထွဋ် ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုရဲမေတို့ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက မြသိန်းတန်စေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ရဲတပ်ဖွဲ့မှ ခရိုင် ရဲတပ်ဖွဲ့မှူး ခေတ္တရဲမှူး မြင့်အောင် ဦးစီး၍ ဟုမ္မလင်းမြို့နယ် ရဲတပ်ဖွဲ့ဝင် ၆၃ ဦး၊ မိသားစုဝင် ၃၀ တို့ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်း က ဟုမ္မလင်းမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ လင်းလင်း(ပြန်/ဆက်)

# ဟသ်ာတခရိုင် / မြန်အောင်ခရိုင်အတွင်းရှိ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ ပူးပေါင်းစိစစ်ခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟသ်ာတ စက်တင်ဘာ ၂၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့် ပြုပြီးသည့် နိုင်ငံရေးပါတီများက ပေးပို့တင်ပြလာသည့် သတ်မှတ် ပါတီဝင် အင်အားစာရင်းများ မှန်ကန်မှုရှိ မရှိ၊ မြေပြင်တွင် အမှန်တကယ် နေထိုင်ခြင်းရှိ မရှိ တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန များ၊ သက်ဆိုင်ရာ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာ ဦးစီးဌာနများနှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့ ပူးပေါင်း၍ စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟသ်ာတ ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း က နိုင်ငံရေးပါတီများမှ တင်ပြ ထားသည့် သတ်မှတ် ပါတီဝင် အင်အားစာရင်းများ မှန်ကန်မှုရှိ မရှိ၊ မြေပြင်တွင် အမှန်တကယ် နေထိုင်ခြင်းရှိ မရှိတို့ကို သက်ဆိုင် ရာ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနနှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ ပူးပေါင်း၍ စိစစ်ခြင်း လုပ်ငန်းများကို သတ်မှတ်ကာလ အတွင်း ဆောင်ရွက်မည်ဖြစ်သဖြင့် သက်ဆိုင်ရာ ပါတီအသီးသီး၏ မြို့နယ်တာဝန်ခံများက ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဟသ်ာတခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အရာရှိနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းစိစစ်ခြင်း လုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်မည့် အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်း ဆွေးနွေးကြရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားနိုင်ငံရေးဒီမို ကရက်တစ်ပါတီနှင့် ကရင်ပြည်သူ့ ပါတီတို့မှ ပါတီဥက္ကဋ္ဌနှင့် အတွင်း ရေးမှူးများ၊ အလုပ်အမှုဆောင် များ၊ ဟသ်ာတခရိုင်၊ မြန်အောင် ခရိုင်နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ များမှတာဝန်ရှိသူများ တက်ရောက် ကြကြောင်း သိရသည်။

သတင်းစဉ်

# ချောင်းသာကမ်းခြေအပန်းဖြေခရီးသွားရောက်ခဲ့သည့် တပ်မတော်သားအရာရှိ၊ စစ်သည်များ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ စစ်သည်များအား တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ စက်တင်ဘာ ၁၉ ရက်တွင် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ အပန်းဖြေခရီးသွားရောက်ခဲ့ကြသည့် တပ်မတော်သားအရာရှိ၊ စစ်သည်များသည် ချောင်းသာကမ်းခြေရှိ ချောင်းသာအပန်းဖြေဧည့်ရိပ်သာမှ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြသည်။

ထိုသို့ စက်တင်ဘာ ၁၉ ရက်မှ ယနေ့အထိ ခြောက်ရက်ကြာ အနားယူအပန်းဖြေခရီး သွားရောက်ခဲ့ကြသည့် တပ်မတော်သားအရာရှိ၊ စစ်သည်များသည် ချောင်းသာကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်၌ ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



ထို့အတူ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၊ လောကနန္ဒာစေတီနှင့် ဆုတောင်းပြည့်အောင်စကြာ နီးဗုဒ္ဓရုပ်ရှင်တော်မြတ်ကြီး၊ ချောင်းသာမြို့ရှိ သဲဖြူကျွန်းရေလယ်ဘုရား၊ ဆုတောင်းပြည့်ဇမ္ဗူပတိရုပ်ပွားတော်၊ ဒီပါအေးမြမဟာ နဂါးရုံဘုရားနှင့် အနန္တဇိနလောကမာန်အောင် စေတီတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာမြို့ စကားဝါတောင် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်သို့ အလှူငွေများ လှူဒါန်းခြင်း၊ ချောင်းသာမြို့၏ ဒေသအစားအစာဖြစ်သည့် သရက်တော ထိုးမုန့်လုပ်ငန်းနှင့် ရွှေသာယာမြို့မဈေး၊ ကျောက်မောင်နှမကမ်းခြေ၊ ရွှေသောင်ယံမြို့ Sea & Lake ရှိ ကျောက်စိမ်းပြတိုက်၊ သစ်သားပန်းပုပြတိုက်၊ ဒီရေတောတံတား၊ ပုသိမ်မြို့ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းသမိုင်းပြခန်း၊ ရွှေမြင်းပျံ ပုသိမ်ဟာလဝါလုပ်ငန်းနှင့် ပုသိမ်ထီးလုပ်ငန်းစသည့် အထင်ကရနေရာများသို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ အနားယူအပန်းဖြေခရီးစဉ်သွားရောက်ခဲ့သည့် အရာရှိ၊ စစ်သည်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ တန်ခိုးကြီးဘုရားစေတီများ၊ အထင်ကရနေရာများ၏ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ အရာရှိ၊ စစ်သည်များအနေဖြင့် စိတ်လက်ပေါ့ပါးစွာဖြင့် ဒေသန္တရဗဟုသုတများကို လေ့လာခဲ့ကြပြီး ၎င်းတို့အတွက် လွန်စွာအကျိုးရှိသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်းနှင့် ယခုကဲ့သို့ အပန်းဖြေခရီးစဉ် သွားရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်အကြီးအကဲများကိုလည်း ကျေးဇူးအထူးတင်ရှိကာ စိတ်ခွန်အားများ ပိုမိုရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ စွမ်းရည်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများအား ဗိုလ်တထောင်မြို့နယ်၌ ထပ်ဆင့်ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အထက(၆) ဗိုလ်တထောင် အောင်ကျော်ခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီက ကျင်းပသော စွမ်းရည်ပြိုင်ပွဲများတွင် ဗိုလ်တထောင်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ မြို့နယ်ဂုဏ်ဆောင် ဝင်ရောက်ယှဉ်ပြိုင်သူများအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲ နာယက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်တို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ သဏ္ဍာန်တူစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သောတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခြင်း၊ စွမ်းရည်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ အကြိမ်(၅၀)မြောက် သွေးလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း၊ ပြိုင်ပွဲတွင် ဆုရရှိအောင် လေ့ကျင့် သင်ကြားပေးသော နည်းပြများ၊ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် လေ့ကျင့်ရန် ကျောင်းအဆောက်အအုံ အသုံးပြုခွင့်ပေးသော ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲတွင် အမှတ်ပေးဒိုင်အဖြစ်ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ပြိုင်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါဝင်ကူညီလှူဒါန်းပေးကြသည့် အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကိုယ်စား မောင်စိုင်းသူရက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြောင်းရဲတပ်ဖွဲ့စု(ပုသိမ်)မှ ရဲမှူးအောင်သက်နိုင် ဦးစီးရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၃ ရက်တွင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။

ခရိုင်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် ဖလမ်းမြို့၌ ဖလမ်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးနိုင် ဦးဆောင်မှုဖြင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့မရဲစခန်းမှအရာရှိ ခုနစ်ဦး၊ အခြားအဆင့် ၂၇ ဦးတို့က စက်တင်ဘာ ၂၃ ရက်တွင် ပြည်သူ့ဆေးရုံ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ရဲမြင့်အောင်

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွင်း/အပြင်ရှိ ချုံနွယ်မြက်ပင်များနှင့် အမှိုက်သရိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၃၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၃၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုဆောင်းပါး

# မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းဖြည့်ဆည်းပေးကြရမည့် သက်ကြီးရွယ်အိုများအခွင့်အရေး

ကြည်ထွန်း (လူမှု)

သက်ကြီးရွယ်အိုစောင့်ရှောက်ရေး တစ်နည်းအားဖြင့် သက်ကြီးရွယ်အိုများအခွင့်အရေးကို ကုလသမဂ္ဂအဖွဲ့ကြီးက လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်ကပင် စတင်အာရုံစိုက်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ဒုတိယအကြိမ် ကမ္ဘာ့သက်ကြီးရွယ်အိုညီလာခံများ ကျင်းပကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၄၅/ ၁၀၆ ဖြင့် နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့ကို **အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့**ဟု ဂုဏ်ပြုသတ်မှတ်ပေးသည်။ ၁၉၉၁ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက် ၄၆/ ၉၁ ဖြင့် **သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူ**ငါးရပ်ကို ချမှတ်ပေးခဲ့သည်။ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၁၉၉၇/၁၈) ဖြင့် ၁၉၉၉ ခုနှစ်ကို **အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနှစ်**ဟု သတ်မှတ်ပေးခဲ့သည်။ ကုလသမဂ္ဂက နှစ်စဉ်နှစ်တိုင်း ဦးတည်ချက်ဆောင်ပုဒ်များ ချမှတ်ပေးလေ့ရှိရာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများစွာတို့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများ၊ အခမ်းအနားများကို ကျင်းပကြမြဲဖြစ်သည်။

### ၂၀၂၃ ခုနှစ်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ဦးတည်ချက်

၂၀၁၉ ခုနှစ် World Population Ageing ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင်အသက် (၆၅) နှစ်နှင့်အထက် လူဦးရေသန်းပေါင်း ၇၀၀ ကျော်ရှိနေပြီး ၂၀၅၀ ပြည့်နှစ်ရောက်ပါက ၁ ဒသမ ၅ ဘီလီယံအထိ တိုးမြှင့်ရောက်ရှိကာ လူခြောက်ဦးတွင် တစ်ဦးမှာ သက်ကြီးရွယ်အိုဖြစ်လာမည်ဟု ခန့်မှန်းထားသည်။ ဒုတိယအကြိမ် ကမ္ဘာ့သက်ကြီးရွယ်အိုများဆိုင်ရာညီလာခံက သက်ကြီးရွယ်အိုများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာရေး၊ ၎င်းတို့ကို ကူညီစောင့်ရှောက်ပေးမည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းရေးဟူသည့် လုပ်ငန်းအစီအစဉ်များကို ကမ္ဘာ့နိုင်ငံအသီးသီး၌ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ချမှတ်ထားပြီးဖြစ်သည်။ သို့ရာတွင် ဆယ်စုနှစ် နှစ်ခုကျော်လာသည့်တိုင် သိသာထင်ရှားစွာ တိုးတက်မှု ရှိမလာခဲ့ပေ။ ခေတ်စနစ်များ ပြောင်းလဲလာသည်နှင့်အမျှ မျိုးဆက်သစ် သားသမီး၊ မြေးမြစ်များက သက်ကြီးရွယ်အိုမိဘဘိုးဘွားများအပေါ် တာဝန်ယူစောင့်ရှောက်မှုများ ပေါ့လျော့ပျက်ယွင်းလာသည်။ ထို့အပြင် အမျိုးမျိုးသော ပစ်ပယ်ခွဲခြားဆက်ဆံမှုနှင့် တန်းတူညီမျှမရှိမှုများက သက်ကြီးရွယ်အိုတို့၏ ဂုဏ်သိက္ခာ၊ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့ကိုပါ ခြိမ်းခြောက်မှုများရှိလာပြီ။



သက်ကြီးရွယ်အိုတို့၏ နေ့စဉ်လူမှုဘဝတွင် ခွဲခြားဆက်ဆံခံရခြင်း၊ ပူးပေါင်းပါဝင်ခွင့်မရခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခွင့်မရခြင်း၊ သတင်းအချက်အလက်များ မရရှိခြင်း၊ တန်းတူညီမျှမှု မရှိခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မရှိခြင်း စသည့်အခြေခံလူ့အခွင့်အရေးများ၊ ထိပါးစော်ကားခံရမှုများ ကမ္ဘာတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိနေသည်မှာ ရတက်မအေးဖွယ် ဖြစ်လာရသည်။ ထို့ကြောင့် ကုလသမဂ္ဂက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ၇၅ နှစ်ပြည့် စိန်ရတုအခါသမယနှင့်တိုက်ဆိုင်၍ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဦးတည်ဆောင်ပုဒ်ကို “Fulfilling The Promises of The Universal Declaration of Human Rights For Older Persons: Across Generations”ဟု သတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။ ခေတ်အဆက်ဆက် သက်ကြီးရွယ်အိုများ ရရှိခံစားခွင့်ရှိသည့် အခြေခံအခွင့်အရေးများကို မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းဖြည့်ဆည်းပေးရန် တာဝန်ရှိမှုကို ဤဆောင်ပုဒ်က မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။

### စောင့်ထိန်းရမည့်ကျင့်ဝတ်များလစ်ဟင်းလာ

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ်အိုတိုးပွားမှုနှုန်း မြင့်မားလာပြီဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး၌ သက်ကြီးရွယ်အိုဦးရေ ၄ ဒသမ ၅ သန်းခန့် ရှိလာပြီဖြစ်ရာ မြန်မာ့လူဦးရေ ၅၄ သန်းကျော်နှင့်တွက်ချင့်လျက် မြန်မာ ၁၂ ဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုစာရင်းဝင် ဖြစ်လာသည်။ ရှောင်လွှဲ၍မရနိုင်သော လူဦးရေအချိုးအစားပြောင်းလဲမှုက သက်ကြီးရွယ်အိုများကို စိန်ခေါ်စပြုလာသည်။ ရှေးကကဲ့သို့ မျိုးဆက်တစ်ခုထက်မက လက်ရည်တစ်ပြင်တည်း နေထိုင်ကြသော မိသားစုများ နည်းပါးလာသည်။ “ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား”ဟူသည့် မြန်မာဆိုရိုးစကားကို မျက်ကွယ်ပြုလာကြသည်။ စောင့်ထိန်းရမည့် “မိဘကျင့်ဝတ်”၊ “သားသမီးကျင့်ဝတ်”များ ယွင်းပျက်လာကြသည်။ “အစ်ကိုကြီးအဖအရာ၊ အစ်မကြီးအမိအရာ” ဆိုသည့်အတိုင်း ညီငယ်၊ ညီမငယ်တို့က အစ်ကိုကြီး၊ အစ်မကြီးတို့ကို မိဘသဖွယ် လေးစားကြရသကဲ့သို့ အစ်ကိုကြီး၊ အစ်မကြီးများကလည်း ညီငယ်၊ ညီမငယ်တို့ကို သားသမီးသဖွယ် ကာကွယ်စောင့်ရှောက်ကြရမည့် ဝတ္တရားများလည်း ပေါ့လျော့လစ်ဟင်းမှုများရှိလာသည်။

မျက်မှောက်ခေတ်တွင် မျိုးဆက်သစ်လူငယ်လူရွယ်များသည် နိုင်ငံတကာဆက်စပ်ယှက်နွယ် ပြောင်းလဲမှုဖြစ်စဉ်တွင် မလွှဲမရှောင်သာ လိုက်ပါစီးမျောနေကြရသည်။ လူငယ်အချို့မှာ ယဉ်ကျေးမှုကူးလူးယှက်နွယ်မှုတွင် အကောင်းကို အတုမယူ၊ အဆိုးကို အတုယူမှားခြင်းကြောင့် ခေတ်ရေစီးကြောင်းနှင့် လိုက်ပါခြင်းမဟုတ်ဘဲ ခေတ်ရေဆိုးမြောင်းအတွင်း လိမ့်ကျမျောပါလျက်ရှိကြသည်။ ထိုထိုသော လူငယ်လူရွယ်များအပေါ် အားထားယုံကြည်မှီခိုနေရသော ဘိုးဘွားမိဘ သက်ကြီးရွယ်အိုအချို့မှာ နှလုံးစိတ်ဝမ်းမချမ်းမြေ့ဖွယ်အဖြစ်ဆိုးများနှင့် ကြုံတွေ့နေကြရသည်။ အဆိုပါ ဝဲဩဃသံသရာအတွင်း၌ ယခုထက်ပို၍ မနစ်မွန်းစေရန်၊ ဝိုင်းဝန်းတည့်မတ်ပြုပြင်ပေးရန် အားလုံးတွင် တာဝန်ရှိပါသည်။ ယဉ်ကျေးလိမ္မာမျိုးမြန်မာတို့ များစွာထွက်ပေါ်လာမှသာလျှင် နိုင်ငံတော်၏ အနာဂတ်အရေး စိတ်အေးရပါမည်။

### မြန်မာနိုင်ငံသက်ကြီးရွယ်အိုစောင့်ရှောက်ရေး

မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ မျက်မှောက်ခေတ်တိုင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို အစဉ်အဆက် လက်ဆင့်ကမ်းဆောင်ရွက်ခဲ့သောနိုင်ငံဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံလည်းဖြစ်၊ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံလည်းဖြစ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည့်အားလျော်စွာ ၁၉၉၉ ခုနှစ် နောက်ပိုင်းမှစ၍ မူဝါဒအသစ်များချမှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် မေလတွင် အာရှ-ပစိဖိတ်ဒေသ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် **“လူမှုရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာညီလာခံ”** တစ်ရပ်ကို နေပြည်တော်၌ ကျင်းပခဲ့သည်။ **“သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်း”**ကို ၂၀၁၄ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ သက်ကြီးရွယ်အိုများကို လူမှုရေးပင်စင်ပေးအပ်ရေးနှင့် သက်ကြီးသူချင်း ကူညီစောင့်ရှောက်အဖွဲ့များကို ထောက်ပံ့ရေးဟူသည့် လုပ်ငန်းများပါရှိသော **“မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်”**ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း စတင်ချမှတ်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ အသက် (၁၀၀) နှင့်အထက် သက်ကြီးဝါကြီး ဘိုးဘွား ၁၁၇၉ ဦးကို ကျပ်နှစ်သိန်းစီ ထောက်ပံ့ခြင်းမှအစပြု၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များတွင် အသက် (၉၀)နှင့်အထက် ဘိုးဘွားများကို နှစ်စဉ်ထောက်ပံ့မှုများ ပြုနိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ “လူမှုရေးပင်စင်” အဖြစ် အသက် (၉၀)နှင့်အထက် သက်ကြီးရွယ်အိုတစ်ဦးလျှင် လစဉ်ကျပ်တစ်သောင်းနှုန်း ထောက်ပံ့ပေးခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သစ်အစ အောက်တိုဘာလမှစ၍ အသက် (၈၅) နှစ်သို့ ပြောင်းလဲလျှော့ချကာ ဆက်လက်ထောက်ပံ့မှုပြုခဲ့ရာ ၂၀၂၃ ခုနှစ်တွင် အကျိုးခံစားခွင့်ရရှိသူ ၂၃၂၇၀၃ ဦး ရှိပြီဟု သိရသည်။ အသက် (၆၀) ပြည့်သော်လည်း နိုင်ငံ့တာဝန်များကို ဆက်လက်ထမ်းဆောင်လိုသော သက်ကြီးရွယ်အိုများ ပင်စင်ယူရမည့်အသက်ကို ၂၀၂၁ ခုနှစ်မှစ၍ (၆၂) နှစ်အထိ တိုးမြှင့်သတ်မှတ်ပေးခြင်းကြောင့် သက်ကြီးရွယ်အိုများတွင် ကျန်ရှိနေသေးသော စွမ်းပကားကို ဖော်ထုတ်ပြသခွင့်ရရှိနေကြပြီဖြစ်သည်။

သက်ကြီးရွယ်အိုများ၏ ရင်တွင်းစကားကို စာနာဆပွား အလေးထားနိုင်ရန်ရည်ရွယ်၍ **“သက်ကြီးပုဂ္ဂိုလ်များ တွေ့ဆုံနှီးနှောခြင်း အလုပ်ရုံဆွေးနွေးပွဲ”** တစ်ရပ်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ တက်ရောက်လာသော ဘိုးဘွားများက အုပ်စုများခွဲ၍ ဘိုးဘွားများနှင့်ပတ်သက်သည့် စောင့်ရှောက်မှုအစီအစဉ်များ၊ သက်ကြီးဖြစ်စဉ်နှင့် စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးရမည့်အချက်များ၊ ဖြစ်ပွားတတ်သည့်ရောဂါများမှ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရမည့်အချက်များ၊ ပုံမှန်ဝင်ငွေ၊ စားသောက်နေထိုင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး အသင်းအဖွဲ့များတွင် **စာမျက်နှာ ၁၁ သို့** ✧

> **“ဘိုးဘွားမိဘများက ၎င်းတို့၏ကလေးများကို ပန်းလိုစိုက်ပျိုး၊ ပိုးလိုမွေးမြူခဲ့ကြသည်။ ထိုက်သင့်သော ကလေးသူငယ်၊ လူငယ်အခွင့်အရေးများအားလုံးကိုလည်း အတတ်နိုင်ဆုံးဖြည့်ဆည်းပေးခဲ့ကြသည်။ သူတို့ကြောင့်လည်း လူတစ်လုံးသူတစ်လုံးဖြစ်လာရသည်။ ယခုမိမိတို့က ပြန်လည်ပေးဆပ်ရမည့်အလှည့်သို့ ရောက်ရှိလာပြီ။ မိမိတို့ကိုယ်တိုင်က ဘိုးဘွားမိဘ သက်ကြီးရွယ်အိုများအပေါ် စာနာဆပွားအလေးထားမှသာ မိမိတို့က မွေးဖွားလာသော မျိုးဆက်သစ်ကလေးများကလည်း အတုမြင်အတတ်သင်ဆိုသလို စံနမူနာယူကြမည်ဖြစ်သည်။ သို့ဖြစ်၍ သက်ကြီးရွယ်အိုများ ရရှိခံစားအပ်သောအခွင့်အရေးများကို မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းဖြည့်ဆည်းပေးခြင်းဖြင့် သာယာချမ်းမြေ့ဖွယ်သော မြန်မာ့လူ့ဘောင်ကို အလှဆင်ဖန်တီးပေးကြပါစို့”**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု



**သာယာဝတီ စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် ရောကျော်ဆန်စက်သို့ ရောက်ရှိပြီး စွန့်ပစ်စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်(Gasifier) ကီလိုဝပ် ၃၅၀ ဖြင့် တစ်ရက်လျှင် တန် ၁၂၀ ကျ ဆန်စက် လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဆိုးထုတ်စနစ်များ ကောင်းမွန်စေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ထွက်ရှိလာသည့် စပါးခွံဖွဲများအား လောင်စာတောင့်များ ထုတ်လုပ်သွားရန်နှင့် ဆန်ကြိတ်ခွဲရာမှ ထွက်ရှိလာသည့် ဆန်ကွဲနှင့် ဖွဲနုများအား တိရစ္ဆာန်အစာဖြစ် အသုံးပြုနိုင်ရေး မွေးမြူရေး လုပ်ငန်းရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက်ရှိ "တင့်တင့်" ကရေကရာမုန့် လုပ်ငန်းသို့ ရောက်ရှိပြီး မုန့်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကာ ထုပ်ပိုးမှုစနစ်များ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေး၊ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ တာရှည်ခံဓာတုဆေးဝါးများမသုံးစွဲစေရေး၊ ထုတ်ကုန်များ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေး လိုအပ်သည့် စက်ပစ္စည်းများ ဝယ်ယူရန် ချေးငွေရရှိနိုင်ရေး စိစစ်တင်ပြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**လမ်းညွှန်မှာကြား**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာ အုပ်စု တောင်သူ ဒေါ်ကြူကြူဝင်း ၏ ကြခင်းစနစ်၊ တိုက်ရိုက်အစေ့ချစနစ်နှင့် ပျိုးထောင်စိုက်စနစ်တို့ဖြင့် စိုက်ပျိုးထားရှိသော မိုးစပါး စိုက်နည်းစနစ် ယှဉ်ပြိုင်ခြင်း စမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးပြီး စိုက်နည်းစနစ် ယှဉ်ပြိုင်ခြင်း စိုက်ခင်းများသည် စိုက်ပျိုးထားရှိရုံဖြင့်မရဘဲ ဒေသခံတောင်သူများအား ခေါ်ယူပြသခြင်း၊ အသိပညာပေးခြင်း၊ ရိတ်သိမ်းချိန်တွင်လည်း ဒေသခံတောင်သူများအား ခေါ်ယူ၍ စိုက်နည်းစနစ်အလိုက် စပါးအထွက်နှုန်းကို လက်တွေ့သိရှိစေရန်နှင့် စပါးတွင်ကျရောက်တတ်သည့်ရောဂါနှင့် အဖျက်ပိုးများ နှိမ်နင်းခြင်းအား ခွဲခြားသင်ကြားပေးနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် မကျီးချောင်းကျေးရွာရှိ ဦးမင်းမင်းထွန်း၏ အသားစားကြက်ကောင်ရေ ၂၄၀၀၀ မွေးမြူထားသည့် အဆင့်မြင့်ကြက်ခြံသို့ ရောက်ရှိပြီး ဒေသတွင်း အသားစားသုံးမှု ဖူလုံပိုလျှံစေရေး တိုးချဲ့မွေးမြူရန်နှင့် ဥစားကြက်၊ ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ မွေးမြူရေးခြံအတွင်း မြေလပ်မရှိ ဈေးကွက်ဝင် သီးပင်/စားပင်များ စိုက်ပျိုးသွားရန်နှင့် လျှပ်စစ်မီးလိုအပ်ချက်အပေါ် ဆိုလာစနစ်ဖြင့် အသုံးပြုနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ရန်ကုန်တိုင်းဒေသကြီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၄**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကရင်၊ ဗိုမီး(ချင်း)၊ ဥပ်ပူး(ချင်း)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ကိုးကန့် စသည့် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ တွေ့ဆုံသည်။

**ရှင်းလင်းဆွေးနွေး**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာဖြင့် အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်သွားရေး၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ ဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးသည့် (၈)နှစ်ပြည့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အသင်းအဖွဲ့မှတ်ပုံတင်ရေးဥပဒေအရ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်နေမှုများနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ တာဝန်ရှိသူများက လိုအပ်ချက်နှင့် ကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း ရေပန်းအလှတပ်ဆင်ခြင်း၊ သမင်ခြံနေရာတွင် ဝက်ပါပတ်လမ်း၊ ဝါးရုံတော လျှောက်လမ်းများ ဆောင်ရွက်နေမှု၊ တိုင်းရင်းသားရိုးရာအိမ်များ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆိပ်ခံဇောတံတား ဆောင်ရွက်ပြီးစီးမှုနှင့် ဝင်ကြေးကောက်ခံရရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းအားလုံး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရန်၊ နိုင်ငံတော်ဘဏ္ဍာငွေ သုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ သုံးစွဲကြရန်၊ ဝန်ထမ်းအားလုံး စည်းစည်းလုံးလုံးဖြင့် လုပ်ငန်းတိုးတက်အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် လျှပ်စစ်မီးချွေတာသုံးစွဲကြရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်သားမြို့၌ ပန်းလောင်မြစ်အတွင်း ငါးသယံဇာတ ပေါများစေရေး ငါးမျိုးများ စိုက်ထည့်ပေး

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ငါးရိက္ခာကို ဒေသနေပြည်သူများ ဖမ်းယူစားသုံးနိုင်ရေးတို့အတွက် ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက မြစ်သားမြို့နယ် ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက နွားကူးကြီးကျေးရွာအနီး ပန်းလောင်မြစ်အနီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဝင်း၊ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ နှစ်သိန်း၊ ငါးခုံးမကြီးကောင်ရေ ၁၃၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၃၃၀၀၀၀ ကို ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✧ စာမျက်နှာ ၁၀ မှ

ပါဝင်ဆောင်ရွက်ခွင့် စသည့်ခေါင်းစဉ်များကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်အတူ ဆွေးနွေးခဲ့ကြသည်။ ဤကဲ့သို့သော ဆွေးနွေးပွဲများကို အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို သိမြင်နားလည်ကာ ဆောင်ရွက်ဖွယ်ရာအဖြာဖြာတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပေသည်။

**လုလင်ငယ်သွေးအားမာန်မွေး**

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း အစီရင်ခံစာအရ ၁၆ ဒသမ ၈၉ သန်းမှာ အသက် (၁၅) နှစ်မှ (၃၄) နှစ်အရွယ်ရှိ မျိုးဆက်သစ်လူငယ်များ ဖြစ်ကြသည်။ နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်အင်အားရှိသော လုလင်ငယ်သွေးတို့က အားမာန်အပြည့်မွေး၍ နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်း တာဝန်ယူကြရတော့မည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်နှင့် ဘိုးဘွားမိဘများက အားကိုးအားထားပြုနိုင်လောက်အောင် အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဟူသည့်ဗလငါးတန် ပြည့်စုံရေးမှာ လွန်စွာအရေးကြီးလှသည်။ သို့မှသာ "သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ"၊ "မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် သားသမီးမြေးတို့၏ တာဝန်များ"ကို ယနေ့ခေတ်လူငယ်များ ပိုမိုသိမြင်နားလည်နိုင်ကြမည်ဖြစ်ပါသည်။

**လက်ဆင့်ကမ်းဖြည့်ဆည်းပေးကြစို့**

ဘိုးဘွားမိဘများက ၎င်းတို့၏ ကလေးများကို ပန်းလိုစိုက်ပျိုး၊ ပိုးလိုမွေးမြူခဲ့ကြသည်။ ထိုက်သင့်သော ကလေးသူငယ်၊ လူငယ်အခွင့်အရေးများ အားလုံးကိုလည်း အတတ်နိုင်ဆုံးဖြည့်ဆည်းပေးခဲ့ကြသည်။ သူတို့ကြောင့်လည်း လူတစ်လုံး သူတစ်လုံး ဖြစ်လာရသည်။ ယခုမိမိတို့က ပြန်လည်ပေးဆပ်ရမည့်အလှည့်သို့ ရောက်ရှိလာပြီ။ မိမိတို့ကိုယ်တိုင်က ဘိုးဘွားမိဘ သက်ကြီးရွယ်အိုများအပေါ် စာနာဆပ္ပာအလေးထားမှသာ မိမိတို့က မွေးဖွားလာသော မျိုးဆက်သစ်ကလေးများကလည်း အတုမြင်အတတ်သင်ဆိုသလို စံနမူနာယူကြမည်ဖြစ်သည်။ သို့ဖြစ်၍ သက်ကြီးရွယ်အိုများ ရရှိခံစားအပ်သောအခွင့်အရေးများကို မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းဖြည့်ဆည်းပေးခြင်းဖြင့် သာယာချမ်းမြေ့ဖွယ်သော မြန်မာ့လူ့ဘောင်ကို အလှဆင်ဖန်တီးပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❖ မိုးကြီးခြင်းမှ

အကြံပြုချက်

သို့ဖြစ်ပါ၍ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်နှင့် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်တို့ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

❂ **အာရှအားကစားပြိုင်ပွဲမှ**

အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲကို အုပ်စု ငါးခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးသုံးသင်း စုစုပေါင်း ရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် လက်ကျန်နှစ်ပွဲစလုံး ရလဒ်ကောင်းမှသာ နောက်တစ်ဆင့် တက်ရောက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ **ကိုညီလေး**

# (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာကျောင်းများသို့ အသိပညာပေးပြခန်းယာဉ်များဖြင့် လိုက်လံပြသ

ကော့သောင်း စက်တင်ဘာ ၂၄

(၅၉)နှစ် မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းရှိ ခရိုင်ရဲတပ်ဖွဲ့မှူး ရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ အမှတ်(၃၄) မူးယစ်တပ်ဖွဲ့၊ အမှတ်(၁၆)သတင်းရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၃)မှုခင်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်လုံခြုံရေးရဲတပ်ဖွဲ့နှင့် အမှတ် (၇၅)ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက် ၈ နာရီခွဲက ကော့သောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ မှုခင်းကြိုတင်ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ၊ လူကုန်ကူးခံရမှုမရှိစေရေးနှင့် အလုပ်သမားခေါင်းပုံဖြတ်မခံရစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်မှုများနှင့်ပတ်သက်၍ အသိပညာပေးပြခန်းယာဉ်များဖြင့် လိုက်လံပြသခဲ့ကြကြောင်း သိရသည်။

ထို့နောက် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ မူးယစ်ဆေးဝါးပပျောက်ရေး အသိပညာပေးယာဉ် သုံးစီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ အသိပညာပေးယာဉ် တစ်စီး၊ အမှတ်(၃၄)မူးယစ်တပ်ဖွဲ့မှ အသိပညာပေးယာဉ် တစ်စီး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အသိပညာပေးယာဉ်တစ်စီး၊ အမှတ်(၇၅)ယာဉ်ထိန်းရဲတပ်ဖွဲ့မှအသိပညာပေးယာဉ်တစ်စီးတို့ဖြင့် လိုက်လံလှည့်လည်ပြသရာ တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ တိုင်းဒေသကြီးအတွင်းရေးမှူး ဦးခင်မောင်ချို၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်၊ စစ်ဗျူဟာမှူး (အခြေချ) (ကော့သောင်း) ဗိုလ်မှူးကြီးအောင်သက်ဦးတို့ လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

# မိုင်းဆတ်မြို့နယ် သဗ္ဗညုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

မိုင်းဆတ် စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့မွန်းလွဲ ၂ နာရီက သဗ္ဗညုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအားလွန်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုင်းဆတ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် Grade-11 ကျောင်းသူ မဘူးစောက "ကျန်းမာပျော်ရွှင် ပညာသင်"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-9 ကျောင်းသား မောင်မင်းကိုက "ပညာပြည့်ဝ အနာဂတ်အလှ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသူ မဟဲမေက "စည်းလုံးညီညာအောင်ကြောင်းဖြာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသား မောင်မောင်ဦးက "လူငယ်ပညာရေးနှင့် အားကစား " ခေါင်းစဉ်ဖြင့်လည်းကောင်း ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းရာ ဦးဆောင်ဆွေးနွေးခဲ့သည့် ကျောင်းသား ကျောင်းသူများက မေးမြန်းချက်များအပေါ် ပြန်လည်ဆွေးနွေးဖြေကြားခဲ့ပြီး လူငယ်စကားဝိုင်းတွင် မေးမြန်းဆွေးနွေးသူများနှင့် ဦးဆောင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအားလွန်နှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မီမီဟန်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး နံရံကပ်စာစောင်၊ အမျိုးသမီးအကြမ်းဖက်မှုပပျောက်ရေး နံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။



**လင်းထင်ကျော် (မိုင်းဆတ်)**

# ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ငရုတ်ကောင်း စက်တင်ဘာ ၂၄**

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ငရုတ်ကောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းရွှေရတုခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ငရုတ်ကောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်ကျော်မာလာလွင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍လူငယ်စကားဝိုင်းကျင်းပခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ကျော်မာလာလွင်နှင့်အတူ Grade-9 မှ မလင်းလက်ကြယ်က လူငယ်နှင့် စာဖတ်ခြင်း၊ Grade-8မှ မမေဆည်းဆာက လူငယ်နှင့် ကိုယ်ကျင့်တရား၊ Grade-10မှ မောင်ထက်အောင်လင်းက လူငယ်နဲ့ရိုးသားခြင်း၊ Grade-10 မှ မောင်ဗိုလ်ဇင်အောင်က လူငယ်နဲ့ပရဟိတ ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ လူငယ်စကားဝိုင်း ဆွေးနွေး ပြောကြားပေးသော ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ငရုတ်ကောင်း(ပြန်/ဆက်)**

# ပင်းတယမြို့၌ လူငယ်အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ပင်းတယ စက်တင်ဘာ ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက တောင်ပေါ်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသပညာရေးမှူး ဦးခင်ဇော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး(ပင်းတယ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူလှိုင်က ကျောင်းသား ကျောင်းသူများကို စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ လူငယ်နှင့်စာရိတ္တ၊ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အတတ်ပညာ သာမက အသိပညာပါရရှိစေရန် စသည်တို့ကို ပြောကြားပေးသည်။



ဆက်လက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ဝင်းခတ္တာမောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဟောပြောပွဲပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ဒုတိယဦးစီးမှူးက စွန့်ပစ်အမှိုက်ပစ္စည်းများ၏ ဆိုးကျိုးများ၊ ရှောင်ရန်ဆောင်ရန်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပြောကြားပေးရာ တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်နှင့် သက်ဆိုင်သည့် နံရံကပ်စာစောင်များအား ပြသပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ကြသည်။

**အောင်ကိုဦး (ပြန်/ဆက်)**

# တရုတ်-ဂျပန်-တောင်ကိုရီးယား သုံးနိုင်ငံထိပ်သီးအစည်းအဝေးများကို ပြန်လည်ကျင်းပရန် ဆန္ဒရှိဟု တရုတ်သမ္မတရှီကျင့်ဖျင် ပြောကြား

**ပေကျင်း စက်တင်ဘာ ၂၄**


တရုတ်-ဂျပန်-တောင်ကိုရီးယား သုံးနိုင်ငံထိပ်သီးအစည်းအဝေးများကို သင့်လျော်သည့်အချိန်တွင် ပြန်လည်ကျင်းပရန် ဆန္ဒရှိကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က တောင်ကိုရီးယားဝန်ကြီးချုပ် ဟန်ဒက်ဆိုးကို ပြောကြားသည်။

**တွေ့ဆုံ**

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တောင်ကိုရီးယား ဝန်ကြီးချုပ်ဟန်ဒက်ဆိုးတို့သည် တရုတ်နိုင်ငံ အရှေ့ပိုင်း ဟန်ကျိုးမြို့၌ စက်တင်ဘာ ၂၃ ရက်တွင် တွေ့ဆုံခဲ့သည်။

တောင်ကိုရီးယားဝန်ကြီးချုပ် ဟန်ဒက်ဆိုးသည် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဟန်ကျိုးမြို့သို့ လာရောက်လည်ပတ်လျက်ရှိသည်။

သုံးပွင့်ဆိုင် ထိပ်သီးအစည်းအဝေးများ ပြန်လည်စတင်ရန် တောင်ကိုရီးယားနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို ကျေးဇူးတင်ကြောင်း ရှီကျင့်ဖျင်က ပြောကြားသည်။ အဆိုပါ ထိပ်သီးအစည်းအဝေးများကို လေးနှစ်ကြာ ရပ်ဆိုင်းထားသည်။



ထိပ်သီးအစည်းအဝေးကို ဆောလျင်စွာ ကျင်းပနိုင်ရေး တောင်ကိုရီးယားနိုင်ငံက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ဟန်ဒက်ဆိုးက ပြောကြားသည်။

မကြာမီအချိန်အတွင်း မြို့တော်ဆိုးလ်၌ သုံးနိုင်ငံအဆင့်မြင့်အစည်းအဝေးတစ်ရပ်ကို ၎င်း၏နိုင်ငံမှ စတင်လက်ခံကျင်းပမည်ဖြစ်ကြောင်း ဟန်ဒက်ဆိုးက ပြောကြားခဲ့သည်။

ဆိုးလ်မြို့၌ ယခုနှစ်ကုန်တွင် ထိပ်သီးဆွေးနွေးပွဲများ ကျင်းပရန်ဆန္ဒရှိကြောင်း ဟန်ဒက်ဆိုးက ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံသည် လာမည့် သုံးနိုင်ငံထိပ်သီးအစည်းအဝေး၏ အလှည့်ကျသဘာပတိအဖြစ်တာဝန်ယူမည်ဖြစ်သည်။

ကိုရီးယားကျွန်းဆွယ် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရာတွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ရန် ဝန်ကြီးချုပ်ဟန်ဒက်ဆိုးက သမ္မတရှီကျင့်ဖျင်ကို တိုက်တွန်းပြောကြားသည်။

တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနှစ်နိုင်ငံကြား ပြန်လည်သင့်မြတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အစဉ်အမြဲ ထောက်ခံအားပေးလျက်ရှိကြောင်း သမ္မတရှီက တုံ့ပြန်ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်ဒေသတွင်း၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆောင်ကြဉ်းရန် ပေကျင်းက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားစက်ရုံမှ ပစိဖိတ်သမုဒ္ဒရာထဲသို့ သန့်စင်ထားသောရေများ စွန့်ထုတ်မှု တစ်လကျော်ရှိပြီဖြစ်

**တိုကျို စက်တင်ဘာ ၂၄**

ဂျပန်နိုင်ငံရှိ ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားစက်ရုံမှ ပစိဖိတ်သမုဒ္ဒရာထဲသို့ သန့်စင်ထားသောရေများကို စွန့်ထုတ်ပြီး ပစိဖိတ်သမုဒ္ဒရာထဲသို့ စတင်ရောက်ရှိခဲ့သည်မှာ တစ်လကျော်ရှိပြီဖြစ်သည်။

သန့်စင်ထားသောရေများကိုပထမအကြိမ် စွန့်ထုတ်မှုသည် စက်တင်ဘာ ၁၁ ရက်တွင် ပြီးဆုံးခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်မှုနှင့် ဆူနာမီရေလှိုင်းဒဏ်တို့ကြောင့် ဒိုင်အိချိ နျူကလီးယားစက်ရုံ ဓာတ်ပေါင်းဖို မတော်တဆ အရည်ပျော်မှုဖြစ်ပွားကာ ဓာတ်ပေါင်းဖို အဆောက်အအုံများအတွင်းသို့ စိမ့်ဝင်သွားသည့် မိုးရေနှင့် မြေအောက်ရေတို့ ရောစပ်သွားခဲ့သည်။

**သိုလှောင်ထား**

ရေဆိုးများအတွင်းမှ ရေဒီယိုသတ္တိကြွ ပစ္စည်းအများစုကို ဖယ်ရှားခဲ့သော်လည်း ရေဒီယိုသတ္တိကြွပစ္စည်းများ ပါဝင်နေသေးသည်။ အဆိုပါသန့်စင်သောရေကို ကန် ၁၀၀၀ ကျော်တွင် သိုလှောင်ထားသည်။

သန့်စင်သောရေကို သမုဒ္ဒရာထဲသို့ မထုတ်မီတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်သတ်မှတ်ချက်နှင့်အညီ ခုနစ်ပုံ တစ်ပုံခန့်အထိ ရေဒီယိုသတ္တိကြွပစ္စည်းပါဝင်မှု အဆင့်ကို လျှော့ချခဲ့သည်။

ပထမအကျော့တွင် သန့်စင်သောရေ တန်ချိန် ၈၀၀၀ နီးပါး သို့မဟုတ် ၁၀ တိုင်ကီမှ သန့်စင်ထားသောရေများကို စွန့်ပစ်ခဲ့ကြောင်း သိရသည်။

**လျော့ကျသွား**

သန့်စင်ထားသောရေများကို မစွန့်ထုတ်မီ သိုလှောင်ကန် ၉၈ ရာခိုင်နှုန်း ပြည့်နှက်လျက်ရှိသည်။ သို့သော် အဆိုပါ စွန့်ပစ်မှုအပြီးတွင် သိုလှောင်ထားသော ရေပမာဏသည် တန်ချိန် ၁ ဒသမ ၃၄၃ သန်းမှ တန်ချိန် ၁ ဒသမ ၃၃၈ သန်းသို့ ၂၀၁၁ ခုနှစ် မတော်တဆမှုနောက်ပိုင်း ပထမဆုံးအကြိမ် လျော့ကျသွားသည်။

သန့်စင်ထားသောရေများကို စတင်စွန့်ထုတ်ချိန်မှစ၍ တိုကျိုလျှပ်စစ်စွမ်းအင် ကုမ္ပဏီအပြင် ဗဟိုနှင့် ဒေသဆိုင်ရာ အစိုးရ တာဝန်ရှိသူများသည် စက်ရုံမှ ကမ်းလွန်ပင်လယ်ပြင်ရှိ နေရာအများအပြားမှ ပင်လယ်ရေနှင့် ငါးနမူနာများကို စမ်းသပ်လျက်ရှိသည်။

လာမည့်မတ်လကုန်တွင် သန့်စင်ထားသောရေများကို လေးကြိမ်ထုတ်လွှတ်ရန် စီစဉ်ထားသည်။ စုစုပေါင်းရေတန်ချိန် ၃၁,၂၀၀ ကို ထုတ်လွှတ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အီရန်နှင့် မော်လ်ဒိုက်တို့၏ သံတမန်ဆက်ဆံရေး ပြန်လည်စတင်

**တီဟီရန် စက်တင်ဘာ ၂၄**

အီရန်နိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့သည် ခုနစ်နှစ်ကြာ သံတမန်ဆက်ဆံရေးပြတ်တောက်ခဲ့ပြီးနောက် လက်ရှိတွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို စက်တင်ဘာ ၂၃ ရက်တွင် ပြန်လည်စတင်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ယင်းသို့ အီရန်နိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေး ပြန်လည်စတင်မှုသည် နှစ်နိုင်ငံ၏ အကျိုးစီးပွားနှင့် မျှော်မှန်းချက်တို့အပေါ်တွင် မူတည်၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပြန်လည်စတင်ခြင်း ကြေညာချက်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပခဲ့သည့် (၇၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံပြင်ပတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး ဟော့စိန်အမီယာ အဗ္ဗဒိုလာဟီယန်နှင့် မော်လ်ဒိုက်နိုင်ငံခြားရေးဝန်ကြီး အာမက်ခါလီလ်တို့အကြား တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် ၂၀၁၆ ခုနှစ် မေလတွင် ပြတ်တောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ပါကစ္စတန်နိုင်ငံ၌ ခရီးသည်တင်ရထားနှင့် ကုန်တင်ရထားတိုက်မိမှုဖြစ်ပွား၊ ၂၉ ဦး ဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၄**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ခရီးသည်တင်ရထားနှင့် ကုန်တင်ရထားတို့ တိုက်မိမှုဖြစ်ပွားခဲ့ခြင်းကြောင့် ၂၉ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရထားဝန်ထမ်းများက ခရီးသည်တင်ရထားအတွက် လမ်းကြောင်းပြောင်းပေးရန် ပျက်ကွက်ခဲ့ပြီး ကုန်တင်ရထားပြေးဆွဲနေသည့် လမ်းကြောင်းပေါ်တွင်သာ ဆက်လက်ပြေးဆွဲစေခဲ့ခြင်းကြောင့် ခရီးသည်တင်ရထားနှင့် ကုန်တင်ရထားတို့ တိုက်မိမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရရှိသူများအနက် ၂၇ ဦးအား ရှေးဦးသူနာပြုစုနည်းဖြင့် ကုသပေးခဲ့ပြီး ပြင်းထန်စွာဒဏ်ရာရရှိသူ နှစ်ဦးအား ဆေးရုံသို့ပို့ဆောင်ထားကြောင်း ပန်ဂျပ်ပြည်နယ်၏ မြို့တော်လာဟိုးရှိ ကယ်ဆယ်ရေး ရုံးချုပ်တာဝန်ခံ မိုဟာမက်အက်တက်က ပြောကြားသည်။

လက်ရှိတွင် ခရီးသည်တင်ရထားနှင့် ကုန်တင်ရထားတို့အကြား တိုက်မိမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေပြီး မီးရထားဝန်ထမ်းများ၏ ပေါ့ဆမှုဖြစ်ပါက တင်းတင်းကျပ်ကျပ် အရေးယူသွားမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ မီးရထားလုပ်ငန်းဌာနမှ သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၁၆ ခုနှစ်နောက်ပိုင်း ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ ပထမဆုံးတွေ့ရှိ

**ဖနောင်ပင် စက်တင်ဘာ ၂၄**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၆ ခုနှစ်နောက်ပိုင်း ဇီကာဗိုင်းရပ်စ် ကူးစက်ခံရသူ ပထမဆုံးတွေ့ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

ကမ်ပေါင်သွမ် ပြည်နယ်အလယ်ပိုင်းမှ အသက် ခုနစ်နှစ်အရွယ် မိန်းကလေးသည် ဘာရေဆန်တက်ခ်ရီဖာရယ်ဆေးရုံ၌ သွေးလွန်တုပ်ကွေးဟု သံသယရှိ၍ ဆေးဝါးကုသမှုခံယူခဲ့သည်။ စက်တင်ဘာ ၂၀ ရက် စမ်းသပ်မှုရလဒ်အရ ၎င်းသည် ဇီကာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇီကာဗိုင်းရပ်စ်သည် အေဒီးစ် ခြင်မျိုးစိတ်များမှ အဓိကကူးစက်သည့် ဗိုင်းရပ်စ်တစ်မျိုးဖြစ်ပြီး လိင်ဆက်ဆံမှု၊ သွေးသွင်းခြင်းနှင့် မွေးရာပါမိခင်မှ ကလေးသို့လည်း ကူးစက်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇီကာဗိုင်းရပ်စ်ကူးစက်ခံရမှု၏ ရောဂါလက္ခဏာများတွင် အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အဖုအပိမ့်များထွက်ခြင်း၊ မျက်လုံးနီခြင်းနှင့် အဆစ်အမျက်ကိုက်ခဲခြင်းတို့ ပါဝင်ပြီး လူနာအများစုမှာ သေဆုံးမှုနှုန်း အလွန်နည်းသောကြောင့် နှစ်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်သက်သာလာကြောင်း ၎င်းကဆိုသည်။

သို့သော် ဗိုင်းရပ်စ်သည် ကိုယ်ဝန်ဆောင်မိခင်များထံ ကူးစက်ပါက သားအိမ်အတွင်းရှိ ကလေးငယ်များ သေဆုံးသည်အထိ ဖြစ်စေနိုင်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ


နေပြည်တော် စက်တင်ဘာ ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၂၃)မိုင် (၅)ဖာလုံနှင့် မိုင်တိုင်အမှတ်(၂၁)မိုင် (၆)ဖာလုံတို့၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကလေးထိုင်ခုံ ၁၈ လုံး၊ Collagen Day & Night Cream ဘူး ၅၇၆၀ အပါအဝင် ကုန်ပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၇၉၉၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၁၇၉၉၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထို့ပြင် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Pencil Case ကီလိုဂရမ် ၁၀၃၀၊ Clip File ကီလိုဂရမ် ၉၀၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၈၅၈၆၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Gano Excel တိုင်းရင်းဒူးနာပျောက်ဆေး ၁၄၉ ဘူး၊ Hand Set ခြောက်လုံး၊ Electrical Spare Parts တစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၃၉၀၃)ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Raw Materials For Industy Test Liner ကီလိုဂရမ် ၈၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၅၃၅၇၆၃ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၁ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ အေးရှားဝေါလ်တိုးဂိတ်အကျော် နမ့်ခွန်ရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် REDMI 9 ဖုန်းမှန် ၁၅ ခု၊ REDMI 8 ဖုန်းမှန် ၁၂ ခု၊ REDMI 10X ဖုန်းမှန် ၁၀ခု၊ REDMI NOTE 11R ဖုန်းမှန် ၁၀ ခု အပါအဝင် ကုန်ပစ္စည်း ၁၈မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၆၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ သိမ်းဆည်းရမိမှု။

ထို့အတူ စက်တင်ဘာ ၂၁ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ကစင်ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Pro Link UPS ၈၀၀၊ ရေခဲသေတ္တာ (2 Door) လေးလုံး၊ Samaung အဝတ်လျှော်စက် ၁၄ လုံး၊ Standard Washing Dispenser ၃၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၈၀၄၅၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကော့ကရိတ် (တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင်စားဆီ လီတာ ၆၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၄၆၄၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၂၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ရေခွဲတောင်ကျွန်းအနီး၌ တရားမဝင် ငါးဖမ်းစက်လှေတစ်စင်းပေါ်မှ ငါးကီလိုဂရမ် ၃၁၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) နှင့် အလျား ၆၂ ဒသမ ဝ၈ ပေ၊ အနံ ၁၈ ဒသမ ၁၁ ပေ၊ ရေစူး ၈ ဒသမ ၁ ပေရှိသည့် သစ်သားကိုယ်ထည် ကမ်းနီးငါးသယ်ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၂၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၂၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၉၅၄၆၁၆၃)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ဝ၄၉ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂၅၄ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ဝ၄၉ ဘီလီယံ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၂၅၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းအရရှာဖွေ**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ ရက် နံနက် ၆ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်းပူးပေါင်းစစ်ဆေးရေး ဂိတ်တွင် ကျိုင်းတုံမှ တာချီလိတ်သို့ စိုင်းမွန်း မောင်းနှင်လာသည့် LIFAN မြေသယ်ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ် ၂ ဒသမ ဝ၄၉ ဘီလီယံ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) ၂၅၄ ကီလိုနှင့် ကက်တမင်း ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား ကျိုင်းတုံမှ တာချီလိတ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



စိုင်းမွန်းအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၉-၂၀၂၂ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပုတာအိုလွင်ပြင်ပတ်လမ်း
- ၀၉:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၃၅ Economic Review
- ၁၁:၃၀ ဘဝနှင့်အနုပညာ 'အနုပညာ၊ အတတ်ပညာများနှင့် နာမည်အမျိုးမျိုးရှိခဲ့သောပညာသည်' 'အိရိုက်တာအောင်မြင့်မြတ်' (အပိုင်း-၂)
- ၁၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ဆည်းဆာချိန်နေညိုချမ်းပြန်လမ်းကိုတဲ့ပရောက်မိ'
- ၁၃:၃၀ MRTV National News
- ၁၄:၂၅ မျိုးဗုဏ်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၄:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လွှင့်ပျံ့အမှုန်း' (အပိုင်း-၂၅)
- ၁၅:၂၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၃၅ မျိုးဗုဏ်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကားဘောအတ်ဆေး' (အပိုင်း-၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၂)
- ၂၂:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း' (အပိုင်း-၂၈)

### mitv

- 07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
- 07:08 Tour around Kyaukse
- 07:26 Myanmar Orchestra: A Blend of Arts!
- 07:39 Myanmar Social & Charitable Association(EP-3) (Part-2)
- 07:52 My Life & My Art
- 08:01 News
- 08:25 National Attractions Laos
- 08:31 A Traditional Food in Bagan: Pone Ye Gyi
- 08:43 The Recycle Art: Tyre
- 09:01 The Efficacy of Myanmar Traditional Medicine
- 09:27 Discovering Tribes: Enn (Their Life and Customs)
- 09:53 Orphanage
- 10:01 News
- 11:01 Mularsheedi we love!

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)** ရာမည်မြေမှအလှတရားများ(အပိုင်း-၃)

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** သျှစ်သောင်းပုထိုးတော်ကြီး

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့

**ဝ (၁၂:၀၀ မှ ၁၄:၀၀)** ဟလာငါးပေါင်းပြုလုပ်နည်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)** လီဆူရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)** မြင်တွေ့စေချင်ကယားတို့ဌာနေ (ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ရွာ)

**ကေကေကရင် (၁၈:၀၀ မှ ၁၉:၀၀)** ကရင်ရိုးရာကြက်သားသုပ်

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** အကြေပုဂံလို့တင်စားခေါ်ဝေါ်တဲ့ မြောင်းမြမြို့ဟောင်း

**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)** ဓါတ်ကျိုက်ဘုရား

**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)** ချင်းရိုးရာခေါင်းဆောင်းပြုလုပ်နည်း

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ ရေခဲတောင်ကြီးများရှိရာဆီ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငရအဆုံးကုန်းတစ်ဝက်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၁)
- ၁၈:၀၀ Economic Review (အပိုင်း-၂၁)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ အာဟာရကြွယ်ဝရောင်းပန်းလှကျန်းမာလုပဝင်ငွေရမြန်မာ့လိမ္မော်ရောက်မျိုးများရဲ့အလှ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ရွှေမင်းသမီးနှင့်တောသားကိုကို(ဇာတ်လမ်း)
- ၂၂:၀၀ Coconut Fiber Products Manufacturing Process. Great application of coir products in modern life
- ၂၂:၃၀ Last Day of Wheat Harvest!

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ ရွှေရောင်မျိုးဆက်သစ်များနှင့်တွေ့ဆုံခြင်း
- ၀၇:၄၀ Weekly Sports Info
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၈:၄၀ Sports Diary

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Khin Myo Thin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ပန်းမရပ်နေ ခင်မျိုးသင်းအား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ "Nyi Nyi Tun" နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အင်ဘု(၁၀)လမ်း အမှတ်(၇)ရပ်ကွက်နေ ညီညီထွန်းအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကျိုင်းတောင်းမြို့ ရဲတပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်သည် ရဲမေများ စုပေါင်းသွေးလှူဒါန်း

ကျိုင်းတောင်း စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့တွင် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတောင်းနယ်မြေ ရဲစခန်းမှ ခေတ္တစခန်းမှူး ဒုရဲအုပ်လှဝင်းနောင် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်သည်ရဲမေများက ကျိုင်းတောင်းတိုက်နယ်ဆေးရုံ၌ ယနေ့ နံနက် ၈ နာရီက စုပေါင်းသွေးလှူဒါန်းကြသည်။

ကျိုင်းတောင်းတိုက်နယ်ဆေးရုံ၌ သွေးလိုအပ်နေသော ဝေဒနာရှင်များအတွက် စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြပြီး ကျိုင်းတောင်းတိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော ဝေဒနာရှင်များအား နယ်မြေရဲစခန်းမှ အာဟာရအဖြစ် ကြက်သားဆန်ပြုတ်နှင့် အာဟာရမုန့်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြစ်ကြီးနားမြို့နှင့် နမ့်ခမ်းမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၄

မြစ်ကြီးနားမြို့နှင့် နမ့်ခမ်းမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ကျဆော အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့နယ် ၂၀ မိုင် (ရှောင်ကွင်းလမ်း)တွင် အောင်နေလင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၉၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း၊ အလားတူ စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အမှတ်(၁) ရပ်ကွက် ကောင်းတပ်ရပ် နတ်စင်လမ်းနေ ကျဆော၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် လှစင်ကျေးရွာရှိ အထက (ခွဲ) လှစင်တွင် စက်တင်ဘာ ၂၃ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ အမှိုက်ကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြစဉ်။ အောင်သူ(ပြန်/ဆက်)

# ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးအဖွဲ့ (၁၄)မှ တာဝန်ယူဖောက်လုပ်ခဲ့သော ကွမ်းခြံကုန်းမြို့ရှောင်လမ်းသစ်ကြီး

ခရမ်းစိုးမြင့်

ကွမ်းခြံကုန်းမြို့သည် ရန်ကုန်တိုင်းဒေသကြီး အတွင်းပါဝင်ပြီး ရန်ကုန်မြို့၏ တစ်ဖက်ကမ်းတွင် ရှိသည်။ ထိုမြို့လေးသည် ဖျာပုံမှတစ်ဆင့် ပင်လယ်ကမ်းစပ်မြို့များသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ-ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်းလမ်းမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေးဒရဲမြို့၊ ဖျာပုံမြို့၊ ဘိုကလေးမြို့၊ ကျိုက်လက်မြို့ အစရှိသည့်မြို့များနှင့် ဆက်သွယ်ထားသော လမ်းပေါ်တွင်တည်ရှိသည်။

**ရှောင်ကွင်းသွားလာနိုင်သော မြို့ရှောင်လမ်းသစ်တစ်ခု**

ယခင်က ကွမ်းခြံကုန်းမြို့တွင် ယာဉ်ကြောကျပ်တည်းခြင်း၊ ယာဉ်အန္တရာယ်များ မကြာခဏဖြစ်ပွားတတ်ခြင်းတို့ ဖြစ်ပေါ်လေ့ရှိပြီး ဒေသခံပြည်သူများအတွက် သွားလာနေထိုင်မှု အဆင်မပြေခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ ဒေသခံပြည်သူများက ကွမ်းခြံကုန်းမြို့ကို ရှောင်ကွင်းသွားလာနိုင်သော မြို့ရှောင်လမ်းသစ်တစ်ခု ပေါ်ပေါက်လာရေးကို လိုလားတောင်းတခဲ့ကြသည်။

ဒေသခံပြည်သူများ၏ လိုလားတောင်းတချက်အား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကွမ်းခြံကုန်းမြို့ရှောင်လမ်းသစ်ကြီးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၄) မှ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အပြီးသတ်အောင်မြင်စွာ ဖောက်လုပ်ပြီးစီးခဲ့သည်။



မြို့ရှောင်လမ်းအား ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်နေစဉ်။

အဆိုပါလမ်းသစ်ကြီးသည် အရှည် ၂ မိုင် ၄ ဖာလုံရှိပြီး ၂၄ ပေအကျယ် ကွန်ကရစ်လမ်းသစ်ကြီးဖြစ်သည်။ မြို့ရှောင်လမ်းသစ်ကြီးနှင့်အတူ အဆိုပါလမ်းပေါ်၌ ပေ ၂၄၀ အရှည် သံကူကွန်ကရစ်တံတား (တော်ပုလဲချောင်းတံတား) တစ်စင်း ပေ ၂၀ အရှည် သံကူကွန်ကရစ်တံတား နှစ်စင်းနှင့် Box culvert ၁၆ စင်းအား ထည့်သွင်းတည်ဆောက်ထားပြီး လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် သွားလာမှုလွယ်ကူစေရေးတို့အတွက် လမ်းညွှန်များ၊ လမ်းအမှတ်အသားများကိုလည်း သတ်မှတ်လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျထည့်သွင်းတပ်ဆင်ထားသည်။

ကွမ်းခြံကုန်းမြို့ရှောင်လမ်း ကွန်ကရစ်လမ်းသစ်ကြီးအား ၂၄-၃-၂၀၂၃ ရက်နေ့တွင် (၆၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

**ကွမ်းခြံကုန်းမြို့ရှောင်လမ်းဖောက်လုပ်**

လမ်းအထူးအဖွဲ့ (၁၄)က ဖောက်လုပ်ပေးခဲ့သည့်အဆိုပါကွမ်းခြံကုန်းမြို့ရှောင်လမ်းဖောက်လုပ်မှု၌ ၂၁-၅-၂၀၁၉ ခုနှစ်တွင် လမ်းအူကြောင်း ရှာဖွေတိုင်းတာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာနမှတစ်ဆင့် ဆောက်လုပ်ရေးဝန်ကြီးဌာန (ရုံးချုပ်) လမ်းလေယာဉ်ကွင်းနှင့် ပုံထုတ်ဌာနခွဲသို့ တင်ပြ၍ လမ်းပုံထုတ်အဖွဲ့များက Geometric Design တိုင်းတာပုံထုတ်ပေးခဲ့သည်။

ယင်းနောက် အဆိုပါမြို့ရှောင်လမ်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပထမဦးစွာ မြို့ရှောင်လမ်းနယ်အကျယ် ပေ ၃၀၀ အတွင်းကျရောက်နေသော လယ်မြေ ၇၉ ဒသမ ၄၇ ဧကအတွက် မြေယာလျော်ကြေးပေးချေခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းနှင့် လမ်းအပေါ်ယံမျက်နှာပြင် မြေညှိများဖယ်ရှားခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

ကွမ်းခြံကုန်းမြို့ရှောင်လမ်း၏ ကီလိုမီတာတိုင်စသည့် မြို့ရွာမှာ ကမာပါကျေးရွာအနီးမှဖြစ်ပြီး ကီလိုမီတာတိုင်ဆုံးသည့် မြို့ရွာမှာ တောချောင်းကျေးရွာအနီးတွင်ဖြစ်သည်။ ဖြတ်သန်းသွားလာသည့် မြို့ရွာများမှာ တော်ပုလဲချောင်း၊ တုတ်ခေါင်ချောင်းဖြစ်ပြီး ဖြတ်သန်းသွားလာသည့် ရထားလမ်း၊ မော်တော်ကားလမ်းများမှာ ကမာပါကျေးရွာ၊ တန်းတောကျေးရွာနှင့် မြေနီကုန်းကျေးရွာတို့ဖြစ်သည်။ မြစ်ချောင်းများအနီးရှိ ကျေးရွာများမှာ မရမ်းကျေးရွာ၊ တောင်ချောင်းကျေးရွာတို့ဖြစ်သည်။

ယခုကဲ့သို့ ကွမ်းခြံကုန်း မြို့ရှောင်လမ်းသစ်ကြီး ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ ကုန်စည်များ၊ ခရီးသွားပြည်သူများအတွက်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်များကို ရန်ကုန်မြို့မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ သယ်ယူပို့ဆောင်ခြင်းအတွက်လည်းကောင်း ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ဤလမ်းမကြီးကို ဖြတ်သန်း၍အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

**ကုန်စည်ဖလှယ်စီးဆင်းမှုများ ပိုမိုအဆင်ပြေချောမွေ့လာ**

ထို့အပြင် မကြာမီအချိန်တွင် ဒလတံတား (ကိုရီးယား-မြန်မာချစ်ကြည်ရေး တံတားသစ်ကြီး) ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကုန်စည်ဖလှယ်စီးဆင်းမှုများ ပိုမိုအဆင်ပြေချောမွေ့လာပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကွမ်းခြံကုန်းမြို့တွင်လည်း ယခင်ကဲ့သို့ ယာဉ်ကြောကျပ်တည်းမှုများ၊ ယာဉ်အန္တရာယ်ဖြစ်ပွားမှုများ လျော့နည်းသွားခြင်းနှင့် ခရီးလမ်းတွင် အချိန်ကုန်သက်သာစွာ သွားလာနိုင်ခြင်းတို့ကြောင့် ဒေသခံပြည်သူများမှာလည်း ကျေနပ်ပျော်ရွှင်လျက်ရှိသည်။

**“မကြာမီအချိန်တွင် ဒလတံတား (ကိုရီးယား-မြန်မာချစ်ကြည်ရေး တံတားသစ်ကြီး) ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကုန်စည်ဖလှယ်စီးဆင်းမှုများ ပိုမိုအဆင်ပြေချောမွေ့လာပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကွမ်းခြံကုန်းမြို့တွင်လည်း ယခင်ကဲ့သို့ ယာဉ်ကြောကျပ်တည်းမှုများ၊ ယာဉ်အန္တရာယ်ဖြစ်ပွားမှုများ လျော့နည်းသွားခြင်းနှင့် ခရီးလမ်းတွင် အချိန်ကုန်သက်သာစွာ သွားလာနိုင်ခြင်းတို့ကြောင့် ဒေသခံပြည်သူများမှာလည်း ကျေနပ်ပျော်ရွှင်လျက်ရှိ”**

“မြစ်ကိုမြင်လျှင် တံတားဆင် ပြည်ခွင်သာဖို့လမ်းခင်းစို့”ဟူသော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရန်အတွက် လမ်းကွန်ရက်များ၊ မြို့ရှောင်လမ်းသစ်များဆောက်လုပ်ခြင်းနှင့် လမ်းမကြီးများအား အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ကွမ်းခြံကုန်းမြို့ရှောင်လမ်းဖောက်လုပ်နေစဉ်။



ဖောက်လုပ်ပြီးစီးပြီဖြစ်သော ကွမ်းခြံကုန်းမြို့ရှောင်လမ်းအား တွေ့ရစဉ်။

ကြေးမုံ



# ကွက်စိပ်သဘင်

ကိုဇော်ငြေး(ယဉ်ကျေးမှု)



သုခုမသဘင်ဖြစ်သော ကွက်စိပ်စာဟောသဘင်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ပြန်လည်မြင်တွေ့ နားသောတဆင်ကြရသဖြင့် ကွက်စိပ် ကြိုက်နှစ်သက်သူ ပရိသတ်များ ကျေနပ်ကြရသည်။ မြန်မာ့ရိုးရာတစ်ခုဖြစ်သော စာဟောသဘင် သို့မဟုတ် ကွက်စိပ်စာပြော သဘင်တို့ တိမ်မြုပ်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ပြိုင်ပွဲကြီး၏ ကျေးဇူးကြောင့် စာဟောဆရာတို့ ပြန်လည်နိုးထလာခွင့်နှင့်အတူ စာပေအသီးအပွင့်တို့လည်း ဖူးပွင့်ခွင့်ရလာခဲ့ကြတော့သည်။

**စာဟောသဘင်စင်မြင့်ကို တွေးမြင်ကြည့်နိုင်**

စာဟောသဘင်၏ ပုံရိပ်များကို ပြန်လည်တူးဆွကြည့်ပါက ရှေးခေတ်ကာလက ရပ်ကွက်များတွင် လမ်းလယ်၌ ခြေလေးချောင်းခုတင် အကြီး၊ အလတ်၊ အသေးသုံးလုံးကို ထပ်၍ခင်းပြီး အပေါ်ဆုံးခုတင်၌ သင်ဖြူးဖျာချောခင်း၍ ခေါင်းအုံးကြာတွန့်အဖြူ နှစ်လုံးဆင့်ထားပြီး အနားတွင် ရေတကောင်းနှင့် ရေခွက်ကို ထားကြသည့် စာဟောသဘင်စင်မြင့်ကို တွေးမြင်ကြည့်နိုင်သည်။

အလင်းအမှောင်အနေဖြင့် ခုတင်တိုင်နှစ်ခုတွင် ဝါးလုံးနှစ်လုံးထောင်၍ တန်းလုပ်ပြီး လသာပြောင်းမီးအိမ်သုံးလုံးထွန်းညှိထားကြသည်။ စာဟောစင်မြင့်သို့ ညရှစ်နာရီလောက်တွင် စာပြောကွက်စိပ်ဆရာ ရောက်လာပြီး မင်းသား၊ မင်းသမီးမပါ၊ လူကြမ်း၊ လူရွှင်တော်မပါ တစ်ကိုယ်တည်းဖြင့် ဇာတ်စုံခင်းကျင်း၍ ပရိသတ်၏စိတ်ဓာတ်ကို ဆွဲငင်ဟောပြောခြင်းဖြစ်သည်။ ကွက်စိပ်ဆရာသည် စာပြောသဘင်ကို ရတနာသုံးပါးကန်တော့ခန်းဖြင့် ပဏာမပြု၍ စတင်ဟောပြောလေသည်။

ဟောပြောချက်များမှာ နိပါတ်တော်၊ ဇာတ်တော်လာ ပုံပြင်များဖြစ်သည်။ ရာဇဝင်လာအချက်အလက်များ၊ စကားပုံများနှင့် အခြားမှတ်သားဖွယ်နက္ခတ်၊ ဗေဒင်ပညာ၊ ဆေးပညာမှစပြီး ပညာရပ်ဆိုင်ရာများကို ဟောပြောလေ့ရှိသည်။ ပျင်းရိဖွယ်အခန်းများကို ရယ်ရွှင်ဖွယ်စကားလုံးများညှပ်ပြီး ဟောပြောတတ်သဖြင့် ပရိသတ်ကိုလည်း ပိုမိုစွဲလမ်းစေသည်။ မန္တလေးမြို့က စာပြောသဘင်ဟု စတင်သုံးပြီး အောက်ပြည်ရောက်လာသည့်အခါ ကွက်စိပ်သဘင်ဟု ခေါ်ကြသည်။

ကွက်စိပ်ဆိုသည်မှာ "ရှေးဟောင်းပုံပြင်စသည်မှ ဇာတ်ကောင်အမျိုးမျိုး၏ ဟန်အမူအရာ၊ အသံနေ အသံထားဖြင့် တစ်ယောက်တည်းက သရုပ်ဖော်ရွတ်ဆိုဟောပြောချက်"ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုထားလေသည်။ မြန်မာ-အင်္ဂလိပ်အဘိဓာန်တွင်-

"ကွက်စိပ်/ Kwe'set'/ n narration of religious of historical stories by a single person affecting various roles."

ဟူ၍ ဖွင့်ဆိုထားခြင်းကြောင့် လူတစ်ဦးတည်းက ဇာတ်ရုပ်အမျိုးမျိုးတွင် သရုပ်ဆောင်လျက် ဘာသာရေးသို့မဟုတ် သမိုင်းဝတ္ထုများကို ပြောဟောခြင်းဟု အဓိပ္ပာယ်ရလေသည်။ စာရေးဆရာ မောင်ထင်ကလည်း-

"ကွက်စိပ်ဆိုသည်မှာ စာဟောဆရာ(ကွက်စိပ်ဆရာ)တစ်ဦးတည်းက ဇာတ်တစ်ခုလုံးကို ဦးစီး၍ မင်းကြီးနေရာ၌ သူပဲမင်းကြီး၊ ဝန်ကြီးလေးပါးနေရာ၌ သူပဲဝန်ကြီးလေးပါး၊ မင်းသားနေရာ၌ သူပဲမင်းသား၊ မင်းသမီးနေရာ၌ သူပဲမင်းသမီး၊ လူကြမ်းနေရာ၌ သူပဲလူကြမ်း ဤကဲ့သို့ အမျိုးမျိုးသော ဇာတ်ဆောင်သူတို့နေရာကို သူတစ်ဦးတည်းက ဒိုင်ခံယူ၍ ဟောပြောအသုံးတော်ခံခြင်းဖြစ်သည်"ဟူ၍ ရှင်းလင်းဖွင့်ဆိုထားလေသည်။

**နှစ်ပေါင်းနှစ်ထောင်ကျော်လောက်က စတင်ပေါ်ပေါက်**

စာပြောသဘင် စတင်ပေါ်ပေါက်ခဲ့သော အချိန်အခါကို လေ့လာမိသောအခါ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်လောက်က အီဂျစ်ပညာရှိများ၊ ဂရိဖီလိုဆိုဖာကြီးများခေတ်မှ စတင်ပေါ်ပေါက်လာသည်ဟု ယူဆကြသည်။ ထိုအချိန်ကာလက ဒဏ္ဍာရီပုံပြင်ဆရာကြီးများသည် မြေတလင်းပြင်တွင် စာပြောသဘင်များပြုလုပ်၍ ဝါသနာပါသူပရိသတ်စုကို ပြောဟောလေ့ရှိကြသည်။ ထို့နောက် အိန္ဒိယ ဟိန္ဒူပညာရှိများလက်ထက်တွင် ရာမ၊ ဘာရတ္ထ၊ ဥပနိသျှစသောကျမ်းထွက်ပုံပြင်များနှင့် စကားပုံများကို စာဟောသဘင် ဆင်ယင်ကျင်းပ၍ ပြောဟောလေ့ရှိခဲ့ကြသည်။

ဥရောပတစ်ခွင်တွင် နာမည်ကျော်ကြားခဲ့သော ဝတ္ထုရေးဆရာကြီး ဒစ်ကင်းသည် သူရေးသားသော ဝတ္ထုများကို နယ်လှည့်၍ စာဟောဆရာအဖြစ်နှင့်ဟောပြောပြီး စာအုပ်များကို ရောင်းချဖူးခဲ့ကြောင်း သိရသည်။ အမေရိကန်ပြည်နှင့် ကနေဒါပြည်များ၌ ဆရာကြီး၏ဝတ္ထုလူကြိုက်များသွားသည်မှာ ဆရာကြီးကိုယ်တိုင် ဟောပြောချက်များကြောင့်ပင်ဖြစ်သည်ဟု မှတ်တမ်းများက ဆိုလေသည်။ ထိုအထောက်အထားများကို သိရခြင်းဖြင့် စာဟောသဘင်၏ ဦးစွာဖြစ်ပေါ်ပုံကို အကဲခတ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရှေးရှေးကာလက ဒဏ္ဍာရီဝတ္ထုများကို ရဲဝံ့စွာရေးသားပြောဆိုသူ မရှိသလောက်နည်းပါးသည်။ သမ္ဘပ္ပလာပဝါစာမဖြစ်စေရန် ဘုရားဟောဇာတ်နိပါတ်တို့ကိုသာ လူအများနားလည်လွယ်သော စကားပြောနှင့်တစ်မျိုး၊ ကဗျာသံနှင့်တစ်ဖုံ ရေးသားပြောဆို ဟောကြားခဲ့ကြလေသည်။ ဒဏ္ဍာရီဝတ္ထုများမပေါ်မီ စာဖတ်ပရိသတ်အား ပြဇာတ်ဟောစာ စသည်တို့ဖြင့် ရှေးမြန်မာစာဆိုကြီးများက ရေးသားတင်ဆက်ခဲ့ကြသည်။ ဇာတ်ပွဲသဘင်ကို ကြည့်ရှုနေရသကဲ့သို့ ထင်မြင်လာစေရန် ဆွဲဆောင် ရေးသားနိုင်ကြသဖြင့် ထိုပြဇာတ်ဟောစာရေးဆရာတို့ ထိုအချိန်အခါက အတော်ပင်ခေတ်စားခဲ့သည်။

**"သာချင်း"များ ပေါ်ပေါက်ခဲ့**

အထူးသဖြင့် အလောင်းဘုရားခေတ်မှ နောက်ပိုင်းခေတ်များတွင် ပြဇာတ်ဟောစာများ ခေတ်စားလာခဲ့သည်ကိုတွေ့ရသည်။ ဟောစာဟူသော အသုံးအနှုန်းများမပေါ်မီ "သာချင်း"များ ပေါ်ပေါက်ခဲ့သေးသည်။ သာချင်းမှာ ရကန်သဘောကဲ့သို့ တစ်ဖက်ကစာဆိုကို အတိုက်အခံဆုတ်ကန်၍ ရေးသားနည်းဖြစ်သည်။ သာချင်းတွင်လည်း စိတ်ဝင်စားဖွယ်၊ ထင်မြင်စွဲလမ်းဖွယ်အချက်အလက်များကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းပြတ်သားစွာ ဖော်ပြတတ်သော သတ္တိထူးများ ရှိလေသည်။

ပုံပြင်နားထောင်ပြီး ကြီးပြင်းခဲ့ကြသူများမှာ စာဟောသဘင်၊ ကွက်စိပ်သဘင်တို့ကို ပိုမိုနှစ်ခြိုက်ကြသည်။

"ကြွလာသမျှတို့ကို သဂါရဝရှိသေစွာဖြင့် ထိုနေရာ အဆင်မသင့်တော့ ပလ္လင်အမြင့်က အားနာစရာဖြစ်သော်လည်း တရားဘာဝနာလုစ်မှာမို့ "ဟူသည့် ဂါရဝစကားနှင့်ပင် ကွက်စိပ်ဆရာ၏ နှုတ်အဖြာဖြာကို စောင့်ကာနေတတ်ကြသည်။

အဘိုးအဘွား၊ အမိအဘတို့ ရင်ခွင်၌ နားထောင်ရသော ရှေးစကားပုံပြင်သည် ရိုးရိုးကလေးပင်ဖြစ်သည်။ ကွက်စိပ်ကားဇာတ်အိမ်ဇာတ်ကွက်ကြီးသည်။ ခမ်းနားသည်။ အသော၊ အလွမ်း၊ အရွှင်အရွှန်းများနှင့် ကွန့်ချင်တိုင်းကွန့်နိုင်သည်။ ထို့မျှမကသေး ကွက်စိပ်ဆရာသည် ဆိုင်းနှင့်တွဲဖက်၍ အဆို၊ အငိုများဖြင့် ထည့်သွင်းဖျော်ဖြေပေးသည်။ စာဟောကလည်း ဆိုင်းမပါသည်မှအပ ဘုရင့်အသံ၊ သမီးတော်အသံ၊ ဝန်သံ၊ မတ်သံတို့ဖြင့် စိတ်ဝင်စားဖွယ် ဟောပြောနိုင်သည်။

ဇာတ်ပွဲ၊ ရုပ်သေးပွဲများ မထည့်သွင်းနိုင်သည့် အလှူပိန် ( ဆင်းရဲသူများ၏ အလှူ)တွင် ကွက်စိပ်သဘင်တော့ ပါဝင်တတ်သည်။ အချို့သော တုံးလုံးပွဲ (အသုဘ) များတွင်လည်း ကွက်စိပ်ဆရာ၊ စာဟောဆရာများကို ပင့်ဖိတ်ကာ ကွက်စိပ်နာပွဲ၊ စာနာပွဲများ ထည့်သွင်းတတ်ကြသည်။ ကွက်စိပ်ဆရာသည် အလှူဖြစ်ပါက မဏ္ဍပ်အတွင်းရှိ သံဃာစင်ပေါ်မှဟော၍ တုံးလုံးပွဲဖြစ်ပါက ပရိသတ်အလယ်တွင် ခုတင်တစ်လုံး၊ ရေတကောင်း၊ ထွေးခံ၊ ကွမ်းအစ်၊ ဆေးလိပ်ခံခွက်၊ လက်ဖက်အုပ်များ ခင်းကျင်းကာ ဟောသည်။

ကွက်စိပ်သဘင်သို့ ရွာနီးချုပ်စပ်မှ လှည်းများဖြင့် လာရောက်နားထောင်ကြသည်။ ဟောပြောသူမှာ ဆိုင်းပါလျှင် ဆိုင်းတီးချိန်၌ နားရသည်။ ဆိုင်းမပါလျှင် "တေတျာကလည်း မပါတဲ့အတွက် ဆေးကလေးတစ်ဖွာလောက် ရပ်ဆိုင်းပါရစေဦးဗျား"ဆိုကာ ပွဲနားရသည်။ ရေသောက်၊ လက်ဖက်စား၊ ဆေးလိပ်ဖွာရသည်။

**ကွက်စိပ်ဆရာကြီးများ**

စာရေးသူမှတ်သားမိသမျှ ကွက်စိပ်ဆရာကြီးများမှာ ဒဂုဏ်ဆရာတင်၊ ဒဂုဏ်ဆရာလင်း၊ တောင်တွင်းကြီး ဒဂုဏ်ဆရာကျား၊ ဒဂုဏ်ဆရာညွန့်၊ နေပြည်တော်ဆရာကျား၊ ခေတ္တရာစိန်၊ သီရိမင်္ဂလာ ဆရာတင်၊ မန်းဧရာ ဒဂုဏ်ဆရာထွန်း၊ ကျိုက်လတ်ဆရာကျော်၊ မန္တလေးသောင်း၊ ဘိုကလေး ဆရာလှ၊ ဓနုဖြူ ဆရာတင်၊ နေပြည်တော် ဆရာစံ၊ တွံတေးကရင်ချောင်းရွာမှ မင်္ဂလာဆရာရှိန်တို့ဖြစ်ကြသည်။

စာဟော၊ ကွက်စိပ်၏ ဦးတည်ချက်မှာ ဖြေဖျော်ရင်း ပညာပေးခြင်းဖြစ်သည်။ ဟောပြောသူ၏ အသံသြဇာ၊ မှင်မောင်း၊ ကျက်မှတ်လေ့လာထားသော စာများ၏ တန်ဆာတို့ကြောင့် တန်ဖိုးမဖြတ်နိုင်သော ရိုးရာယဉ်ကျေးမှုအဖြစ် တည်ရှိနေခဲ့ခြင်းဖြစ်သည်။

ဖျော်ဖြေရင်း၊ ပညာပေးရင်း၊ အပန်းဖြေစေရာ အကြောင်းအရာများဖြင့် ပြည့်စုံသော ကွက်စိပ်သဘင်ကို ၂၀၀၇ ခုနှစ် (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် စတင်ထည့်သွင်းကျင်းပလာခဲ့သည်။ ပြဋ္ဌာန်းပေးထားသည့် ဇာတ်ထုတ်အတွင်းမှ ဇာတ်ကောင်၊ ဇာတ်ရုပ်အသီးသီးတို့၏ ဇာတ်ကောင်စရိုက်ပေါ်လွင်စေရန် အသံပြောင်း၊ အသံလွှဲဖြင့် သရုပ်ပေါ်အောင် ကွက်စိပ်ဆရာတို့က အကွက်စိပ်စိပ်ဖြင့် ဝေဝေဆာဆာ ဟောပြောလာနိုင်သည်မှာ အားရစရာကောင်းလှသည်။

ကွက်စိပ်ပြိုင်ပွဲကို ဝါသနာရှင်(ပထမတန်း)အဆင့်၊ အမျိုးသား) အသက် (၄၁) နှစ်နှင့်အထက်နှင့် ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အမျိုးသား) အသက် (၄၁) နှစ်အောက်ဟူ၍ အဆင့်နှစ်ဆင့်သာ ပြိုင်ပွဲပြုလုပ်ပေးသည်။

ဟောပြောချိန် ၄၅ မိနစ်ကြာ တစ်ဆက်တည်း ယှဉ်ပြိုင်ကြရသည်။ ရရှိချိန်၏ ၈၅ ရာခိုင်နှုန်းကို ဟောပြောရန်ဖြစ်ပြီး ရရှိချိန်၏ ၁၅ ရာခိုင်နှုန်းသည် ပွဲပိုးဆိုင်း၏ ရရှိချိန်ဖြစ်သည်။

စာမျက်နှာ ၁၉ သို့

❁ **စာဟောစင်မြင့်သို့ ညရှစ်နာရီလောက်တွင် စာပြောကွက်စိပ်ဆရာရောက်လာပြီး မင်းသား၊ မင်းသမီးမပါ၊ လူကြမ်း၊ လူရွှင်တော်မပါ တစ်ကိုယ်တည်းဖြင့် ဇာတ်စုံခင်းကျင်း၍ ပရိသတ်၏ စိတ်ဓာတ်ကို ဆွဲငင်ဟောပြောခြင်းဖြစ်သည်။ ကွက်စိပ်ဆရာသည် စာပြောသဘင်ကို ရတနာသုံးပါးကန်တော့ခန်းဖြင့် ပဏာမပြု၍ စတင်ဟောပြောလေသည်။**

❁ **ဟောပြောချက်များမှာ နိပါတ်တော်၊ ဇာတ်တော်လာ ပုံပြင်များဖြစ်သည်။ ရာဇဝင်လာအချက်အလက်များ၊ စကားပုံများနှင့် အခြားမှတ်သားဖွယ်နက္ခတ်၊ ဗေဒင်ပညာ၊ ဆေးပညာမှစပြီး ပညာရပ်ဆိုင်ရာများကို ဟောပြောလေ့ရှိသည်။ ပျင်းရိဖွယ်အခန်းများကို ရယ်ရွှင်ဖွယ်စကားလုံးများညှပ်ပြီး ဟောပြောတတ်သဖြင့် ပရိသတ်ကိုလည်း ပိုမိုစွဲလမ်းစေသည်။**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် စက်တင်ဘာ ၂၄**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမ ပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား/ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မုံရွာတွင် မီးပုံးများကို ဈေးနှုန်းအမြင့်ဖြင့် စတင်ရောင်းချ

**မုံရွာ စက်တင်ဘာ ၂၄**

မုံရွာမြို့တွင် သီတင်းကျွတ်အကြို လက်ကျန်မီးပုံးများကို ဈေးနှုန်းအမြင့်ဖြင့် စတင်ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

“အရင်နှစ်ကထက် ကုန်ကြမ်းဈေး သုံးဆလောက်တက်သွားတာကြောင့် မုံရွာမြို့မှာ သီတင်းကျွတ်မီးပုံးလုပ်သူ မရှိပါဘူး။ အရင်နှစ်လက်ကျန်တွေ ခင်းရောင်းနေရတာပါ”ဟု မီးပုံးအရောင်းဆိုင်ရှင်က ပြောသည်။ တစ်နှစ်ထက်တစ်နှစ် သီတင်းကျွတ်မီးပုံးချိုးသူ အရေအတွက် နည်းပါးလာရာ ယခုနှစ်တွင် ပစ္စည်းဈေးအဆမတန် တက်သွားသည့်အတွက် မီးပုံးချိုးသူမရှိဖြစ်လာကြောင်း တွေ့ရသည်။

“မှန်ရောင်စက္ကူဈေးတွေလည်း တက်တယ်။ အတွင်းထဲမှာထည့်တဲ့ ကြေးခြေဈေး (ဖယောင်းတိုင်ထည့်တဲ့ခွက်)၊ ဝါးဈေးတွေလည်း တက်တော့ လုပ်ရတာအဆင်မပြေဘူး”ဟု မီးပုံးလုပ်သူ တစ်ဦးက ပြောသည်။

မြန်မာ့ယဉ်ကျေးမှုလက်မှုကုန်ဖြစ်သောကြောင့် ဝယ်ယူအားပေးသူ အနည်းငယ်ရှိသော်လည်း ဈေးအတက်ကြမ်းသည့်အတွက် အခုရေ အနည်းငယ်သာ ဝယ်ယူကြတော့ကြောင်း သိရသည်။

မီးပုံးတစ်လုံးလျှင် လက်လီဈေးကျပ် ၁၀၀၀ မှ ကျပ် ၃၀၀၀ ကြား ရောင်းချနေပြီး လက်ကားဝယ်လိုသူများကို ကျပ် ၇၀၀ မှ ၂၅၀၀ ကြား ရောင်းချနေကြောင်း သိရသည်။

ဈေးလည်းသင့်ပြီး သုံး၍လည်းဖြစ်သည့် တရုတ်မီးပုံးဈေးကွက်ပင် ပျောက်နေသောကြောင့် လုပ်ရလက်ဝင်ပြီး ဈေးတက်ကြမ်းနေသည့် ဗမာမီးပုံးကို စိတ်ဝင်စားမှုနည်းလာနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## (၁၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ



**ဒိုက်ဦး စက်တင်ဘာ ၂၄**

(၁၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စခန်းမှူးဖလားဖူဆယ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘောနီအမြန်လမ်းမကြီး ရဲစခန်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ဘောနီကျေးရွာ လွင်စွမ်းရာဘာကုမ္ပဏီ၊ C.P.P ကုမ္ပဏီ၊ ဘောနီအမြန်လမ်းမကြီးရဲစခန်း၊ မအူတန်းရဲကင်း၊ သစ်နီရဲကင်း၊ ဝါးကတုတ်ရဲကင်း စသည့်စုစုပေါင်း အသင်း ခုနစ်သင်းဖြင့် အုပ်စု နှစ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ကာ အဖွင့်ပွဲစဉ်အဖြစ် သစ်နီရဲကင်းအသင်းနှင့် လွင်စွမ်းရာဘာကုမ္ပဏီအသင်းတို့ ကွင်းဖွင့်ကစားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



(၁၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့နှင့်အတူ သတင်းရဲတပ်ဖွဲ့၊ အမှတ် (၁၁) တပ်ဖွဲ့ခွဲ(မွန်)မှ တပ်ဖွဲ့ဝင်များ မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်ရှိ ကလေးဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

❍ ကျောဖုံးမှ

မြန်မာအသင်းသည် အိန္ဒိယကို အနိုင်မကစားနိုင်သဖြင့် အုပ်စုဒုတိယနေရာနှင့် လွဲချော်ခဲ့သော်လည်း အကောင်းဆုံးအုပ်စုတတိယနေရာရ လေးသင်းစာရင်းဝင်ကာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

မြန်မာအသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဇင်ညီညီအောင် (ဂိုး)၊ သက်ဟိန်းစိုး၊ ဟိန်းဇေယျာလင်း၊ ဖွဲခန့်မင်း၊ ကောင်းထက်ပိုင်၊ နေမိုးနိုင်၊ အာကာကျော်၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ ခွန်ကျော်ဇင်ဟိန်း၊ ထက်ဖြိုးဝေတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် အနိုင်ရမှ နောက်တစ်ဆင့်တက်ရန် သေချာမည်ဖြစ်သောကြောင့် အကောင်းဆုံးကြိုးစားခဲ့သော်လည်း ၂၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုးပေးလိုက်ရသဖြင့် နောက်မှလိုက်ကစားခဲ့ရသည်။ အိန္ဒိယအသင်းအတွက် ဦးဆောင်ဂိုးကို အသင်းခေါင်းဆောင် ဝါရင့်တိုက်စစ်မှူး ချီသရီက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး လူစားဝင်တိုက်စစ်မှူး ရန်ကျော်ထွေးက ၇၄ မိနစ်တွင် ခေါင်းတိုက်ပြီး ဂိုးပြန်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်သဖြင့် တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အုပ်စု (က) အခြားပွဲတွင် အိမ်ရှင်တရုတ်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း ဂိုးမရှိ သရေကျခဲ့သည်။ အုပ်စု (က) အပြီးတွင် အိမ်ရှင်တရုတ်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ အိန္ဒိယအသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။ မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ရမှတ်၊ ဂိုးကွာခြားချက်တူညီသော်လည်း သွင်းဂိုးနည်းသဖြင့် အုပ်စုတတိယနေရာသာရခဲ့ပြီး ဘင်္ဂလားဒေ့ရှ်အသင်းမှာမူ တစ်မှတ်သာရရှိသည်။ အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်း နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အကောင်းဆုံးအုပ်စု တတိယနေရာ လေးသင်း တွက်ချက်ရာတွင် အုပ်စု (ဂ)၌ နှစ်သင်းသာရှိသဖြင့် ငါးသင်းသာရှိတော့ပြီး အုပ်စု (ဃ) နောက်ဆုံးနေ့ကို စက်တင်ဘာ ၂၅ ရက်မှ ကျင်းပမည်ဖြစ်သော်လည်း မြန်မာအသင်းသည် အကောင်းဆုံးတတိယနေရာရ လေးသင်းစာရင်းဝင်ရန် သေချာခဲ့ခြင်းဖြစ်သည်။ **သတင်း- ကိုညီလေး၊ ဓာတ်ပုံ- MFF**

❁ စာမျက်နှာ ၁၈ မှ

ဟောပြောသူသည် ကော်ဇောပေါ်တွင် တင်ပျဉ်ခွေထိုင်၍ ဟန်အမူအရာအားဖြင့် လက်ဟန်၊ ဦးခေါင်းဟန်၊ မျက်နှာဟန်တို့ကိုအသုံးပြု၍ အမျိုးသားဝတ်စုံ (ပုဆိုး၊တိုက်ပုံ၊ အင်္ကျီလည်ကတုံး၊ ခေါင်းပေါင်း) သို့မဟုတ် တိုင်းရင်းသားဝတ်စုံဖြင့် ဝတ်ဆင်ကြရသည်။ ဆိုင်းက ပံ့ပိုးဆိုင်းတီးနေချိန်တွင် ကွက်စိပ်ဆရာသည် ရေသောက်ခြင်း၊ အနားယူခြင်းပြုလုပ်နိုင်ရန် ရေတကောင်းကို ချပေးထားသည်။ ချီးမြှင့်သည့် ဆုများအနေဖြင့်-

- ပထမ၊ ဒုတိယ၊ တတိယဆု
- ဇာတ်ညွှန်းဆု
- ပံ့ပိုးဆိုင်းဆုတို့ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကွက်စိပ်ဇာတ်ထုတ်များအဖြစ် ဝါသနာရှင် ပထမတန်းပြိုင်ပွဲ၌ တိလမုဋ္ဌိဇာတ်၊ ဝါသနာရှင် ဒုတိယတန်းပြိုင်ပွဲ၌ သသပဏ္ဍိတဇာတ်တို့ကို ပြဋ္ဌာန်းပေးထားသည်။

တိုးတက်ပြောင်းလဲနေသော ခေတ်စနစ်တို့နှင့်အတူ ထိန်းသိမ်းသင့်သည်များ လက်ဆင့်ကမ်းပေးဝေခြင်းများရှိနေမှသာလျှင် နိုင်ငံနှင့် လူမျိုး၊ အစဉ်အလာဟူသည့် ဂုဏ်ဒြပ်တို့သည် တည်တံ့နေမည်ဖြစ်သည်။

“အသီးကိုဆွတ်တယ် ----------
အရွက်ကိုခူးတယ်၊အမြစ်ကိုတူးမယ်
အဲ့ဒီပင်စည် မရှူး
ဘယ်သူရှူးမလဲ ။ ။”

ဆိုသည့် K ဇော်၏ ဥဒဏ်ပန်းအိုးလေးမှ ကဗျာကိုဖတ်ရင်း ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာ့ရွာအတွင်း ကျွန်တော်တို့ မရှူးကြစေရန် လိုအပ်နေပါသည်။ ထိုအချိန်ဝယ် အချိန်အခါကိုက်ပေါ်ပေါက်လာသည့် ကွက်စိပ်သဘင်သည် အမွေအနှစ်ကောင်းပင်ဖြစ်သည်။ နောင်လာနောက်သားမျိုးဆက် မြေးမြစ်များသည် အမွေအနှစ်ကောင်းကို ချစ်မြတ်နိုးစေရန်နှင့် ယဉ်ကျေးမှုအသီးအရွက်အမြစ်တစ်ခုဖြစ်သည့် ကွက်စိပ်သဘင်ကို ဆက်လက်သယ်ဆောင်နိုင်ကြပါစေဟု ဆန္ဒဆုမွန်ပြုလိုက်ရပါတော့သည်။ ။

**မှီငြမ်း။**

**၁။ ကျေးလက်ရိုးရာ မြန်မာမှုဓလေ့များ။ (ဆင်ဖြူကျွန်းအောင်သိန်း) သတ္တမအကြိမ်၊ စာပေဗိမာန်။**
**၂။ သုတကြေးမုံ။(ဒဂုန်နတ်ရှင်)ဒုတိယအကြိမ်၊ စိတ်ကူးချိုချိုအနုပညာ။**
**၃။ ကွက်စိတ်ဗေဒသုခမ။ (မင်းသျှင်အောင်(တွံတေး)။စာပေဗိမာန်။**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 7: My Town
### Lesson 2: Outdoor places around town

**Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| buy | nice | have | and | to |
| bad | want | buy | money | are |

**Lin Lin:** Hey! Zaw Gyi, where (1)_____ you going?

**Zaw Gyi:** I am going (2)_____ the store. I want to buy a toy (3)_____ some candy.

**Lin Lin:** How much (4)_____do you have?

**Zaw Gyi:** I (5)_____ 3000 kyats.

**Lin Lin:** Are you going to (6)_____ a lot of candy?

**Zaw Gyi:** Yes, I am. I (7)_____ to share my candy with you.

**Lin Lin:** Thanks. You are (8)_____. But I don't eat them.

**Zaw Gyi:** Why?

**Lin Lin:** They make my teeth (9)_____. I don't want to go to the dentist.

**Zaw Gyi:** If so, I don't (10)_____ candy.

********************

**Writing**

**(A)Fill in the blanks with a suitable word form.**

(1) The garden is full of dry, (rock) _____ soil.

(2) I like to go (hike) ________.

(3) We slid down the (grass) ________ slope.

(4) We found a (shade) ______ spot for our picnic.

(5) Do you like (camp) _______?

**(B) Supply the correct form of the verb given the brackets.**

(1) (go) We ______ to the park today.

(2) (do) She never _______ her homework.

(3) (run) He can ________ faster than me.

(4) (be) We ______ good students.

(5) (see) Have you ever _______ them?

**(C) Rearrange the following words in the correct order to make a sentence.**

(1) fishing /in/ the /You /can/./ stream / go /

(2) go/sightseeing / in /You/ can/the/park/. /

(3) mountain/You/ hiking/go/can/the/ . / in /

(4) kind/ What/ place/ it/is/of/?/

(5) do/What/there/you/ can / ? /

***********************

Lesson 2: Outdoor places around town

(1) are (2) to (3) and (4)money (5) have (6) buy (7)want (8) nice (9) bad (10) buy

Writing

(A)(1) rocky (2) hiking (3) grassy (4) shady (5) camping

(B) (1) went (2) does (3) run (4) are (5) seen

(C) (1) You can go fishing in the stream.
(2) You can go sightseeing in the park.
(3) You can go hiking in the mountain.
(4) What kind of place is it?
(5) What can you do there?

***********************

## Grade 6

### Unit 5
### Lesson 1 : Where shall we meet?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Seoul is the capital of K__________.
2. He is learning M_______. He is going to work in Malaysia.
3. He likes C_______ food, but he can't use chopsticks.

**II. Supply the correct form of the words given in brackets.**

1. (national) My friend's ______ is French.
2. (meet) A _______ is when people come together to talk and discuss things.
3. (China) The Great Wall of _______ is one of the most famous landmarks in the world.

**III. Supply the correct form of the verbs given in brackets.**

1. (make) Mother_______breakfast for us now.
2. (come) I ______ to you yesterday evening.
3. (play) Do you ___________ badminton?

**IV. Change the following into negative sentences.**

**e.g. She is my friend.**
**She is not my friend.**

1.Zaw Lay is flying a kite in the field.
2.This butter is fresh.
3.Teacher gave us homework.
4.Mu Mu arrives late for school.
5.Lin Lin reads a lot.

**V. Reorder the words to make meaningful sentences.**

1. do/ come/ Where/ you/ ? / from
2. are/ we/ Where/ to / going / ? / meet/
3. in / Our / this / street/ school / . / is
4. free / you / on / Are / ? / Sunday/
5.playing / What / ? / basketball / about

**VI. Complete the dialogues with the given words.**

**Dialogue (1)**

| |
|---|
| delicious yummy snacks trying about |

Lwin Lwin: Hey, I brought some Japanese ______ (1)______ today. Would you like to try some?

Moe Moe: Sure! What is this one called?

Lwin Lwin: It's called "Pocky." It's a ______ (2)______ snack with chocolate on a biscuit stick. Here, try one!

Moe Moe: Mmm, it's ______ (3)______ ! Thank you for sharing!

Lwin Lwin: You're welcome! How ______ (4)______ this one? It's a Korean rice cake.

Moe Moe: I've never tried that before, but I'll give it a taste. Wow, it's spicy, but I like it!

Lwin Lwin: I'm glad you like it. ______ (5)______ new food can be fun and tasty!

********************

Ans:

**Unit 5: Lesson 1 : Where shall we meet?**

I 1. Korea; 2. Malaysian; 3. Chinese;

II 1. nationality; 2. meeting; 3. China;

III 1. is making; 2. came; 3. play;

IV 1. Zaw Lay is not flying a kite in the field.
2. This butter is not fresh.
3. Teacher did not give us homework.
4. Mu Mu does not arrive late for school.
5. Lin Lin does not read a lot.

V 1. Where do you come from?
2. Where are we going to meet?
3. Our school is in this street.
4. Are you free on Sunday?
5. What about playing basketball?

**Dialogue (1)** 1. Snacks; 2. yummy; 3. delicious; 4. about; 5. Trying;

************************

## Grade 7

### Unit 4
### Lesson 4 : Going on a holiday

**I. Complete the sentences with the words given below.**

| | | |
|---|---|---|
| accommodation | adventure | relaxation |
| transport | trekking | underwater |
| seafood | camping | |

1. An _____ is an exciting and fun experience, like going on a hike or exploring a new place.
2. C______ is an outdoor activity where you sleep in a tent and enjoy nature.
3. Fish and other sea creatures live _____ and can swim freely.
4. During our _______ adventure, we saw beautiful landscapes and encountered wildlife.
5. We use ______ to get to school, visit friends, or go on family trips.
6. Reading a book or listening to peaceful music can help you find _____.
7. When we go on vacation, we need to find suitable _____ for our family.
8. Some people enjoy eating _______ because it tastes delicious and is nutritious.

**II. Supply the correct form of the words given in brackets.**

1. (save) Wearing a seatbelt in the car keeps you ____ during the ride.
2. (save) Please, drive ____.
3. (adventure) Climbing a tree or exploring a new playground can be an _____ playtime.
4. (transport) We use public ______.
5. (cook) Mother bought a rice ___ yesterday.

**III. Write a short paragraph on "A memorable holiday in my life".**

**A memorable holiday in my life**

______________________________

______________________________

______________________________

______________________________

********************

Ans:

Lesson 4 : Going on a holiday

I. 1. adventure; 2. Camping; 3. underwater;
4. trekking; 5. transport; 6. relaxation;
7. accommodation; 8. seafood;

II. 1. safe; 2. safely; 3. adventurous;
4. transport; 5. cooker;

III. A memorable holiday in my life

One of the most memorable holidays in my life was when I went on a trip with my family. Last summer, we decided to visit Chaungtha Beach. The journey to the beach was quite long, but we were excited to explore a new place. The moment we arrived, we were greeted by the soft sand and crystal-clear waters. We spent our days swimming, building sandcastles, and enjoying delicious seafood. In the evenings, we gathered around a bonfire and sing songs happily. The sunsets were breathtaking, painting the sky with vibrant colors. We also went on a boat ride and saw colorful fish and coral reefs. It was an incredible experience in my life. The holiday made me relax, bond with my family, and create unforgettable memories.

**************************

## Grade 8

### Unit 5 Lesson 1 : Do you know how to use a computer?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. A d_____ computer is a computer designed to be used on a table or desk.
2. A m_____ is a computer screen on which words or pictures or graphics can be shown.
3. A k________ has keys for cursor movement and entering commands.
4. CPU is the abbreviation of the __________.
5. A c_______ is a movable indicator on a computer screen.

**II. Supply the correct form of the words given in brackets.**

1 (design) My mom is a graphic _____, and she makes cool pictures on the computer.
2. (compute) My dad works in the field of _____, and he helps create software for computers.
3. (operate) The telephone _____ helped me connect the call to my friend.
4. (mean) What is the _______ of this word?
5. (move) The butterfly's colorful wings create a beautiful _____ as it flies.

**III. Complete the following sentences with the correct forms of the verbs given below. There are two extras.**

| | | | |
|---|---|---|---|
| button | wheels | screen | computer |
| CPU | instructions | | contents |

1. A _____ has a monitor, a CPU, a keyboard and a mouse.
2. The table of _____ in the book shows all the chapters and their page numbers.
3. The bicycle has two _____, one at the front and one at the back.
4. The _____ is like the brain of the computer, it helps it think and do tasks.
5. I watched my favorite cartoon on the big TV _____.

***********************

Ans:

**Unit 5 Lesson 1 : Do you know how to use a computer?**

I 1. device; 2. monitor; 3. keyboard;
4. Central Processing Unit; 5. cursor;

II 1. designer; 2. computing; 3. operator;
4. meaning; 5. movement;

III 1. computer; 2. contents; 3. wheels;
4. CPU; 5. screen;

***********************

## Grade 9

### Unit 5 Lesson 1: I love music!

**I. Complete the sentences with the given words.**

| | | |
|---|---|---|
| country | K-pop | rock |
| rap | jazz | pop |

1. _____ is a type of popular music that originated in its modern form in the United States and the United Kingdom.
2. ______ is a type of music that originated in the African-American communities of New Orleans, Louisiana.
3. _________ music has fast and rhythmic words that are fun to listen to.
4. ______is a popular type of music originating in South Korea.
5. I like ______music because it has strong and powerful guitar sounds.
6. My favorite _______ music singer is Taylor Swift.

**II. Complete the dialogues with the given words.**

**Dialogue (1)**

**dancing Let's feel energetic kind**

**Aung Lin:** Hi, Soe Gyi! What ___(1)____ of music do you like?
**Soe Gyi:** Hi, A! I really enjoy pop music. It makes me ___(2)____ happy.
**Aung Lin:** Oh, that's cool! I prefer rock music. It's so ___(3)___.
**Soe Gyi:** Rock music? Can you recommend a band?
**Aung Lin:** Sure! You might like "Lazy Club." They're awesome!
**Soe Gyi:** Thanks! I'll check them out. Do you like any other types of music?
**Aung Lin:** Yes, I also like hip-hop. It's great for ___(4)___.
**Soe Gyi:** Oh, I love dancing too! Let's try dancing to hip-hop together.
**Aung Lin:** Sounds like fun! ___(5)____ do it after school.

**Dialogue (2)**

**relaxing like feel kind**

**Phu Phu:** Hey, Noe Noe, do you ___(1)___ listening to music?
**Noe Noe:** Yes, I do! I listen to music every day.
**Phu Phu:** What ___(2)___ of music do you usually listen to?
**Noe Noe:** I like pop songs and some ___(3)___ tunes too.
**Phu Phu:** That's nice! Music makes me ___(4)___ happy.

**III. Fill each blank with an appropriate word. The initial letters are given to help you.**

1. M_______ can be played with instruments like guitars and pianos.
2. M_______ are how we feel, like happy, sad, or excited.
3. The rain has the e_______ of making the flowers grow.
4. The movie was b_____ because it had no action.
5. What's your o________ on the color blue? Do you like it?
6. The magician's p______ was amazing! He made a rabbit disappear.
7. I like to go to the zoo with my family on w________.
8. The birthday cake was f________! It tasted so yummy.
9. She sang a beautiful s_____ at the concert.
10. Please pay a________ during the story time at the library.

**IV. Supply the correct forms of the words given in brackets.**

1. (sing) He is my favourite _______.
2. (originate) What is the _______ of this word?
3. (music) What kind of _______ instrument can you play?
4. (Korea) Have you tried _____ foods?
5. (boring) The children quickly got _____ with staying indoors.
6. (boring) I have got a ______ job in an office.
7. (perform) Her ________ on the stage was amazing.
8. (agree) He signed an _______ to buy the property.
9. (develop) Good nutrition is important for proper muscle ________.
10. (speak) She gave a short ______ in front of the class about her favorite book."

**V. Supply the correct forms of the verbs given in brackets.**

1. (originate) Pizza _____ in Italy and became popular all over the world.
2. (derive) Chocolate ______ from the cocoa bean, which is found in a cacao tree.
3. (listen) Please, _________ to the teacher during the class.
4. (sing) Listen! He ______ his favourite song.
5. (speak) She can _______ six languages.

**********************

**Answers**

**Unit 5**

**Lesson 1: I love music!**

**I.** 1. Pop; 2. Jazz; 3. Rap; 4. K-pop; 5. Rock; 6. country;

**II.** Dialogue (1) 1. kind; 2. feel; 3. energetic; 4. dancing; 5. Let's;
Dialogue (2) 1. like; 2. kind; 3. relaxing; 4. feel;

**III.** 1. Music; 2. Moods; 3. effect; 4. boring; 5. opinion; 6. performance; 7. weekends; 8. fantastic; 9. song; 10. attention;

**IV.** 1. singer; 2. original; 3. musical; 4. Korean; 5. bored; 6. boring; 7. performance; 8. agreement; 9. development; 10. speech;

**V.** 1. originated; 2. is derived; 3. listen; 4. is singing; 5. speak;

***********

## Grade 12

### Unit 4 EMOTIONAL WELL-BEING

(ယခင်တစ်ပတ်က ဖော်ပြပါရှိသော မေးခွန်းများ၏ အဖြေများ)

**Answers:**

**Unit 4 EMOTIONAL WELL-BEING**

**(2) Read the passage. (Seen passage)**

(A) 1. sympathy; 2. empathize; 3. happiness; 4. surprised; 5. eyebrows;

(B) 1. Sympathy is a feeling of being sorry for someone who is in a bad situation. 2. We feel sympathy for people who are in a bad situation or experiencing hardship. 3. We feel sympathy for flood victims or crash victims because we understand and care about the problems they are facing. We empathize with their suffering and want to show support. 4. We feel empathy for people who have lost their parents, sons, or daughters, as mentioned in the example. 5. Showing empathy help us manage our emotions by training our minds to prepare themselves for challenges.

***************

(ယခင်အပတ်မှအဆက်)

**(3) Read the passage. (Seen passage)**

Anxiety is a normal human emotion that is found as a reaction to stress. Normal anxiety is what we feel when we are exposed to external stresses such as losing a job, having difficulties in marriage or our children getting ill. This type of anxiety is called 'worry' and remains with us until the problem is sorted out in some way. When anxiety occurs in response to a more immediate threat, like being attacked by a huge snarling dog or looking over a cliff edge, this is called 'fear'.

Anger is a strong feeling that makes us want to hurt or criticize someone because of something bad or unfair that has happened. We have expressed this type of emotion to try and deal with a problem rather than run away from it.

Distress is a feeling of sadness which is prompted by the loss of something or tragic events. This often results in tears, lump in the throat and a feeling of heaviness in the chest. If you see a miserable person, you may also feel miserable.

Disgust is a strong feeling of dislike, annoyance or disapproval.

Naturally, we feel disgusted at certain objects or smells, like the smell of rotten food. We move away from such things because they may carry diseases. Thus, this type of emotion helps to protect us from harm or illness.

**(A)Write the correct word or words to complete each sentence. (5 marks)**

1. _______________ feelings are normal human emotions that are found as reactions to stress.
2. Normally, we experience _______ when we are exposed to external stresses such as losing a job, having difficulties in marriage, or our children falling ill.
3. When we feel anxious because of an immediate threat, we call it "_____".
4. Feeling ____________ is a sense of sadness that is triggered by the loss of something or tragic events.
5. Experiencing _______ involves having a strong feeling of dislike, annoyance, or disapproval.

**(B)Answer each question in one sentence. (5 marks)**

1. What is anxiety?
2. When do we experience normal anxiety?
3. What is the type of anxiety called when we are exposed to external stresses?
4. How long does 'worry' remain with us?
5. What is anger?
6. Why do we feel anger?
7. What is distress?
8.What are some physical signs of distress?
9.What can cause distress?
10.What is disgust?
11.What are some examples of things that can make us feel disgusted?
12.Why do we move away from things that disgust us?
13. How does disgust help protect us?

********************

(3) Read the passage. (Seen Passage)

(A) 1. Anxious; 2. anxiety; 3. fear; 4. distressed; 5. disgust;

(B) 1. Anxiety is a normal human emotion that is found as a reaction to stress. 2. We feel normal anxiety when we are exposed to external stresses such as losing a job, having difficulties in marriage, or our children getting ill. 3. The type of anxiety we feel when exposed to external stresses is called 'worry'. 4. 'Worry' remains with us until the problem is sorted out in some way. 5. Anger is a strong feeling that makes us want to hurt or criticize someone because of something bad or unfair that has happened. 6. We feel anger because of something bad or unfair that has happened. 7. Distress is a feeling of sadness that is prompted by the loss of something or tragic events. 8. Distress often results in tears, a lump in the throat, and a feeling of heaviness in the chest. 9. Distress can be caused by the loss of something or tragic events. 10. Disgust is a strong feeling of dislike, annoyance, or disapproval. 11. Certain objects or smells, like the smell of rotten food, can make us feel disgusted. 12. We move away from such things because they may carry diseases. 13. Disgust helps protect us from harm or illness by guiding us to avoid things that may be dangerous or unhygienic.

********************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၂-၉-၂၀၂၄ ရက်မှအဆက်

ထို့ကြောင့်လည်း ဒေါ်လေးသည် ဦးဝင်းအောင် ရောက်လာသည်ဆိုလျှင်ပင် ပျာပျာသလဲ ထွက်၍ ကြိုဆိုဧည့်ခံတတ်သည်။ စားစရာ သောက်စရာများကိုလည်း တစ်ခုပြီးတစ်ခုဆိုသလို ထုတ်၍ ကျွေးတတ်သည်။ ဒေါ်လေး၏အဆိုမှာ လူပျိုကြီး တစ်ကိုယ်တည်းမို့ ဖွယ်ဖွယ်ရာရာမစားရ။ ထမင်းချက်သူ ချက်ကျွေးသမျှ စားနေရသည်ဟု ဆိုတတ်၏။ ထို့ကြောင့်လည်း စေတနာဗရပွဖြင့် ထုတ်ကျွေးတတ်သည်။ ထိုအခါ များတွင် ဒေါ်လေးသည် အပျိုပေါက်ကလေးပမာ ပျော်၍နေတတ်သည်။ ဖျတ်ဖျတ် လတ်လတ်ဖြင့် လှုပ်ရှားသွားလာနေတတ်သည်။

တကယ်တော့ ခင်သန်းဌေးတစ်ယောက်ကသာ ကိုယ့်ပြဿနာနှင့်ကိုယ်မို့ ဦးဝင်းအောင်နှင့် အတွေ့မခံလိုခြင်းဖြစ်၏။ အခြားသူများကမူ ဦးဝင်းအောင်ကို လိုလိုလားလားဖြင့် ဧည့်ခံတတ်ကြသည်။ ဦးမြမောင်၊ ဒေါ်လှတင်တို့အနေဖြင့်လည်း ယခုကဲ့သို့ ဦးဝင်းအောင်တစ်ယောက် ဝင်ထွက်သွားလာနေသည်ကို ကြိုက်နှစ်သက်ပြီးဖြစ်၏။ တကယ်ဆိုတော့လည်း ဦးဝင်းအောင် ပြောင်းရွှေ့လာစကပင် သူ့မိဘများက ဦးမြမောင်၊ ဒေါ်လှတင်ထံသို့ သူတို့သားအား သားရင်းပမာ ဆိုဆုံးမပါရန် မိတ်ဆက်စာပေး၍ အပ်နှံလိုက်သည်မဟုတ်ပါလား။ ထို့ကြောင့်လည်း ဦးမြမောင်၊ ဒေါ်လှတင်တို့က ဦးဝင်းအောင်အားမနာတမ်း ဝင်ထွက်သွားလာရန် ကြည်ဖြူစွာဖြင့် ခွင့်ပြုထားခဲ့ပေသည်။

အမှန်မှာမူ ဦးမြမောင်၊ ဒေါ်လှတင်တို့ကလည်း ငယ်ရာက ကြီးလာသူများပီပီ လူငယ်များ၏ ဆက်ဆံရေးကို ရိပ်မိသည်နှင့်အမျှ လွတ်လပ်စွာ ဆက်ဆံရေးကို မသိမသာ ခွင့်ပြုထားသည်။ အပျိုများရှိသောအိမ်တွင် လူပျိုတစ်ယောက်က ဤမျှအထိ ရေထွက်ခမန်း သွားလာဝင်ထွက်နေသည်မှာ ဤယုန်မြင်၍ပင် မဟုတ်ပါလား။ သို့သော် ၎င်းတို့မှာ အပျိုကြီးကိုလား၊ အပျိုလေးကိုလား ဟူ၍ကား ခွဲခွဲခြားခြား အကဲမခတ်တတ်ဘဲ ဖြစ်နေသည်။

နောက်ပြီး ဦးမြမောင်၊ ဒေါ်လှတင်တို့မှာ မိမိတို့လို မြို့ကလေးတွင် အရေးပါအရာရောက်သော အရာရှိလူပျိုတစ်ယောက်နှင့် မိမိတို့၏ သမီးပျိုမှာ အကယ်၍ ငြိစွန်းသွားလျှင်လည်း မိမိတို့မြို့ကလေး၏ ထိပ်ဆိုသော မြို့ပိုင်၊ နယ်ပိုင်တစ်ယောက်ကို သမက်တော်ရမည်မို့ ဝင့်ကြွား၍မဆုံး ဖြစ်နေပေမည်။ သို့မဟုတ်ဘဲ မိမိတို့နှင့် လက်ရည်တစ်ပြင်တည်း အတူနေ အငယ်ဆုံးဖြစ်သူ ညီမပျိုနှင့် ခင်မင်ရင်းနှီးသွားလျှင်လည်း ကျေနပ်ဝမ်းသာမဆုံး ဖြစ်ရပေမည်။

ထို့ကြောင့်လည်း ဒေါ်လှတင်သည် ဦးဝင်းအောင် ရောက်လာလျှင် ရှောင်ဖယ်ဖယ်နေလေ့ရှိသော သမီးဖြစ်သူ ခင်သန်းဌေးကို အတင်းခေါ်၍ တွေ့ဆုံပေးတတ်သည်။

ဤကဲ့သို့ မိဘဖြစ်သူတို့၏ စိတ်နေသဘောထားကို သိလာရသောအခါ ခင်သန်းဌေးမှာ ဘေးကျပ်နံကျပ် ဖြစ်လာရသည်။ မည်ကဲ့သို့ပင် မိဘများအနေဖြင့် သဘောတူကြပေမင့်လည်း မိမိအနေဖြင့်မူ မကြည်ဖြူနိုင်ပေ။ အမှန်မှာ ဦးဝင်းအောင်လို လူတစ်ယောက်ကို မိမိအသည်းနှလုံးက လက်မခံနိုင်အောင် ဖြစ်ရသည်မှာလည်း တကယ်တော့ မိမိအသည်းပြင်ဝယ် မြှုပ်နှံရန် ကွက်လပ်မရှိသောကြောင့်သာတည်း။

သည်ကဲ့သို့ မိမိ၏ အသည်းပြင်ကွက်လပ်ကို ဖြည့်တင်းထားသည်ကလည်း ယခုမှမဟုတ်ပေ။ မိမိအပျိုဖော်ဝင်စ၊ ရွှေရင်သိမ်းစအရွယ်ကစပြီး မသိမသာ ကိန်းအောင်းနေခြင်းသာ ဖြစ်၏။ ယခုကဲ့သို့ ဦးဝင်းအောင်လို လူတစ်ယောက်က မိမိ၏ အသည်းပြင်နှလုံးသားကို ထိုးဖောက်လာသောအခါ ထိုကွက်လပ်ကို ဖြည့်တင်းထားသူကား မည်သူဟု သိသိသာသာ ပေါ်လွင်လာတော့သည်။

ခက်သည်ကား မိမိကသာ သူ့အား ကိုယ့်အသည်းနှလုံးသားများကို အပ်ထားခြင်းဖြစ်ပေမင့်လည်း သူကမူ ယခုထိ မိမိအား တိတိကျကျ၊ ရေရေရာရာ ချစ်ရေးမဆိုခြင်းပင်တည်း။

ထိုအထဲ ဦးဝင်းအောင်၏ သတင်းများကလည်း မကြားချင်အဆုံး ဖြစ်နေသည်။ တစ်ခါကဆိုလျှင် ဦးဝင်းအောင်သည် ပါတီပွဲတစ်ခုတွင် အရက်များ အလွန်အကျွံ သောက်စားမူးယစ်ပစ်လိုက်သဖြင့် အခြားအရာရှိများက အိမ်တိုင်ရာရောက် ထမ်းပို့ကြရသည်ဟု ဆိုသည်။ ဤမျှအထိ သောက်စားမှုနှင့် ပတ်သက်လာလျှင်လည်း သတင်းမွှေးပါဘိ။

တစ်ဖန် လောင်းကစားမှုနှင့်ပတ်သက်၍ ကြားရသည့် သတင်းကလည်း ဘိလိယက်ထိုးကြစို့ဆိုလျှင် အခြားသူများကသာ လူလဲတတ်သည်။ သူကားမလဲ။ ဖဲဝိုင်းတွေ့မိပြီဆိုလျှင်လည်း မထတမ်း ဖဲရိုက်တတ်သည်။ အခြား မင်းကတော် စိုးကတော်များနှင့် ဒူးတင်ပေါင်တင် ထွေးရောယှက်တင် ပြုမူနေထိုင်တတ်သည်ဟု ကြားရပြန်သည်။ တစ်ခါတစ်ခါဆိုလျှင် မေမေ့ကိုပင် ဦးဝင်းအောင်က ဟောလီဝုဆွဲရန် အတင်းလာခေါ်သွားတတ်သည်။ သူတို့၏ ဆင်ခြေကား အပျင်းပြေပါတဲ့။

မိန်းမမှုနှင့်ပတ်သက်၍ သတင်း နားထောင်လိုက်သောအခါမှာလည်း မိန်းမပျိုကလေးများအဖို့ အနားမကပ်ဝံ့လောက်အောင် ကျောချမ်းစရာ အဖြစ်မျိုးနှင့် ကြုံတွေ့ရတတ်သည်ဟု ဆိုသည်။

တစ်ခါက ခင်သန်းဌေးသည် သူငယ်ချင်းဖြစ်သူ မတင်ညိုတို့အိမ်သို့ အလည်အပတ် ရောက်သွားမိသည်။ မတင်ညို၏ မိခင်အား အနှိပ်သည်အဒေါ်ကြီးတစ်ဦးက နင်းနှိပ်နေသည်ကို တွေ့ရ၏။ မတင်ညို၏ မိခင်က အနှိပ်သည်အဒေါ်ကြီးအား "မနေ့က ဘာလို့ မလာသလဲ" ဟု မေးရာမှ ရင်နာစရာ ကြားခဲ့ရပြန်သည်။

"မနေ့က ကျုပ်လည်း လာဖို့ပဲတော်၊ အိမ်နားက ကလေးမကလေး တစ်ယောက်ဆုံးနေလို့"

"ဘာပြုလို့ ဆုံးတာလဲ"

မတင်ညို၏မိခင်က မိန်းမတို့ဝါသနာအတိုင်း စပ်စုလိုက်သည်။

"အင်း၊ ပြောရမှာတောင် တယ်မပြောချင်ပါဘူးတော်။ သေပြီးသား ကလေးမရဲ့နာမည် ထိခိုက်မှာစိုးလို့"

အနှိပ်သည်အဒေါ်ကြီးက မပြောချင်ဟန်ဖြင့် ညည်းညူလိုက်၏။

"ဆိုပါဦးလေ၊ ဘယ်လိုဖြစ်ပြီး ဆုံးတာလဲ။ ဒီက လူတွေဟာပဲ။ တခြားလူတွေမှမဟုတ်ဘဲ၊ ပြောပါ"

"အင်း၊ ကလေးမရဲ့အဖြစ်က ရင်ကျိုးစရာပဲ။ ကောင်မလေးက အခုမှ အသက် ၁၇ နှစ်လောက်ပဲ ရှိဦးမယ်၊ အပျိုလေးပေါ့။ ကလေးမလေးက နည်းနည်းတော့ ဆင်းရဲတယ်။ လက်လုပ်လက်စားထဲကပဲ။ သားအမိနှစ်ယောက်တည်းရယ်။ အမေလုပ်တဲ့သူက မျက်စိကောင်းကောင်း မသန်ဘူး။ ဒါပေမဲ့ ကောင်မလေးရုပ်ရည်ကလေးက သနားကမားလေးရယ်။ လှတယ်ဆိုပါတော့။ အဲဒါ သူတို့အိမ်နားက အရာရှိဆိုလား၊ မြို့ပိုင် နယ်ပိုင်ဆိုလား၊ ဘာဆိုလား မသိပါဘူး။ အဲဒီအိမ်ကို ဝင်ထွက်သွားလာနေတယ်လေ။ အဲဒီအိမ်မှာရှိတဲ့ စောင်တို့၊ အဝတ်အစားတို့ ဖွပ်လျှော်ပေးနေကျပေါ့။ တခြားဗာဟီရ အလုပ်ရှိလည်း သွားလုပ်ပေါ့လေ။ အဲဒီအရာရှိအိမ်ကလည်း ပိုက်ဆံပေးရုံတွင်မကဘူး။အစားအသောက် ထမင်း ဟင်းတို့ကအစ ပေးကမ်းနေတယ်ဆိုပါတော့။ ကောင်မလေးကလည်း ဘာမဆို သွက်သွက်လက်လက် ချက်ချက်ချာချာ လုပ်ကိုင်ပေးတတ်တယ်။ အဲ အဲ၊ နောက်ဆုံးတော့ ဖအေမပေါ်ဘဲ ကလေးဖျက်ချရတဲ့အထိ ဖြစ်သွားတာပဲ"

"ဟယ်"

မတင်ညို၏မိခင် ပါးစပ်မှ အံ့ဩသံထွက်ပေါ်လာသည်။ ၎င်းတို့နှင့် မလှမ်းမကမ်းတွင် စကားလက်ဆုံကျနေသော မတင်ညိုနှင့် ခင်သန်းဌေးတို့မှာလည်း အဒေါ်ကြီး၏စကားများကြောင့် စိတ်ဝင်စားလာကြသည်။

"နေပါဦး၊ ဖအေနာမည် မဖော်နိုင်လောက်အောင် ဘယ်သူနဲ့ ဖြစ်တာမို့လဲ။ အဲဒီအိမ်က အရာရှိနဲ့လား၊ မင်းစေနဲ့လား၊ ဒရိုင်ဘာနဲ့လား၊ သူတို့မှာ လက်ရှိမိန်းမရှိနေလို့လား။ တကတဲတော် နှမချင်းမစာ၊ သမီးချင်းမစာ"

မတင်ညို၏မိခင်က အမေးစကားများကို တစ်ပြုံကြီး မေးပစ်လိုက်ရင်း ရေရွတ်လိုက်သည်။

"ဘယ် မင်းစေ၊ ဒရိုင်ဘာနဲ့ ဟုတ်ရမှာလဲ။ သူတို့ချင်းဆို ယူရုံပဲရှိတာပဲ။ ခုကြည့်လေ။ ကိုယ်ဝန်ဖျက်ချဖို့ ငွေသုံးရာပေးတယ်ဆိုကတည်းက ဟိုအရာရှိနဲ့ ရှိမှာပေါ့တော်။ ပြီးတော့ ဒီအရာရှိဆိုသူကလည်း မိန်းမ မရှိဘူး၊ လူပျိုဆိုလား"

ခင်သန်းဌေးနှင့်တကွ ကြားရသူများမှာ မယုံနိုင်လောက်အောင် တအံ့တဩဖြစ်နေရသည်။ အနှိပ်သည် အဒေါ်ကြီးကလည်း ပြောလက်စမို့ သူ့စကားကို ပြည့်စုံအောင်ဆက်ပြန်သည်။

"ဒီတော့ ကလေးမလေးကလည်း အရှက်ကို မငဲ့နိုင်တော့ အနှိပ်သည်ခေါ်ပြီး ကိုယ်ဝန်ကို ဖျက်ချရတာပေါ့။ အဲဒါ သွေးလွန်သွားရာက အဖျားသွေးဝင်လာပြီး နောက်ဆုံးတော့ ခမျာမှာ အသက်ပါဆုံးသွားရှာတာပါပဲ"

သည်လိုကြားလာရသောအခါ ခင်သန်းဌေးမှာ ထိုဆုံးရှာသော အမျိုးသမီးကလေးအတွက် ကိုယ်ချင်းစာကာ အလိုလိုရင်ဆို့၍ ရင်များပင် နာလာမိသည်။ အင်း၊ ထိုအရာရှိဆိုသူမှာ မုချ ဦးဝင်းအောင်ပင် ဖြစ်ရပေမည်။ ဤမြို့တွင် မြို့ပိုင် အရာရှိ လူပျိုဆို၍ ဦးဝင်းအောင် တစ်ယောက်တည်းသာ ရှိသည်မဟုတ်ပါလား။

ထိုအခါ ခင်သန်းဌေး၏ အာရုံထဲသို့ တပ်မက်သော မျက်လုံးကြီးများဖြင့် မိမိအား စူးစူးဝါးဝါး စိုက်၍ စိုက်၍ကြည့်လေ့ရှိသော ဦးဝင်းအောင်၏ မျက်နှာကြီးကို အလိုလို ဟပ်ထင်လာသောအခါ ခင်သန်းဌေး၏ရင်ဝယ် တလှပ်လှပ်တုန်၍ ကျောကပါ စိမ့်၍လာတော့သည်။

[ ၃၂ ]

တကူ ကူး ကူး။

ချိုးငှက်၏ တွန်ကျူးသံသည် အဝေးဆီမှ ပျံ့လွင့်လာသည်။

ခင်သန်းဌေးသည် အသံလာရာ အဝေးဆီသို့ မျှော်၍ကြည့်လိုက်သည်။ မြူတွေကြားမှ ညို့ညို့မှိုင်းနေသော ပုပ္ပားတောင်ကြီးကို တွေ့ နေ ရသည်။ တောင်ဘက်ဆီသို့မျှော်လိုက်သောအခါ တောင်ကလပ်တောင်ကလေးကိုလည်း စေတီများနှင့် ကြည်နူးစဖွယ် ဖြစ်နေရသည်။ တစ်ဖန် မိမိ၏ အနားပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါတွင် သရက်ပင်၊ ပိန္နဲပင်၊ တရုတ်စကားပင်၊ ငှက်ပျောပင် စသည်တို့ဖြင့် နေပြောက်မထိုးနိုင်လောက်အောင် ပေါက်နေကြသည်။

ခင်သန်းဌေးထိုင်နေသော သရက်ပင်၏ ခြေရင်းမှာမူ အရှေ့ဘက်ပုပ္ပားတောင်မကြီးဆီမှ စိမ့်ယိုထွက်လာသော စမ်းချောင်းငယ်လေးသည် တသွင်သွင် စီးဆင်းလာကာ အနောက်ဘက်ရှိ ပုပ္ပားမြို့လယ်ဆီသို့ ဖြတ်သန်းစီးဆင်းသွားလျက်ရှိသည်။ ထို့ကြောင့် ခင်သန်းဌေးထိုင်နေသော နေရာကလေးသည် အေးမြကြည်လင်လှသည်။ ဆိတ်ငြိမ်လှသည်။ ပတ်ဝန်းကျင် တောတောင်ရေမြေတို့၏ အေးမြကြည်လင်မှုသည် ထိုင်နေသူ ခင်သန်းဌေးအား တဒင်္ဂတွင် ဘဝင်ကျ၍ ချမ်းမြေ့နေစေသည်။

**ဆက်လက်ဖော်ပြပါမည်။**

"မိဘများအနေဖြင့် သဘောတူကြပေမင့်လည်း မိမိအနေဖြင့်မူ မကြည်ဖြူနိုင်ပေ။ အမှန်မှာ ဦးဝင်းအောင်လို လူတစ်ယောက်ကို မိမိအသည်းနှလုံးက လက်မခံနိုင်အောင် ဖြစ်ရသည်မှာလည်း တကယ်တော့ မိမိအသည်းပြင်ဝယ် မြှုပ်နှံရန် ကွက်လပ်မရှိသောကြောင့်သာတည်း။ သည်ကဲ့သို့ မိမိ၏အသည်းပြင်ကွက်လပ်ကို ဖြည့်တင်းထားသည်ကလည်း ယခုမှမဟုတ်ပေ။ မိမိအပျိုဖော်ဝင်စ၊ ရွှေရင်သိမ်းစအရွယ်ကစပြီး မသိမသာ ကိန်းအောင်းနေခြင်းသာဖြစ်၏။ ယခုကဲ့သို့ ဦးဝင်းအောင်လို လူတစ်ယောက်က မိမိ၏အသည်းပြင်နှလုံးသားကို ထိုးဖောက်လာသောအခါ ထိုကွက်လပ်ကို ဖြည့်တင်းထားသူကား မည်သူဟု သိသိသာသာပေါ်လွင် ..."

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# ဆယ်လ်တာဗီဂိုကိုအနိုင်ရပြီး စပိန်လာလီဂါအမှတ်ပေးဇယားထိပ်၌ ဘာစီလိုနာအသင်း ဆက်လက်ဦးဆောင်

ဘာစီလိုနာအသင်းနဲ့ ဆယ်လ်တာဗီဂိုအသင်းတို့ စက်တင်ဘာ ၂၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ဘာစီလိုနာအသင်းက ဆယ်လ်တာဗီဂိုအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အဝေးကွင်းကို လာရောက်ကစားခဲ့တဲ့ ဆယ်လ်တာဗီဂိုအသင်းက ပထမပိုင်းပွဲကစားချိန် ၁၉ မိနစ်မှာ လာဆင်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ဒုတိယပိုင်း ၇၆ မိနစ်မှာ ဒူဗီကက်စ်ရဲ့ သွင်းဂိုး ထပ်မံရရှိခဲ့လို့ အိမ်ရှင်ဘာစီလိုနာအသင်းကို နှစ်ဂိုးပြတ်နဲ့ ဦးဆောင်ကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဒုတိယပိုင်းမိနစ် ၈၀ အထိ ချေပဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ၈၁ မိနစ်ရောက်မှသာ လီဝန်ဒိုစကီးရဲ့ သွင်းဂိုးရရှိခဲ့လို့ ပထမဆုံး ချေပဂိုးစတင်ရရှိခဲ့ပြီး ၈၅ မိနစ်မှာ လီဝန်ဒိုစကီးရဲ့ ဒုတိယသွင်းဂိုးနဲ့ ၈၉ မိနစ်မှာ ကန်ဆယ်လိုက တစ်ဂိုး သွင်းယူပေးခဲ့တာကြောင့် သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။




ဘာစီလိုနာအသင်းဟာ ဆယ်လ်တာဗီဂိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါအဖွင့်ပွဲစဉ် ခြောက်ပွဲမှာ ငါးပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ ရှုံးပွဲမရှိ စံချိန်နဲ့အတူ ရီးယဲလ်မက်ဒရစ်အသင်း ပွဲစဉ်(၆) မကစားမီအချိန်မှာ ရမှတ် ၁၆ မှတ်ရရှိထားကာ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိနေတာ ဖြစ်ပါတယ်။


ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ အက်သလက်တီကို မက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် မက်ဒရစ်ဒါဘီပွဲစဉ်မှာ အနိုင်ရရှိခဲ့မယ်ဆိုရင် ဘာစီလိုနာအသင်းကို နှစ်မှတ်ဖြတ်ကာ ဇယားထိပ်၌ ဦးဆောင်ခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။

အခြားသော စပိန်လာလီဂါပွဲစဉ်တွေမှာ ဂျီရိုနာအသင်းက မာယော့ကာအသင်းကို ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အိုဆာဆူနာအသင်းနဲ့ ဆီဗီလာအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ အယ်လ်မာရီးယားအသင်းနဲ့ ဗလင်စီယာအသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

# ကစားသမားဘဝမှ အနားယူဖွယ်ရှိနေတဲ့ ဒီဂီယာ

မန်ယူအသင်းရဲ့ဂိုးသမားဟောင်းတစ်ဦးဖြစ်တဲ့ ဒီဂီယာဟာ အဓိကကလပ်အသင်းတစ်ခုမှာ ပထမဦးစားပေးဂိုးသမားအဖြစ် ရွေးချယ်ခြင်းမခံခဲ့ရပါက ကစားသမားဘဝကနေ အနားယူဖွယ်ရှိနေတယ်လို့ သိရပါတယ်။

မန်ယူအသင်းကစားသမားဟောင်း ဒီဂီယာဟာ ဆော်ဒီအာရေဗျကလပ်အသင်းတွေရဲ့ ကမ်းလှမ်းမှုအပြင် ကလပ်အသင်းအများစုရဲ့ ကမ်းလှမ်းမှုကိုလည်း ငြင်းဆိုထားတာဖြစ်ပါတယ်။ ဂိုးသမား ဒီဂီယာဟာ မန်ယူအသင်းနဲ့အတူ ၁၂ နှစ်ကြာ ပါဝင်ကစားခဲ့သူဖြစ်ပြီး မန်ယူအသင်းအတွက် ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေ ဖလား၊ ယူရိုပါလိဂ် ဖလား တို့ ကို ရယူ ပေး နိုင် ခဲ့သူ ဖြစ် ပါ တယ်။



ငွေကြယ် - ရေးသားသည်


## ဘန်လေကို အနိုင်ရပြီး အမှတ်ပေးဇယားအဆင့်(၈)နေရာကို မန်ယူ တက်လှမ်း

စက်တင်ဘာ ၂၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘန်လေအသင်းနဲ့ မန်ယူအသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၆)မှာ မန်ယူအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၈)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

**သွင်းယူပေးခဲ့**

အဲဒီပွဲစဉ်မှာ မန်ယူအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်က သွင်းယူပေးခဲ့တာဖြစ်ပြီး ဘရူနိုဖာနန်ဒက်စ်ရဲ့ အခုသွင်းဂိုးဟာ ယခုနှစ် ဇန်နဝါရီလနောက်ပိုင်း ပရီမီယာလိဂ်အဝေးကွင်း ပထမဆုံးသွင်းဂိုး ဖြစ်ပါတယ်။

မန်ယူအသင်းဟာ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ် ခြောက်ပွဲကစားပြီးချိန်မှာ သုံးပွဲ နိုင်၊ သုံးပွဲရှုံးရလဒ်နဲ့ ရမှတ် ကိုးမှတ် ရရှိထားတာဖြစ်ပြီး ဘန်လေ အသင်းကတော့ ပရီမီယာလိဂ် ငါးပွဲ ကစားပြီးချိန်မှာ လေးပွဲရှုံး၊ တစ်ပွဲသရေရလဒ် ထွက်ပေါ်ခဲ့လို့ ရမှတ်တစ်မှတ်သာ ရရှိကာ အမှတ်ပေးဇယား အောက်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။



## အာဆင်နယ်နှင့် စပါးတို့ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ချယ်လ်ဆီးအသင်း အိမ်ကွင်း၌ ရှုံးပွဲကြုံတွေ့

စက်တင်ဘာ ၂၄ ရက်ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေထဲမှာ အကောင်းဆုံးပွဲစဉ် တစ်ပွဲဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ချယ်လ်ဆီးအသင်းကတော့ အိမ်ကွင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အာဆင်နယ်အသင်းက ပွဲကစားချိန် ၂၆ မိနစ်မှာ ရိုမီရိုရဲ့ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုးနဲ့ ၅၄ မိနစ်မှာ ရရှိခဲ့တဲ့ ဆာကာရဲ့ပင်နယ်တီသွင်းဂိုးတို့ရရှိခဲ့ကာ စပါးအသင်းကတော့ ၄၂ မိနစ်နဲ့ ၅၅ မိနစ်တို့မှာ ဆွန်ဟောင်မင်ရဲ့ သွင်းဂိုး နှစ်ဂိုးရရှိခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကတော့ အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်မှာ အက်စ်တွန်ဗီလာအသင်းကို ဧည့်ခံကစားခဲ့ရပြီး ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်း ၅၈ မိနစ်မှာ ချယ်လ်ဆီးအသင်းကစားသမား ဂတ်စတို တိုက်ရိုက်အနီကတ်ပြသခံခဲ့ရတာကြောင့် ချယ်လ်ဆီးအသင်းက တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၇၃ မိနစ်မှာ ဝက်ကင်စ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

## ဝက်စ်ဟမ်းအသင်းကို အနိုင်ရပြီး ရှုံးပွဲမရှိစံချိန်နဲ့အတူ အမှတ်ပေးဇယားဒုတိယနေရာကို တက်လှမ်းခွင့်ရရှိခဲ့တဲ့ လီဗာပူးအသင်း




လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၆) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရှုံးပွဲမရှိစံချိန်နဲ့အတူ အမှတ်ပေးဇယား ဒုတိယနေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၆)အဖြစ် စက်တင်ဘာ ၂၄ ရက်ညပိုင်းမှာ ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားခဲ့ရပြီး သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငါးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်**

လီဗာပူးအသင်းအနေနဲ့ ပရီမီယာလိဂ်ခြောက်ပွဲကစားပြီးချိန်မှာ ငါးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ကာ ရမှတ် ၁၆ မှတ်ရရှိခဲ့တာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းနဲ့ပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၆ မိနစ်မှာ မိုဟာမက်ဆာလာက ပင်နယ်တီကနေ တစ်ဂိုး၊ မိနစ် ၆၀ မှာ နူနက်ဇ်က တစ်ဂိုး၊ ၈၅ မိနစ်မှာ ဂျိုတာက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုး တစ်ဂိုးကိုတော့ ၄၂ မိနစ်မှာ ဘိုဝင်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ နူနက်ဇ်ဟာ အခုဘောလုံးရာသီအတွင်း လေးဂိုးမြောက် ပရီမီယာလိဂ်သွင်းဂိုး သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးအသင်းအနေနဲ့ ၁၈ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်တင်ထားနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

**အား ကစား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**







## ကျောက်တံတားမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ တိပိဋကနိကာယ် မော်လမြိုင်ကျောင်း၌ ကျင်းပသည်။

ဦးစွာ သဘာပတိ ကျောက်တံတားမြို့နယ်သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးစန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် အသင်းဝင် ဦးနိုင်ဝင်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး အသင်းဝင် ဒေါ်ခင်မမက အသင်းစာရင်းစစ်၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် အသင်းဝင်ကိုယ်စားလှယ်များ၏ မေးမြန်းဆွေးနွေးချက်များကို ဒါရိုက်တာအဖွဲ့မှ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းသားစာရင်းစစ် အစီရင်ခံစာများကို သဘာပတိမှတစ်ဆင့် အတည်ပြုချက်ရယူခြင်းများကို ဆောင်ရွက်ပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရပ်နားခဲ့သည်။

ယနေ့အစည်းအဝေးသည် ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်အတွင်း အသင်းစု၏



လုပ်ငန်းဆောင်ရွက်ချက်များနှင့် ငွေစာရင်းများကို နှစ်ချုပ်စာရင်းများ ရေးဆွဲဆောင်ရွက်ထားရာ အသင်းဝင်များသိရှိစေရန်နှင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်သင့်သော အကြံဉာဏ်အဆိုပြုချက်နှင့် တိုးတက်ရာ တိုးတက်ကြောင်း တင်ပြဆွေးနွေးနိုင်ရန်နှင့် တင်ပြသော ငွေစာရင်းများ၊ အကျိုးငွေခွဲဝေပေးမှုတို့ကို အသင်းသားအားလုံး၏ အတည်ပြုချက်ရယူနိုင်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ကျောက်တံတားမြို့နယ် သမဝါယမအသင်းစုလီမိတက်တွင် အသင်းပေါင်း ၄၂ သင်း ပါဝင်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

**ကြော်ငြာစာ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်- ၂၁၂၊ ဦးပိုင်အမှတ်- ၁၂/၁၇၊ ခဲစင်းမြောက်ခြမ်း/ ၉၀ C လမ်း၊ ၂၅x၂၆ လမ်းကြားရှိ ဒေါ်စိန်ငွေး၊ ဦးကျော်ညွန့်၊ ဒေါ်စော အမည်ပေါက် ဂရန်မြေကွက်အား ဦးကိုလေး၊ ဒေါ်စိန်ငွေး၊ ဦးကျော်ညွန့်တို့ကွယ်လွန်၍ ကျန်ရစ် သောပူးတွဲအမည်ပေါက်သူ ဒေါ်စော [၉/မနတ(နိုင်)၀၇၃၁၂၅]က ဂရန်စာချုပ် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံ ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်နှင့် ခဲစင်းပြ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျမင်္ဂလာ (၁)လမ်း၊ အမှတ် (၁၈/ဘီ) ဒုတိယထပ် (၄-လွှာ)၊ ခြေရင်းခန်း ဟုခေါ်တွင်သော တိုက်ခန်းအား ဦးဇေယျာစိုး [၉/လဝန(နိုင်)၂၀၀၉၉၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယခု အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ဖြေရှင်းနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက် (၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-31066498,09-769147794**

## အာရှအားကစားပြိုင်ပွဲ အမျိုးသမီး ထိုက်ချီချမ် + ထိုက်ချီကျန့်ပြိုင်ပွဲ နှစ်ခုပေါင်းတွင် မြတ်နိုးအိမ် ဆုတံဆိပ်နှင့် လွဲချော်

**ရန်ကုန် စက်တင်ဘာ ၂၄**

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ ပထမနေ့ကို စက်တင်ဘာ ၂၄ ရက်က စတင်ကျင်းပရာ အမျိုးသမီး ထိုက်ချီချမ် + ထိုက်ချီကျန့်ပြိုင်ပွဲ နှစ်ခုပေါင်းတွင် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားမယ် မြတ်နိုးအိမ် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

**အဆင့် ၁၂ နေရာသာ ရရှိ**

ပြိုင်ပွဲနှစ်ခုပေါင်းတွင် ဆုတံဆိပ်တစ်ခု ချီးမြှင့်ခြင်းဖြစ်ပြီး မြတ်နိုးအိမ်သည် အဆင့် ၁၂ နေရာသာရရှိသည်။ မြတ်နိုးအိမ်သည် ထိုက်ချီချမ်ပြိုင်ပွဲတွင် ၉ ဒသမ ၃၆၀ မှတ်၊ ထိုက်ချီကျန့်ပြိုင်ပွဲတွင် ၉ ဒသမ ၀၁၀ မှတ်ဖြင့် စုစုပေါင်း ၁၈ ဒသမ ၃၇၀ မှတ်ရရှိခဲ့သည်။ ထိုက်ချီချမ် + ထိုက်ချီကျန့်ပြိုင်ပွဲ နှစ်ခုပေါင်းတွင် အိမ်ရှင်တရုတ်နိုင်ငံသူ တုန်ကျင်က ၁၉ ဒသမ ၆၉၆ မှတ်ဖြင့် ရွှေတံဆိပ်၊ ဘရူနိုင်းနိုင်ငံသူ ဘာစမာက ၁၉ ဒသမ ၅၀၂ မှတ်ဖြင့် ငွေတံဆိပ်၊ ဟောင်ကောင်ဝူရှူးမယ် ချန်စုဂျင်က ၁၉ ဒသမ ၄၇၆ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ ဝူရှူးပြိုင်ပွဲ ပထမနေ့တွင် ပြိုင်ပွဲနှစ်ခု စတင်ကျင်းပရာ အိမ်ရှင်တရုတ်နိုင်ငံက ရွှေတံဆိပ် နှစ်ခုစလုံး ရရှိခဲ့သည်။

**ဆက်လက်ယှဉ်ပြိုင်မည်**

မြန်မာဝူရှူးအဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် ကစားသမားလေးဦးဖြင့် ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ကျန်ကစားသမားသုံးဦး ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

## အင်အား အနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့ညနေ ၅ နာရီ ၄၄ မိနစ် ၃၇ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၂၉ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(တိုက်ကြီးမြို့၏ အရှေ့တောင်ဘက် ရှစ်မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၇ ဒသမ ၂၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၇ ဒီဂရီ၊ အနက်ကီလိုမီတာ ၈၀ ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ကြေးမုံ



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇေယျာသီရိခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ဦး ဦးဆောင်၍ ဇေယျာသီရိခရိုင်မှ ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

အေးလင်းထွန်း(ပြန်/ဆက်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၄-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၄၅၆။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးထွန်းထွန်းဝင်းနှင့်ဇနီး ဒေါ်နန်းဒန္တီအောင်၊ (သား)မောင်စိုင်းကောင်းခန့်ပိုင်၊ (သမီး) မနန်းသန့်ကြည်ပိုင်မိသားစုနှင့် ညီအစ်ကိုမောင်နှမများကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၂ စုံ) | ၄၀၀၀၀၀၀ |
| ၆၄၅၇။ | မိဘများဖြစ်ကြသော ဒေါက်တာမျိုးမြင့်နှင့်ဇနီး ပါမောက္ခ ဒေါ်တင်တင်တို့အားရည်စူး၍ (သား)ကိုကောင်းဇံ မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၆၄၅၈။ | ကွယ်လွန်သူကျေးဇူးရှင်မိဘနှစ်ပါးနှင့် အစ်မကြီး၊ မောင်လေး၊ အစ်ကို၊ အစ်မတို့အားရည်စူး၍ ဒေါ်ငွေးနှင့်မောင်နှမ မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၆၄၅၉။ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးထူးထူးရှိန်ဦးနှင့်ဇနီး ဒေါ်စန္ဒာ၊ (သမီးကြီး) မစံဝတီထူး၊ (သမီးငယ်) မစံရတီထူးမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၆၄၆၀။ | ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်ကြသော ဗိုလ်မှူးကြီးမြင့်ဝေနှင့်ဇနီး ဒေါ်ခင်မြင့်မြင့်တို့အားရည်စူး၍ ဗိုလ်မှူးကြီးခင်မောင်လှိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်ယဉ်မင်းမြင့် မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၆၄၆၁။ | ဦးထွန်းအောင်နှင့်ဇနီး ဒေါ်ဖြူဖြူ (သား) မောင်ရွှေဇံအောင်၊ မောင်ဟန်ဆုယဉ်၊ (မြေး) မောင်ဇွဲထက်အောင် မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၆၄၆၂။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဒေါက်တာဘရွှေနှင့်ဇနီး ဒေါ်မူမူခင်၊ (သမီး) မအေးသန္တာရွှေ ဒေါက်တာမြဇင်ရွှေ (သား) မောင်ဖြိုးကျော်သူမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၆၄၆၃။ | ဦးချစ်သန်းအားရည်စူး၍ ဒေါ်သောင်းဇင် မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၆၄၆၄။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးစိန်မြင့် နှင့်ဇနီး ဒေါ်စိန်ကျင်၊ ဒေါ်မေမြင့်၊ ဒေါ်သန်းဦးတို့အားရည်စူး၍ ဒေါ်သန်းရီ၊ ဒေါ်ရင်ငွေး၊ ဦးငွေးလွင်၊ ဒေါ်မြမြငွေးမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |

### နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၄၆၅။ | ဦးဝင်းရှိန်(ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်စုညွန့်ဦး မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၄၆၆။ | ဧပရယ်ဇော်မင်းကုမ္ပဏီလီမိတက်မှကောင်းမှု | ၅၀၀၀၀၀ |
| ၆၄၆၇။ | သီလရှင်ကြီး မိခင် ဒေါ်တေဇအားအမှူးထား၍ ဦးမြလင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၄၆၈။ | ကွယ်လွန်သူဖခင်ကြီး ဦးဝင်းကြည်၊ (သား) ဦးထူးအောင်ကြည်တို့အားရည်စူး၍ မိခင်ကြီး ဒေါ်သန်းသန်းအေးနှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၆၄၆၉။ | ဦးခေယာနှင့်ဇနီး ဒေါ်သီဟန်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၄၇၀။ | ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်သိန်းသိန်းမြင့်၊ (သား) ဒေါက်တာအာကာကျော်နှင့်ဇနီး ဒေါ်သန္တာမြင့် နှင့် မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၇၁။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်သိန်း၊ (သား) ဦးထွန်းအောင်ကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၇၂။ | ကွယ်လွန်သူ ဦးကျော်စိုးအားရည်စူး၍ ဇနီး ဒေါ်မြင့်မြင့်သန်းနှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၇၃။ | ဦးနေဝင်း နှင့်ဇနီး ဒေါ်နွယ်နွယ်လှိုင်၊ သား၊ သမီး၊ မြေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၇၄။ | ကွယ်လွန်သူ (ဖခင်) ဦးတင့်လွင်နှင့် (မိခင်) ဒေါ်ခင်စန်းရီတို့အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၇၅။ | ကွယ်လွန်သူဖခင်ကြီး ဦးကျင်ညိမ်းနှင့် မိခင်ကြီး ဒေါ်အေးမြင့်တို့အားရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၅၅၀၀၀ |
| ၆၄၇၆။ | ဦးအောင်မြတ်ပွင့်နှင့်ဇနီး ဒေါ်နွဲ့နွဲ့ဝင်း၊ (သမီး) မဆုမြတ်ရတီအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |

### နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၄၇၇။ | ဗိုလ်ကြီးဝေဖြိုးသီဟနှင့်ဇနီး ဒေါ်ချောရူပါ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၇၈။ | တပ်ကြပ်ကြီးမင်းသူလှိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၇၉။ | မမာလာနှင့်အဖွဲ့ကောင်းမှု | ၅၀၀၀၀ |
| ၆၄၈၀။ | ဒေါ်သင်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၈၁။ | ဦးအောင်မြတ်နှင့်ဇနီး ဒေါ်နွယ်နီအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၈၂။ | ဦးဖိုးမှီနှင့်ဇနီး ဒေါ်ယဉ်စန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၈၃။ | ဦးသန်းမြင့်စိုးနှင့်ဇနီး ဒေါ်နှင်းနှင်းမြတ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၈၄။ | ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်ခင်လှမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၈၅။ | ဒေါ်မြင့်ရီအားရည်စူး၍ ဦးတိုးရီနှင့်ဇနီး ဒေါ်ခင်ခင်ချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၈၆။ | ဦးမြဝင်းနှင့်ဇနီး ဒေါ်အေးအေးမော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၈၇။ | ဦးအောင်ကိုနှင့်ဇနီး ဒေါ်အေးအေးကြူ (သား) မောင်နီဇော်ကိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၈၈။ | ကိုရာဇာနှင့်ဇနီး မနွဲ့နွဲ့အေးဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၈၉။ | ဦးကြံတင်နှင့်ဇနီး ဒေါ်ပြား မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၉၀။ | ဦးမောင်မောင်နှင့်ဇနီး ဒေါ်နုနုယဉ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၉၁။ | ကျေးဇူးရှင်မိခင်ကြီးနှင့်တကွ ဌာနရှိအကြီးအကဲ၊ ဆရာသမားများနှင့် လုပ်ဖော်ကိုင်ဖက်မိတ်ဆွေသူငယ်ချင်းများ အားအမှူးထား၍ မောင်သိန်းသန်းငွေးကောင်းမှု | ၅၀၀၀၀ |
| ၆၄၉၂။ | ဒေါ်မြတ်မြတ်ခိုင်၊ (သမီး) မအိရတနာကျော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၉၃။ | ဦးဝင်းဇော်ထွန်းနှင့်ဇနီး ဒေါ်ထက်ထက်အောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၉၄။ | ဒေါ်စန်းလှမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


**ပျောက်ဆုံးကြောင်း**

ဦးမြင့်စိုး [၁၂/မရက(နိုင်)၀၁၂၂၈၉] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် (အမှတ် MH 704348)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-770948647**

**ပျောက်ဆုံးကြောင်း**

မောင်ဉာဏ်မင်းအောင် [၈/ခမန(နိုင်)၂၂၉၃၆၁] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

**ဖုန်း-၀၉-၉၆၆၇၃၇၀၇၆**

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီးရပ်ကွက်တွင် နေထိုင်သော မောင်ကျော်သူလင်း [၁၂/ဒဂတ(နိုင်)၁၂၅၀၃၂]၏ ဖခင်အမည်မှန်မှာ ဦးမြင့်အေး [၁၂/သဃက(နိုင်)၁၀၆၄၄၆] ဖြစ်ပါ ကြောင်း။

**ဦးမြင့်အေး**

**[၁၂/သဃက(နိုင်)၁၀၆၄၄၆]**

**"မြေကွက်ဝယ်ယူမည်" ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ သရဖီလမ်းနှင့် ရွှေနံ့သာစံပြ (၃)လမ်းထောင့်၊ အမှတ်(၉၅) ဟုခေါ်တွင်သော ဦးဝင်းသန်း အမည်မှ ဒေါ်လှရီ အမည်ပေါက်သို့ ပြောင်းလဲထားသော နှစ်(၆၀) ဂရန်မြေ၊ အကျယ်အဝန်း (၈၀ပေx ၆၅ပေ)၊ စတုရန်းပေ (၅၂၀၀)အနက်မှ မခွဲမစိတ်ရသေးသော (အလျား ၂၀ပေx အနံ ၆၅ပေ)၊ စတုရန်းပေ (၁၃၀၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်စုစုခိုင် [၁၃/ပတယ(နိုင်)၀၄၃၂၉၁]က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်စင်သီယာခင်စိုး [၁၂/ဥကမ(နိုင်)၁၉၀၇၁၄]မှလည်း ဝယ်ယူရန်အတွက် အိမ်ခြံမြေရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေများကို ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးစည်သူကျော် ( LL.B ) တရားလွှတ်တော်ရှေ့နေ ( စဉ် – ၁၇၅၂၇ )**

**အမှတ် (ရ/၁၄)၊ မေတ္တာလမ်း၊ တိုးချဲ့ (၄) ရပ်ကွက်၊ မော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၉၄၆၀၂၁၄၀**

## “ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာမြိုင်လမ်း (အောင်ချမ်းသာလမ်း)၊ တိုက်အမှတ်(၁၂၈)ဟုခေါ်တွင်သော ၂ ခန်းတွဲ (၃ ½)ထပ် (၅)ထပ်တိုက်၏(၃လွှာ)ခေါင်းရင်းခြမ်း တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

အထက်ဖော်ပြပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုင်းအိုက်လှိုင်းပန် [၁၃/မဆတ (နိုင်) ဝ၅၂၃၃၆]မှ မိမိသာပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၅) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် မူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**09–43114141,09–400101414**

## ဝသာန်ဦး(ခ)ဗရှီရွလ္လာဟ်နှင့် သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၂) လမ်း၊ အမှတ်(၁၅)နေ ဦးမိုးဦး(ခ)မုဟမ္မဒ်ဂျမာလ်၏ သမီးဖြစ်သူ မမိုးသိင်္ဂီထွေး (ခ)ရှာဟေဒဟ်ဘီ[၃/ဖပန(နိုင်)ဝ၄၈၄၉၆]ကိုင်ဆောင်သူသည် အိမ်ထောင်ရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)သို့ စာနှင့်တကွ လျှောက်ထား တင်ပြလာပါသည်။ သို့ဖြစ်ပါ၍ လျှောက်ထားစာပါ အိမ်ထောင်ရေးကိစ္စရပ်များကို လူကြီးမင်းအနေဖြင့် ရှင်းလင်းတင်ပြနိုင်ရန်အတွက် အောက်ပါအတိုင်း ချိန်းဆိုဆင့်ခေါ်အပ်ပါသည်–

- နေ့ရက် – သတင်းစာနေ့စွဲမှစ၍ (၂)ပတ်အတွင်း လာရောက်ပါရန်။
- အချိန် – မွန်းလွဲ(၂:၀၀) နာရီတိတိ။
- နေရာ – အမှတ်(၂၈၈)၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက် ။ ။ ချိန်းဆိုထားသည့်နေ့တွင် မပျက်မကွက်လာရောက်ပါရန်။ မရောက်ရှိလာပါက လိုအပ်သည့်သက်သေများ စိစစ်၍ အစ္စလာမ့်ဥပဒေနှင့်အညီ လူကြီးမင်း၏မျက်ကွယ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဟာဂျီ ဦးချစ်ဆွေ**
**အတွင်းရေးမှူးချုပ်**
**မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ် (ဗဟို)**
**အမှတ်–၃၂၃ ၊ ဒုတိယထပ် ၊ ဗိုလ်ဆွန်ပက်လမ်း (အထက်)၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–254133582**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၅၃)၊ အကွက်အမည်(အောက်ကျင်းအကွက်)၊ ဦးပိုင်အမှတ်(၁၀၅)၊ မြေဧရိယာ(၀.၀၅၃)ဧကရှိ ဒေါ်အေးသန့် [၁၀/သထန(နိုင်)၀၂၁၆၄၆]အမည်ပေါက် သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်–၇၈/၁၉၆၇–၁၉၆၀ အရ (၃၀–၅–၁၉၇၆)မှ (၂၉–၅–၂၀၀၆) အထိ ထုတ်ပေးထားသော နှစ်(၃၀)မြေငှားဂရန်အား ဦးသိန်းလှိုင်မှ သထုံမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်–၂၅/၂၀၂၃ ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆို၍ ရရှိခဲ့ပြီးနောက် ဦးသိန်းလှိုင်က ၎င်းအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုးထုတ်ပေးပါရန် သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဤရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး ထုတ်ပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# ပူဇွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးစန္ဒာအောင် [၁၄/ဒဒရ(နိုင်)၂၂၀၁၆၉]၏ နိုင်ငံကူးလက်မှတ် (MG.629294)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၉၇၀၉၄၇၇၁**

## သက်ဆိုင်သူနှင့်အများသိစေရန်ကြေညာခြင်း

“ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကစစ်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၆၂)”ဟုခေါ်တွင်သော မြေကွက်မှာ သက်ဆိုင်ရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးကျော်စိုး [၁၂/တမန(နိုင်)၀၆၉၇၁၅] အား ၎င်း၏အမည်ဖြင့် တရားဝင်ချပေးထားသော ပါမစ်မြေဖြစ်ပါသည်။ ယင်းမြေကွက်နှင့်စပ်လျဉ်း၍ တရားဝင် အမည်ပေါက်ပိုင်ဆိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စိုး၏ သိရှိသဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ အမည်ပေါက်လျှောက်ထားခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ထိုသို့ပြုလုပ်ပါက ထိုသို့ပြုလုပ်သူအပေါ် ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ အရေးယူတရားစွဲဆိုမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သန္တာချို(LL.B) စဉ်(၅၀၀၅၃)   ဒေါ်ခင်မိုးသူ(LL.B) စဉ်(၈၅၂၁)**
**ဦးတင်ထွဋ် (LL.B) စဉ်(၅၀၇၂၈)   တရားလွှတ်တော်ရှေ့နေ**
**ဒေါ်နွယ်နီဝင်း(LL.B) စဉ်(၄၈၇၁၂)**
**အထက်တန်းရှေ့နေများ**
**အမှတ် – ၈၆၉(ပ)ထပ်၊ သမိုင်း(၁)ရပ်ကွက်၊ မြို့ဟောင်း(၂)လမ်း၊**
**ဒုတိယအဖြတ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၇၉၃၅၉၆၆၄၅**

## ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် – ၃၆ F ၊ မြေကွက်အမှတ် (၉၉အေ/၁အေ)၊ အကျယ်အဝန်း (၀.၂၉၅) ဧကရှိ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့်အိမ်အရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးခင်ထွန်း အမည်ပေါက်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိထားပိုင်ဆိုင်၍ မည်သူ့ကိုမဆို လွှတ်လပ်စွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တင်ပြဝန်ခံသူ ဒေါက်တာခင်ဌေးမူ [၁၂/ဗဟန(နိုင်)၀၅၅၉၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေများပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B, D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၅၀၀၃၉၂၁၀၊ ၀၉–၅၀၃၄၆၅၂**

## (၂၂–၉–၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၅)တွင် ကြော်ငြာထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ အနော်မာလမ်း၊ မြေကွက်အမှတ်(၁၃၈)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦနှင့်ပတ်သက်၍ ဒေါ်ယဉ်ယဉ်မြင့် [၁၂/တမန(နိုင်)၀၅၃၈၅၃]နှင့် အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းတင်ပြခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင် [၁၂/တတန(နိုင်)၁၄၉၀၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ အနော်မာလမ်း၊ မြေကွက်အမှတ်(၁၃၈)ဟုခေါ်တွင်သော မြေအလျားxအနံ(၃၈x၆၀)ပေ၊ ဧရိယာ(၀.၀၅၂)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်စိန် [၁၂/ဥကတ(နိုင်)၀၆၈၄၂၄]ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်မြင့် [၁၂/တမန(နိုင်)၀၅၃၈၅၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင်[၁၂/တတန(နိုင်)၁၄၉၀၅၉]မှ (၂၈–၈–၂၀၂၃)ရက်နေ့တွင် “မြေကွက်နှင့်အဆောက်အအုံအပြီးအပိုင် အရောင်းအဝယ်ငွေချေကတိစာချုပ်” ဖြင့် အရောင်းအဝယ်တန်ဖိုးငွေကို အပြည့်အဝပေးချေပြီး ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်ထားသူဖြစ်ပါသည်။

ထိုသို့ဝယ်ယူစဉ်က အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအား ရောင်းချသူ ဒေါ်ယဉ်ယဉ်မြင့်မှ ၎င်းဝယ်ယူစဉ်က အရောင်းအဝယ်ပြုလုပ်ခဲ့သည့် နှစ်(၆၀)မြေငှားဂရန်မူရင်း၊ စာချုပ်စာတမ်းအဆက်ဆက် မူရင်းတို့ကို ပြသသည့်အပြင် ဘဏ်နှင့်ပတ်သက်၍ ကြွေးကျန်မရှိ၊ အပြေအကျေပေးဆပ်ပြီးဖြစ်ပါကြောင်း ဘဏ်စာရွက်နှင့် ယခင်အဆိုပါ မြေကွက်+အဆောက်အအုံနှင့်လည်း ပတ်သက်၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ထားသော ဦးအောင်ထက်ပိုင်[၁၂/လသန(နိုင်)၀၂၁၆၅၆]နှင့်လည်း (၂၅–၈–၂၀၂၃)ရက်နေ့တွင် “မြေကွက်နှင့်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်သည့် စာချုပ်အား နှစ်ဦးသဘောတူဖျက်သိမ်းခြင်းကတိစာချုပ်”ကိုပြသ၍ ရောင်းချသူ ဒေါ်ယဉ်ယဉ်မြင့်မှ ဦးအောင်ထက်ပိုင်နှင့်လည်း အရောင်းအဝယ်စာချုပ်ကို ဖျက်သိမ်းပြီးဖြစ်ပါကြောင်း၊ ဒေါ်ယဉ်ယဉ်မြင့်၏ တစ်ဦးတည်းသဘောဆန္ဒဖြင့် အရောင်းအဝယ်ပြုလုပ်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင်သည် အပြီးအပိုင်လက်ရောက်ဝယ်ယူခဲ့ခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံသည် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင် တစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော မြေကွက်နှင့်အဆောက်အအုံသာဖြစ်ပါသောကြောင့် အဆိုပါ မြေကွက်+အဆောက်အအုံနှင့်ပတ်သက်၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံဖြစ် တင်သွင်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်းတို့ကို တားမြစ်ပိုင်ခွင့်မရှိပါကြောင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင် တစ်ဦးတည်းမှသာ အဆိုပါ မြေကွက်+အဆောက်အအုံအား ပိုင်ဆိုင်သောကြောင့် ဒေါ်သန္တာအောင် စိတ်တိုင်းကျ ဆောင်ရွက်ခွင့်ရှိသူဖြစ်ပါကြောင်းနှင့် ဦးအောင်ထက်ပိုင်နှင့် ဒေါ်ယဉ်ယဉ်မြင့်တို့အကြား ပေးရန်/ရရန်ကျန်ရှိသည့် ကိစ္စရပ်များသည် ၎င်းတို့နှစ်ဦးသာ ဥပဒေနှင့်အညီ ဖြေရှင်းရမည့် ကိစ္စရပ်များသာ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန္တာအောင်နှင့် သက်ဆိုင်ခြင်း လုံးဝမရှိပါ။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ အနော်မာလမ်း၊ မြေကွက်အမှတ်(၁၃၈)နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင်မှ မြန်မာ့အလင်းသတင်းစာတွင် “အများသိစေရန်”ကြေညာ၍ လက်ရောက်ဝယ်ယူခဲ့ခြင်းသာဖြစ်ပါသောကြောင့် အဆိုပါ မြေကွက်နှင့် အဆောက်အအုံသည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင် တစ်ဦးတည်းသာလျှင် ဥပဒေအရ လက်ရောက်ရရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ဒေါ်သန္တာအောင် စိတ်တိုင်းကျ စီမံဆောင်ရွက်ပိုင်ခွင့်ရှိသောကြောင့် နောက်နောင်တွင် အဆိုပါမြေကွက်+အဆောက်အအုံနှင့်ပတ်သက်၍ အများသူငှာ ထင်ယောင်ထင်မှားဖြစ်စေမည့်ဆောင်ရွက်ချက်များ၊ ကြေညာချက်များကို မပြုလုပ်ကြရန်အတွက် အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မျိုးသန့် – BA (Eco), H.G.P, D.B.L**
**အထက်တန်းရှေ့နေ (စဉ်–၁၀၈၇၉)**

| | |
|---|---|
| **ဦးဝင်းသူရဇော် (LL.B )** | **ဒေါ်ယမင်းထွေး (LL.B )** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် –၄၂၀၆၆/၂၀၁၃)** | **(စဉ်–၁၂၃၆၅/၂၀၁၇)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၄၅၆၀၇၆၈၀၄**

## ဒေါ်စုလှစန္ဒီနှင့် သက်ဆိုင်သူများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၃/က)ပေါ်ရှိ အလွှာအမှတ်(၆)အား ဒေါ်စုလှစန္ဒီ [၁၂/ဒဂမ(နိုင်) ၀၁၉၃၀၅]သည် ဒေါ်ခင်မိုမင်းထွန်း[၁၂/သဃက(နိုင်)၀၀၄၂၂၂]ထံမှ ငှားရမ်းသက်တမ်းတစ်နှစ်စာချုပ်ဖြင့် (၁–၉–၂၀၂၂ မှ ၃၁–၈–၂၀၂၃)အထိ ငှားရမ်းခဲ့ပါသည်။ ယခုအခါ စာချုပ်သက်တမ်း ကျော်လွန်သွားသည့်တိုင် ငှားရမ်းသူမှ ကျန်ရှိပစ္စည်းများကို လာရောက်သိမ်းဆည်းယူဆောင်ခြင်းမပြုပါ။ ထို့ကြောင့် စာချုပ်ပါ စည်းကမ်း (၄–ဈ)ပါ အချက်အရ တိုက်ခန်းပိုင်ရှင်မှ ဖယ်ရှားရှင်းလင်းရမည်ဖြစ်သော်လည်း အခန်းတွင်းရှိ ပစ္စည်းများကို မူလအခြေအနေအတိုင်း ဆက်လက်ထိန်းသိမ်းထားပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ဖယ်ရှားရှင်းလင်းပေးရန်နှင့် ပိုင်ရှင်၏နစ်နာမှုအဝဝကို တာဝန်ယူဆောင်ရွက်ပေးရန် အသိပေးကြေညာအပ်ပါသည်။ ထိုရက်ကျော်လွန်ပါက တိုက်ခန်းအတွင်းရှိ ပစ္စည်းများကို ဖယ်ရှားရှင်းလင်းသွားမည်ဖြစ်ပါသည်။ နောက်ပိုင်းဖြစ်ပေါ်လာမည့် အကျိုးဆက်များကို တိုက်ခန်းပိုင်ရှင်မှ တာဝန်ဖြေရှင်းပေးတော့မည် မဟုတ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်ခင်မိုမင်းထွန်း**
**[၁၂/သဃက(နိုင်) ၀၀၄၂၂၂]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၄ ရပ်ကွက်၊ အကွက်အမှတ် ဃ–၂၊ ဦးပိုင်အမှတ်(၁၆၅)/၆၂x၆၄ ကြား၊ မနော်ဟရီနှင့်စိန်ပန်းလမ်းကြားရှိ ဦးအောင်မြင့်(ခ)ကျန်ဆီးဟုန်း၊ ဦးကျော်ဝင်း(ခ)ကျန်ရှု၊ ဦးမောင်ကျော်(ခ)ကျန်ချောက်ကန်း အမည်ပေါက်ဂရန်မြေကွက်အား၊ ခင်ပွန်း ဦးအောင်မြင့်(ခ) ကျန်ဆီးဟုန်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဝူဆိုက်လင့် [၉/မရမ(နိုင်) ၀၉၁၅၂၁]နှင့် ကျန်ပူးတွဲအမည်ပေါက်သူများဖြစ်သော ဦးကျော်ဝင်း(ခ)ကျန်ရှု[၉/မနမ(နိုင်)၀၉၈၉၇၈]၊ ဦးမောင်ကျော်(ခ)ကျန်ချောက်ကန်း[၁၃/လလန(နိုင်)၀၄၁၅၇၉]တို့က ဂရန်စာချုပ် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် လှူဒါန်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# စာအုပ်စာပေ လူ့မိတ်ဆွေ

## အများသိရှိစေရန်နှင့် ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ကြောင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သော ကိုလွင်မောင်ဝင်း [၁၂/ဥကမ(ပြု)၀၀၀၀၉၄] သည် အောက်ပါတိုက်ခန်းများအား မိမိ၏ မိခင်ဖြစ်သူ ဒေါ်တင်တင်(ခ) Chen Lai Koon [၁၂/ကတတ(ပြု)၀၀၆၃၆၉]အား အမည်ငှားစနစ်ဖြင့် မိမိငွေကြေးများအား သုံးစွဲဝယ်ယူစေခဲ့ပါသည်။

(၁) ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ်(၇၁) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၄ ထပ်ခွဲတိုက်၏ အကျယ် (၁၀ပေ x ၅၀ပေ)ရှိသော ဒါဘာခန်း (ခေါင်းရင်းဘက်) တိုက်ခန်း၊

(၂) ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၃၂) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အကျယ် (၅၀ပေx၁၁ပေခွဲ)ရှိသော (၆)လွှာ (ခေါင်းရင်းဘက်) တိုက်ခန်း၊

(၃) ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၁၆၄) ဟုခေါ်တွင်သော အဆောက်အဦ၏ အကျယ် (၁၇ပေx၅၀ပေ)ရှိသော (၃)လွှာ၊ (ဝဲဘက်) တိုက်ခန်း၊

အထက်ပါ တိုက်ခန်းများသည် ကျွန်ုပ်မိတ်ဆွေပိုင်သော တိုက်ခန်းများဖြစ်ပြီး မကြာမီတွင် အဆိုပါတိုက်ခန်းများနှင့်ပတ်သက်၍ လိုအပ်ချက်များအား ကျွန်ုပ်မိတ်ဆွေမှ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းများနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှစတင်၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိရှိရန်နှင့် ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိန်းလှိုင်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၁၉)**
**အမှတ်(ပ/၁၄၆၁/အေ)၊ စွယ်တော် (၉)လမ်း၊ ဇဝနဒီပရပ်ကွက်၊**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း– ၀၉–၉၇၈၀၃၅၁၆၆၊ ၀၉–၉၄၉၉၇၉၃၃၃**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆၊ လူနေရပ်ကွက်အမှတ်–အဆင့်မြင့်၊ မြေကွက်အမှတ်–၁၉၄၉၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေ၊ ဧရိယာ (၄.၉၈၁)ဧကအနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏အရှေ့ဘက်ခြမ်း(တပင်ရွှေထီးတာဝါဘက်)၊ ဧရိယာ(၂.၄၈၁)ဧက (၁၀၈၀၇၂ စတုရန်းပေ) မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်–၁၉၄၉၊ ရန်ကုန်– ပုသိမ်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဒေါ်သန်းစိန်(ခ)ဒေါ်နီ [၁၂/လသန(နိုင်) ၀၀၆၈၂၉] {၎င်း၏ကိုယ်စား ရန်ကုန်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်– ၁၈၉၇၆/၂၀၂၃ (၆–၉–၂၀၂၃)ဖြင့် လွှဲအပ်ခံရသူ ဦးဇော်ဝင်းထွန်း[၃/ကကရ(နိုင်)၀၆၉၅၂၃]}က မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန် နှစ်ဖက်သဘောတူထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဇင်မောင်မောင်** | **ဒေါ်ငြိမ်းဆုလှိုင်** | **ဦးကျော်မင်းထိုက်** |
| **(စဉ်–၁၃၀၁၁)** | **(စဉ်–၁၂၉၉၈)** | **(စဉ်–၅၄၂၆၀)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ်–၂၈၊ မင်းရဲကျော်စွာ(၁၈)လမ်း၊ (၃/၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၄၂၀၂၉၂၃၀၄**

# ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၀)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၆၂၁)ဟု မှတ်သားတည်ရှိသော ဦးမြင့်လွင် (MDN – 115037) အမည်ပေါက် (ပေ ၄၀ x ပေ ၆၀) အကျယ်အဝန်းရှိသော ပါမစ်မြေကွက်အနက်မှ အမှတ်(၆၂၂) နှင့်ကပ်လျက်တည်ရှိသော (ပေ ၂၀ x ၆၀ ပေ) မြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးသန်းလွင် [၁၂/လကန(နိုင်) ၀၃၄၄၇၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်လင်းကျော် [၁၂/သလန(နိုင်) ၁၁၂၇၀၂]က (၂၃-၉-၂၀၂၃)ရက်နေ့တွင် အပြီးအပိုင်လွှဲပြောင်း ဝယ်ခဲ့ပြီးဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ကျော်(ဥပဒေတွဲ့)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၃၄၅)**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၇၉၀၀၆၁၆၊ ၀၉-၄၅၇၃၉၈၂၂၇**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ နီလာလမ်း၊ မြေကွက်အမှတ်(၇၁၅)၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ ဦးကျော်မြင့် အမည်ပေါက် ပါမစ်မိတ္တူခြမ်း မြေကွက်(ခြေရင်းခြမ်း)နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်မင်းထွဋ်[၁၂/ဥကတ(နိုင်)၁၃၁၉၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးမင်းမင်းဇော်[၁၂/သကတ(နိုင်)၁၃၃၇၈၂]နှင့် ဒေါ်ချယ်ရီထွန်း [၁၂/ပဇတ(နိုင်) ၀၀၂၃၀၈] တို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ**
**ဦးပြည့်ဖြိုးသူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၁၄၀)**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၄၂၂၄၄၉၈၆၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ်(၅၂)ဟု ခေါ်တွင်သော ဟောင်ကောင်ပုံစံတစ်ခန်းတည်းတိုက်၏(မြေညီထပ်)တိုက်ခန်းတစ်ခန်းအား အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း **ဒေါ်ခိုင်ခိုင်[၈/ဆဖန(နိုင်)၀၅၇၁၉၁]**က ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၃၉)**
**အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ - ၂၅၂၂၁၀၈၀၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ မြို့ဟောင်း(၄)လမ်း၊ အမှတ်(၇၂၁)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(ခြေရင်းခြမ်း) တိုက်အားမျက်နှာမူကြည့်လျှင် (ဘယ်ဘက်ခြမ်း)ရှိ တိုက်ခန်းတစ်ခန်းအား မြေပိုင်ရှင်ဖြစ်သူ **ဒေါ်ခင်လေးမြင့် [၁၂/အစန(နိုင်) ၁၆၀၁၆၅]**က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်ပါကြောင်းနှင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၃၉)**
**အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ - ၂၅၂၂၁၀၈၀၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ် ဃ-၂၊ ဦးပိုင်အမှတ်(၁၄၅)/၆၂x၆၄ ကြား၊ မနော်ဟရီနှင့်စိန်ပန်းလမ်းကြားရှိ ဦးအောင်မြင့်(ခ)ကျန်ဆီးဟုန်း၊ ဦးကျော်ဝင်း(ခ)ကျန်ရှု၊ ဦးမောင်ကျော်(ခ)ကျန်ချောက်ကန်းအမည်ပေါက်ဂရန်မြေကွက်အား၊ ခင်ပွန်း ဦးအောင်မြင့်(ခ)ကျန်ဆီးဟုန်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဝူဆိုက်လင့် [၉/မရမ(နိုင်) ၀၉၁၅၂၁] နှင့် ကျန်ပူးတွဲအမည်ပေါက်သူများဖြစ်သော ဦးကျော်ဝင်း(ခ)ကျန်ရှု[၉/မနမ(နိုင်) ၀၉၈၉၇၈]၊ ဦးမောင်ကျော်(ခ)ကျန်ချောက်ကန်း[၁၃/လလန(နိုင်) ၀၄၁၅၇၉]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် လှူဒါန်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

မောင်ဇင်ဖြိုးအောင် [၁၄/ပတန (နိုင်)၂၄၅၇၇၁]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-984005644**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ် ဃ-၂၊ ဦးပိုင်အမှတ်(၁၃၅)/၆၂x၆၄ လမ်းကြား၊ မနော်ဟရီနှင့်စိန်ပန်းလမ်းကြားရှိ ဦးအောင်မြင့်(ခ) ကျန်ဆီးဟုန်း၊ ဦးကျော်ဝင်း(ခ) ကျန်ရှု၊ ဦးမောင်ကျော်(ခ) ကျန်ချောက်ကန်း အမည်ပေါက် ဂရန်မြေကွက်အား၊ ခင်ပွန်း ဦးအောင်မြင့်(ခ) ကျန်ဆီးဟုန်း ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ဝူဆိုက်လင့် [၉/မရမ(နိုင်)၀၉၁၅၂၁]နှင့် ကျန်ပူးတွဲ အမည်ပေါက်သူများဖြစ်သော ဦးကျော်ဝင်း(ခ)ကျန်ရှု [၉/မနမ(နိုင်)၀၉၈၉၇၈]၊ ဦးမောင်ကျော်(ခ) ကျန်ချောက်ကန်း [၁၃/လလန(နိုင်) ၀၄၁၅၇၉]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် လှူဒါန်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ် ဃ-၂၊ ဦးပိုင်အမှတ်(၁၅၆)/၆၂x၆၄ လမ်းကြား၊ မနော်ဟရီနှင့်စိန်ပန်းလမ်းကြားရှိ ဦးအောင်မြင့်(ခ) ကျန်ဆီးဟုန်း၊ ဦးကျော်ဝင်း(ခ) ကျန်ရှု၊ ဦးမောင်ကျော်(ခ) ကျန်ချောက်ကန်း အမည်ပေါက် ဂရန်မြေကွက်အား၊ ခင်ပွန်းဦးအောင်မြင့်(ခ) ကျန်ဆီးဟုန်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဝူဆိုက်လင့် [၉/မရမ(နိုင်)၀၉၁၅၂၁]နှင့် ကျန်ပူးတွဲအမည်ပေါက်သူများဖြစ်သော ဦးကျော်ဝင်း(ခ)ကျန်ရှု [၉/မနမ(နိုင်)၀၉၈၉၇၈]၊ ဦးမောင်ကျော်(ခ) ကျန်ချောက်ကန်း [၁၃/လလန(နိုင်) ၀၄၁၅၇၉]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် လှူဒါန်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် - ၆၉၃၊ ဦးပိုင်အမှတ်(၄၁/ပ)၊ ၇၂x၇၃ကြား၊ ၃၉x ၄၀ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဇနီးဒေါ်ခင်ဝင်းအေး ကွယ်လွန်၍ ကျန်ရစ်သူ ခင်ပွန်းဦးစိန်သင်[၁/မကန(နိုင်) ၀၁၄၈၁၆]တို့က ဂရန်စာချုပ် တရားရုံးကျမ်းကျိန် ချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ် သာမန်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲပစ္စည်းနှင့် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.12.Med & Med Supplies(2nd) (2023-2024) |
| | - | Tender.13.Equipment (2nd) (2023-2024) |
| တင်ဒါစတင်သည့်ရက် | - | ၂၅- ၉-၂၀၂၃ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၉ - ၁၀-၂၀၂၃ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူ ဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

**“ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၃-က)အတွင်းရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊(ဃ)ရပ်ကွက်၊ သံသုမာလမ်း၊ (အမှတ် ၄-က)ဟုခေါ်တွင်သော (၂၂ပေx၆၀ပေ)ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်၊ ရေ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်သူ ဦးသောင်းထွန်း [၁၂/ဥကတ(နိုင်) ၀၂၁၂၁၇]၊ ဒေါ်ဌေးဌေးရီ [၁၂/သဃက (နိုင်) ၁၂၂၆၆၄] ထံမှ (၂-၁၂-၂၀၁၃) ရက်နေ့ကတည်းက ကျွန်ုပ်မိတ်ဆွေမှ ကာလပေါက်ဈေးဖြင့် ဝယ်ယူ ပိုင်ဆိုင်လက်ဝယ်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ အပိုင်ဝယ်ယူထားသူ ကျွန်ုပ်မိတ်ဆွေမှ ရုံးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သန္တာချို(LL.B) စဉ်(၅၀၀၅၃)** **ဒေါ်ခင်မိုးသူ(LL.B) စဉ်(၈၅၂၁)**
**ဦးတင်ထွဋ် (LL.B) စဉ်(၅၀၇၂၈)** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်နွယ်နီဝင်း(LL.B) စဉ်(၄၈၇၁၂)**
**အထက်တန်းရှေ့နေများ**
**အမှတ် – ၈၆၉(ပ)ထပ်၊ သမိုင်း(၁)ရပ်ကွက်၊ မြို့ဟောင်း(၂)လမ်း၊ ဒုတိယအဖြတ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၉၃၅၉၆၆၄၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမောင်မောင် [၁၂/ပဇတ(ဧည့်)၀၀၀၁၀၆] နှင့် ဇနီးဖြစ်သူ ဒေါ်လှရီ [၁၂/သလန(နိုင်)၁၁၂၁၀၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗီဇဝါလမ်း၊ (အမှတ် ၄၁/A)နေ ဦးမောင်မောင် [၁၂/ပဇတ (ဧည့်) ၀၀၀၁၀၆] နှင့် ဇနီးဖြစ်သူ ဒေါ်လှရီ [၁၂/သလန (နိုင်) ၁၁၂၁၀၉] တို့၏ သမီးဖြစ်သူ ဒေါ်မေသင်းမောင် [၁၂/သလန(နိုင်)၁၆၇၉၈] သည် မိဘများ၏ ဆိုဆုံးမမှုအပေါ် လုံးဝနာခံမှုမရှိသည့်အပြင်၊ မိဘများ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်နှင့် မိဘနှစ်ပါးအပေါ် ဒုက္ခအမျိုးမျိုးပေးသည့်အပြင် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာချို(LL.B) စဉ်(၅၀၀၅၃)** **ဒေါ်ခင်မိုးသူ(LL.B) စဉ်(၈၅၂၁)**
**ဦးတင်ထွဋ် (LL.B) စဉ်(၅၀၇၂၈)** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်နွယ်နီဝင်း(LL.B) စဉ်(၄၈၇၁၂)**
**အထက်တန်းရှေ့နေများ**
**အမှတ် – ၈၆၉(ပ)ထပ်၊ သမိုင်း(၁)ရပ်ကွက်၊ မြို့ဟောင်း(၂)လမ်း၊ ဒုတိယအဖြတ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၉၃၅၉၆၆၄၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက္ကော်ရပ်ကွက်၊ ကွင်းအမှတ် (၅၈၇ᴼ)၊ ကွင်းအမည်-ပဲခူးစုကွင်း၊ ဦးပိုင်အမှတ်(၂၀၅)၊ မြေဧရိယာ(၀.၀၈)ဧကရှိ ဒေါ်ဌေးဌေးမြင့် (CD-၀၂၃၄၉၇) အမည်ပေါက် သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် ၃၀/၁၉၉၂-၁၉၉၃ အရ (၈-၁၂-၁၉၉၂)မှ (၇-၁၂-၂၀၂၂) အထိ ထုတ်ပေးထားသော နှစ်(၃၀) မြေငှားဂရန်အား ဒေါ်မေလွင်ဦး[၁၀/သထန(နိုင်)၀၅၃၈၈၃]မှ “ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီအား သထုံမြို့နယ်တရားမရုံး၏ အနိုင်ဒီကရီချမှတ်သည့်အမိန့်” ကို သထုံမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်-၅/၂၀၀၈ဖြင့် မှတ်ပုံတင်၍ ရရှိခဲ့ပြီးနောက် ဒေါ်မေလွင်ဦးက ၎င်းအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး ထုတ်ပေးပါရန် သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဤရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ သက်တမ်းတိုးထုတ်ပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၄/၂၀၂၃)
## ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူး(၄၉)နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | အနိမ့်ဆုံး ပညာအရည်အချင်း | နေရာ |
|---|---|---|---|
| ၁။ | အငယ်တန်း အင်ဂျင်နီယာ(၂) (လျှပ်စစ်/စက်မှု) | A.G.T.I(EP) | (၃၈)နေရာ |
| | | A.G.T.I(IT) | (၁၀)နေရာ |
| ၂။ | အငယ်တန်း အင်ဂျင်နီယာ(၂) (မြို့ပြ) | A.G.T.I(Civil) | (၁)နေရာ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား(အမျိုးသားများသာ)ဖြစ်ရမည်။
- (ခ) ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အသက်( ၃၅ )နှစ် [ဝန်ထမ်းဖြစ်ပါက ( ၄၀ )နှစ်]ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (ဃ) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတစ်ခုခုတွင် မှတ်ပုံတင်ထားသူဖြစ်ရမည်။
- (င) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (စ) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal)ခြင်း၊ ရာထူးမှ ထုတ်ပယ် ( Removal )ခြင်း ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားလိုသူများသည် စာမေးပွဲဝင်ကြေး ငွေကျပ် ၅၀၀၀/(ကျပ်ငါးထောင်တိတိ)ကို နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ **ငွေစာရင်းအမှတ် ( SEE-10316 )**သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်တွင်ရယူ၍ **(၃၁-၁၀-၂၀၂၃)ရက်နေ့** နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်)ကိုယ်စားလှယ်ဖြင့် ပေးပို့လျှောက်ထားရမည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲပေးပို့ရမည်-
- (က) စာမေးပွဲဝင်ကြေးပေးသွင်းသည့်ချလန်မူရင်း။
- (ခ) ဘွဲ့လက်မှတ်/ဒီပလိုမာအောင်လက်မှတ်/အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်( သို့ )အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်။)
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။
- (ဃ) ( ၃ )လအတွင်းရိုက်ကူးထားသော ၁"x၁" ပတ်စ်ပို့ဓာတ်ပုံ(၁)ပုံကပ်ရန်။ [အပို(၂)ပုံ] ( ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန် )
- (င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် (၁)လအတွင်း ရယူထားသောအကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း။
- (စ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် ခန့်ထားခြင်းခံရပါက နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာန၏ ဖြေဆိုခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူ၍ပေးပို့ရမည်။

၈။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အင်္ဂလိပ်စာဘာသာရပ်နှင့် အင်ဂျင်နီယာဘာသာရပ်တို့ကို ဖြေဆိုရမည်ဖြစ်ပြီး အသေးစိတ်ကို နိုင်ငံပိုင်သတင်းစာများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Website www.moep.gov.mm တွင်ထပ်မံကြေညာပါမည်။

၉။ ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး(၅)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါက ငွေကျပ် ၁,၀၀၀,၀၀၀/(ကျပ်တစ်ဆယ်သိန်းတိတိ)ကို ပေးလျော်ရမည်။

၁၀။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ဖုန်း၊ ၀၆၇-၈၁၀၄၂၁၉ ၊ ၀၆၇-၈၁၀၄၂၂၁ )တို့သို့ ဖုန်းဖြင့်ဖြစ်စေ ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ်-ဃ-၂၊ ဦးပိုင်အမှတ်(၁၂၆)/၆၂ x ၆၄ လမ်းကြား၊ မနော်ဟရီနှင့်စိန်ပန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးကျန်ဆီးဟုန်း(ခ)အောင်မြင့် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဝူဆိုက်လင့် [၉/မရမ(နိုင်) ၀၉၁၅၂၁]က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် လှူဒါန်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၃-၉-၂၀၂၃ ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ ၃၁၊ ကော်လံ ၃ နှင့် ၄ အောက်ဆုံးတွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဦးသိန်းလှိုင်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ကမာရွတ်မြို့နယ်၊ (၁၂)ရပ်ကွက်အစား(၁)ရပ်ကွက်ဟုလည်းကောင်း၊ ရွှေပြည်သာမြို့နယ်၊ ချယ်ရီလမ်းသွယ်(၁)အစား ချယ်ရီလမ်းသွယ်ဟုလည်းကောင်း၊ မြေတိုင်းအမှတ် ၓ/၁၂ အစား ၎/၁၂ ဟုပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းရှိ GOLDEN CITY Condo၊ Unit No-B1-21-04၊ Area-(1677.93) square feet အကျယ်အဝန်းရှိ၊ ကွန်ဒိုတိုက်ခန်း(၁)ခန်း၊ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်စန်း[၁၂/လမတ(နိုင်)၀၀၈၉၂၀]မှ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းစန်းဝင်းစံ[၁၃/နခန(နိုင်)၀၆၄၁၁၆]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်း အဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း) (LL.B)** — **ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**Ph:09-954280932** — **LL.B, D.B.L, D.I.L, D.M.L,**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** — **WIPO(Switzerland)**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ Ph:09-420080932, 09-983837110**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ ခရေလမ်းနှင့် ခတ္တာလမ်းထောင့်၊ မြေကွက်အမှတ် (၉၇၀)၊ (အလျား ၄၅ပေxအနံ၆၀ပေ)၊ အကျယ်အဝန်းရှိ ဦးသန်းမြင့် (TKI- ၁၂၁၉၆၅)နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဦးရွှေနု [၁၂/ဒဂန(နိုင်)၀၂၀၀၅၀]မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ယုဝေလှိုင်[၁၄/မမက(နိုင်)၂၈၂၀၉၀]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း) LL.B** — **ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**Ph:09-954280932** — **LL.B, D.B.L, D.I.L, D.M.L,**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** — **WIPO(Switzerland)**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ Ph:09-420080932,09-983837110**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ် ဃ-၂၊ ဦးပိုင်အမှတ်(၁၃၆)/၆၂x၆၄ ကြား၊ မနော်ဟရီနှင့်စိန်ပန်းလမ်းကြားရှိ ဦးအောင်မြင့်(ခ)ကျန်ဆီးဟုန်း၊ ဦးကျော်ဝင်း(ခ)ကျန်ရှု၊ ဦးမောင်ကျော်(ခ)ကျန်ချောက်ကန်း အမည်ပေါက်ဂရန်မြေကွက်အား၊ ခင်ပွန်း ဦးအောင်မြင့်(ခ)ကျန်ဆီးဟုန်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဝူဆိုက်လင့်[၉/မရမ(နိုင်) ၀၉၁၅၂၁]နှင့် ကျန်ပူးတွဲအမည်ပေါက်သူများဖြစ်သော ဦးကျော်ဝင်း(ခ)ကျန်ရှု[၉/မနမ(နိုင်) ၀၉၈၉၇၈]၊ ဦးမောင်ကျော်(ခ)ကျန်ချောက်ကန်း [၁၃/လလန(နိုင်)၀၄၁၅၇၉]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် လှူဒါန်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# မူးယစ်

# ကိုပစ်

# ပန်းတိုင်သစ်

# စိတ်သစ်

# လူသစ်

# ဘဝသစ်

## 17.9.2023 ရက် 6.PM.အချိန်၌ ကွယ်လွန်သွားသူ (ကိုသန်းထွဋ်ရှိန်) အသက်(30)နှစ်၊ A.bank. ရုံးချုပ်၊ ဒုမန်နေဂျာ၏ ကျန်ရစ်သူမိသားစုမှ

## ကျေးဇူးတင်လွှာ

(1) 18.9.2023 ရက် ရန်ကုန်ဆေးရုံကြီး၊ ရေခဲတိုက်မှ ရေဝေးသုသာန်သို့ ကွယ်လွန်သွားသူ (ကိုသန်းထွဋ်ရှိန်)အား မီးသင်္ဂြိုဟ်ရန်အတွက် စိတ်အားထက်သန်စွာဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ကြသော A.bank. ရုံးချုပ်မှ အရာရှိအရာထမ်းများနှင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟများကိုလည်းကောင်း

(2) နေအိမ်သို့ လာရောက်သတင်းမေးအားပေးကြသော A.bank. ရုံးချုပ်မှ အရာရှိအရာထမ်းများနှင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟများကိုလည်းကောင်း

(3) လှူဖွယ်ပစ္စည်းများ၊ သက်န်းများနှင့် အလှူငွေများပေးပို့ကြသော A.bank. ဥက္ကဋ္ဌ ဦးအာယုနှင့် A.bank. ရုံးချုပ်မှ အရာရှိ အရာထမ်းများနှင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟများကိုလည်းကောင်း

(4) 23.9.2023 ရက် ရက်လည်ဆွမ်းသွတ်တရားနာသို့ ကြွရောက်တော်မူကြသော A.bank. ရုံးချုပ်မှ အရာရှိ အရာထမ်းများနှင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟများကိုလည်းကောင်း

(5) အဝေးရောက်ဒေသမှ တယ်လီဖုန်းဖြင့် မေးမြန်းအားပေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများကိုလည်းကောင်း

(6) ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်အားလုံးကိုလည်းကောင်း

သာဓု၊ သာဓု၊ သာဓု
ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မဟာသုခလမ်း၊ တိုက်အမှတ် (၅၂)တွင်တည်ရှိသော (၂)ခန်းတွဲ၊ (၄)ထပ်တိုက်၏ (အလျား ၁၅ ပေ x အနံ ၆၀ ပေ) ကျယ်ဝန်းသော မြေညီမပါ တတိယထပ် (၄ လွှာ) (ဝဲ) ဘက်ခြမ်း (အခန်း) နှင့် ယင်းအခန်း၌ တွယ်ကပ်ပါဝင်သော မီတာ၊ မော်တာ အကျိုးခံစားခွင့်အားလုံးတို့အား ဒေါ်မိုးမိုးကြည် [၁၂/မဂတ(နိုင်)၀၀၂၂၆၅]မှ အဆက်ဆက်အရပ်ရပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ကာ တစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ အခြားအကြောင်းခြင်းရာများမရှိဘဲ လက်ရောက်ပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မြွက်ဟ၍ ဝန်ခံပြောဆိုကာ နှစ်ဦးသဘောတူထားသော တန်ဖိုးငွေအနက်တစ်စိတ်တစ်ပိုင်းကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက် အရေးဆိုနိုင်ပါသည်။ အဆိုပါ(၇)ရက်အတွင်း ကန့်ကွက်ခြင်း တစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးတေဇာလှိုင် LL.B, LL.M**
**အထက်တန်းရှေ့နေ (စဉ်-၄၉၃၈၉/၁၁-၁-၂၀၁၈)**
**အမှတ် (၁၇၆)(မြေညီ-ယာ)၊ လမ်း (၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၂၆၈၉၄၊ ၀၉-၇၉၅၂၉၈၁၂၄**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၇)၊ ရာဇသူရလမ်း၊ မြေကွက်အမှတ်(၁၀၈၇/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ x ၆၀)ပေ၊ (၁၂၀၀) စတုရန်းပေရှိ နှစ် (၆၀) မြေငှားဂရန်မြေ အမျိုးအစားမြေကွက်ကြီးအနက်မှ အကျယ်အဝန်း(၁၀ x ၆၀) ပေရှိ (ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးခင်မောင်ဆွေ [၁၂/ဥကတ(နိုင်)၀၀၄၀၈၂] (S/OKA-၁၁၉၇၃၃)နှင့် ဒေါ်ခင်မာသီ [၁၂/ဥကတ(နိုင်)၀၀၄၀၈၁] (S/OKA -၀၉၀၇၈၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အဆိုပါအိမ်မြေတန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အထက်ပါ အိမ်မြေအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက အထက်ပါ အိမ်မြေအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်တင်နု၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညွန့်ညွန့်သန်း (LLB, DBL) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၉)**
**အမှတ် (၃၂၀)၊ ရာဇာဓိရာဇ်လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-401526880, 09-260983331**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဇာနည်(၁၂)လမ်း၊ မြေကွက်အမှတ်(၄၄၅) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ RC(၆)ထပ် တိုက်အဆောက်အဦ၏ တိုက်အားမျက်နှာမူလျှင် (ဝဲဘက်)ခေါင်းရင်းခန်း၊ ဒုတိယထပ်၊ (၃)လွှာ၊ အကျယ်အဝန်း စတုရန်းပေ(၁၀၂၆)ရှိ တိုက်ခန်းနှင့် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော (၁)ဦးရဲဝင့်အောင်[၁၂/မဂတ(နိုင်)၀၉၂၄၆၆]နှင့် (၂)ဒေါ်ဝတ်ရည်နှင်း[၉/အမရ(နိုင်)၁၂၂၉၄၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက (၂၁-၉-၂၀၂၃)ရက်စွဲပါ စာချုပ်အရ အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ကြူကြူသန်း[၁၂/ဥကတ(နိုင်)၁၁၉၇၇၀]**
**အမှတ်(၃၅၁)၊ သုမင်္ဂလာလမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်စမ်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၆၇၈)**
**အမှတ်(၉/၁၁)၊ ၀၀၄-မြေညီထပ်၊**
**(၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၃၅၆၆၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၁၆၆) ဒီဇင်ဘာဥယျာဉ်အိမ်ရာဝင်းအတွင်းတည်ရှိသောမြေကွက်အမှတ် (၁၆၊ (အလျား- ၅၅ ပေx ၇၁. ၃ ပေ) ရှိမြေကွက် (၁) ကွက်နှင့် ယင်းမြေကွက်နှင့် တစ်ဆက်တည်းရှိသော မြေကွက်အမှတ် (၁၇)၊ (အလျား - ၅၅ ပေ x ၇၁. ၃ ပေ)ရှိ မြေကွက် (၁)ကွက် အပါအဝင် စုစုပေါင်းမြေကွက်(၂)ကွက်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးသက်လွင်(ခ)အန်းကူ [၁၂/ကတတ(နိုင်)၀၂၂၄၃၈] အမည်ဖြင့်မှတ်သားထားသော ပါမစ်မြေကွက် များဖြစ်ပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း တင်ပြဝန်ခံသူ ဦးချစ်ဦး [၁၂/တမန(နိုင်)၁၃၇၃၁၆] (၎င်း၏ကိုယ်စားလှယ် ဦးရဲဖြိုးအေး)ထံမှ** ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့် ယင်းမြေကွက် များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်ဝင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း "

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်းသွယ်(၂)လမ်း၊ အမှတ်(၅၆) (၄၀ပေx ၉၀ပေ)ရှိ ဦးစိန်ဘန်းပါ(၃) ပြေစာ အမည်ပေါက်သော ဦးအောင်မြိုင်[၁၂/သလန(နိုင်)၀၀၄၀၈၅]နှင့် ဒေါ်သန်းအေး [၁၂/သလန(နိုင်)၀၀၄၀၈၄] ကိုင်ဆောင်သူတို့မှ ၎င်းတို့ပိုင်ဆိုင်သည့် မြို့မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးဆိုင်မှုအထောက်အထားများမူရင်းများဖြင့် ဥပဒေနှင့်အညီ နောက်ဆုံး လက်ဝယ်ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်း လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မွန်သူဇာနွယ်[၁၂/စခန(နိုင်) ၀၄၉၄၆၅]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ရေးဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင် သာလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်နှင်းပွင့် (LL.B), WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၆၈)**
**အမှတ်(၁၂၇)၊ မာဃလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၂၅၃၂၅၀၃**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ်-၁၁၇၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-၁၂၊ ဧရိယာ(၀.၀၅၇)ဧကရှိ ဦးလှဖေ+ဒေါ်လုံးတို့ အမည်ပေါက်ပိုင်ဆိုင်သော အိမ်မြေနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေနှင့်ပတ်သက်၍ ဒေါ်လုံး၏တူမအရင်း အချာများဖြစ်ကြသော ကျွန်ုပ်တို့၏အမှုသည် (၁)ဒေါ်သန်းသန်းဦး(ဘ) ဦးအုန်းသီး[၁၂/လမန(နိုင်)၀၂၁၅၈၁]၊ (၂)ဒေါ်စန်းစန်းဝင်း(ဘ)ဦးတင်ဦး [၁၂/လမန(နိုင်)၀၉၆၈၃၀]၊ တိုက်-၂၊ အခန်း-၁၀၅၊ လှိုင်သီရိအိမ်ရာ၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်တွင် နေထိုင်သူတို့၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ အိမ်နှင့်မြေပိုင်ဆိုင်သူ ဦးလှဖေ[၁၂/လမန(နိုင်) ၀၇၀၁၆၃](ISN-066896)+ဒေါ်လုံး (ISN-067181)တို့ဇနီးမောင်နှံတွင် သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။ မွေးစားသမီး ဒေါ်သန်းသန်းဆင့် တစ်ဦးသာရှိပြီး ဒေါ်လုံးသည် (၁၄-၁-၁၉၈၆)တွင်လည်းကောင်း၊ ဦးလှဖေသည်(၂၄-၁-၁၉၉၄)တွင်လည်းကောင်း အသီးသီးကွယ်လွန် ခဲ့ပြီး မွေးစားသမီး ဒေါ်သန်းသန်းဆင့်မှာလည်း ငယ်စဉ်ကပင် ပိုလီယို ရောဂါခံစားနေရသူတစ်ဦးဖြစ်ပြီး အဆက်အသွယ်ပျက်ကာ ပျောက်ဆုံး လျက်ရှိကြောင်းနှင့် ဦးလှထွန်း(ဘ)ဦးတင်မောင် [၁၂/ဥကမ(နိုင်) ၀၇၇၈၂၆]မှ ဦးလှဖေ+ဒေါ်လုံး ပိုင်ဆိုင်သော အထက်ပါ အိမ်နှင့်မြေအား ရောင်းချနေကြောင်းကြားသိရသဖြင့် အဆိုပါအိမ်မြေနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့၏အမှုသည် ဒေါ်လုံး၏တူမအရင်းများဖြစ်သော ဒေါ်သန်း သန်းဦးနှင့် ဒေါ်စန်းစန်းဝင်းတို့ သိရှိသဘောတူခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းလှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူ ခြင်းများ မပြုလုပ်ရန် ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ ရောင်းချနေသူကိုလည်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဦးနှင့် ဒေါ်စန်းစန်းဝင်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးလှိုင်ဘွား** | **ဒေါ်အေးအေးမူ** | **ဒေါ်တင်မေဦး** |
| **LL.B, DBL, DIR** | **LL.B, DL101 (WIPO)** | **LL.B** |
| **(စဉ်-၈၄၉၄)** | **(စဉ်-၁၄၈၉၄)** | **(စဉ်-၅၃၉၄၈)** |

**တရားလွှတ်တော်ရှေ့နေများ** — **အထက်တန်းရှေ့နေ**
**အမှတ်-၅၅၊ အခန်း-၃၀၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၅၆၀၈၄၊ ၀၉-၄၂၀၀၈၁၂၅၆**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်လှညွန့်
### အသက်(၁၀၃)နှစ်

မုဒုံမြို့နေ(ဦးတ-ဒေါ်ဖွားသင်)တို့၏ သမီး၊ အမှတ် (၇/က)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ [ဦးထွန်းတင် (စိုက်ပျိုးရေးအရာရှိချုပ်-ငြိမ်း)]၏ ဇနီး၊ ဦးခင်မောင်သန်း-ဒေါ်ဆွေဆွေဝင့်၊ ဦးညီညီသန်း-ဒေါ်ခင်မျိုးမြင့်၊ ဦးဝေလွင်သန်း-ဒေါ်ချိုချိုခင်၊ Dr.ဇော်နိုင်-Dr.တင်မိုးဝေ၊ Dr.မျိုးထွန်း-ဒေါ်မေသင်းရွှေတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ခုနစ်ယောက်၊ မြစ် တစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်လှညွန့်သည် ၂၄-၉-၂၀၂၃ ရက် နံနက် ၁၀:၄၆ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ မိခင်ကြီးအားရည်စူး၍ ၃၀-၉-၂၀၂၃ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ဖွေ့သ်ဝီလျံလေး
အငြိမ်းစားပါမောက္ခ(ပထဝီဝင်)
### အသက်(၈၉)နှစ်

အမှတ် (၈၂)၊ မဟာသုခိတာလမ်း၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးစောစိန်ဦးနှင့် ဒေါ်ဂရေ့ညိုဒွန်း)တို့၏ သမီး၊ (ဆရာဝီလျံဒဗျူလေး)၏ ချစ်ဇနီး၊ (သိက္ခာတော်ရဆရာ စောပေါလ်ကွာလာလေး)-ဒေါ်အေးအေးကြိုင်၊ စောပီတာသတောလေး-နော်အင်ဂျလင်း၊ စောဂျေမြညိုလေး-နော်မူလာဘွယ်၊ နော်ဂျီဇာဘလုလေး-(ဦးသန့်နိုင်ဦး)၊ နော်ရှသ်လားစေးဝါးလေး-သိက္ခာတော်ရဆရာ စောအယ်ဂလယ်မူးတို့၏ မိခင်၊ နော်ပန်းဖြူဖြူကြိုင်လေး-(အင်ဒရူး)၊ စောဂျေဂျေလဲဘွယ်လေး-ဂလယ်ဒီအိုးလာ၊ နော်ခေးရန်နေဘလုလေး၊ စောဝီလျံဟေသားလေး၊ စောအေရွန်ဟေသောလေး၊ နော်ဒဲဘရာမြညိုလေး၊ စောဂျေဂျေမြညိုလေး၊ မြတ်ဆုနိုင်ဦး၊ မြတ်သွေးနိုင်ဦး၊ နော်နစ်ကိုးလ်မူး၏အဘွား ဒေါ်ဖွေ့သ်ဝီလျံလေးသည် ၂၃-၉-၂၀၂၃ (စနေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၉-၂၀၂၃ (တနင်္လာနေ့)တွင် ယုဒသန်အသင်းတော် (ဂျပ်ဆင်ဘုရားကျောင်း)၌ နံနက် ၁၀နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

## ဦးကျင်စိန်(ဒေါ်လာစတိုး)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၅၀)၊ မြေညီထပ်နေ (ဦးငွန်ငွန်-ဒေါ်ကျင်)တို့၏ သား၊ (ဦးဘချစ်-ဒေါ်ရွှေ)တို့၏ သားသမက်၊ ဦးသိန်းအောင်-ဒေါ်ခင်ရီ၊ (ဦးစိန်မြင့်)-ဒေါ်ခင်ကြူ၊ ဦးတိုက်စိန်-ဒေါ်နှင်းအိတို့၏ ညီ/မောင်၊ (ဦးကြည်ရွှေ)-ဒေါ်ရီရီဝင်း၊ (ဦးသန်းထိုက်)-ဒေါ်အေးအေးမြင့်၊ ဦးသန့်ဇင်-ဒေါ်ရီရီမြင့်တို့၏ အစ်ကို၊ မဇာခြည်သဲယုခိုင်-ဦးကျော်မင်းလှိုင်၊ ဦးတေဇာမင်းထွေး-မလီလီ၊ ဦးအောင်နေဇာမင်း-ဒေါ်ဝါဝါခိုင်တို့၏ မွေးသဖခင်၊ မခိုင်နွေညီမ်း၊ မခိုင်သဇင်ဟိန်းတို့၏ အဘိုး၊ ဒေါ်စမ်းစမ်း(ရေဦး)၏ ခင်ပွန်းသည် (၁၃၈၅- ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်) ၂၃-၉-၂၀၂၃ (စနေနေ့) ည ၈:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် (၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်) ၂၅-၉-၂၀၂၃ (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် အထက်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသုဘရှုလိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွန်း(ခ)လင်ဟွတ်စိန်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁)လမ်း၊ အမှတ် (၄၅)၊ (တတိယထပ်နေ) (ဦးလင်ဘုတ်အိန်-ဒေါ်အောင်ကွန်ရ)တို့၏ သား၊ ဒေါ်ရီရီမြင့်(ခ)ဒေါ်ကာဘတို့၏ ခင်ပွန်း၊ လင်လွတ်စန်း-ဒေါ်ကြူကြူငွေး(ခ)ဒေါ်ကြူကြူအေး၊ ဦးအောင်နိုင်လွင်(ခ)အောင်နိုင်ဦး-ဒေါ်တင်မိုးမိုး၊ ဦးထွန်းထွန်းမြင့်-ဒေါ်သန္တာအေး၊ ဦးအောင်မျိုးဆန်း-ဒေါ်နွယ်နီမြင့်၊ (ဦးဇော်နိုင်ဦး)-ဒေါ်ခင်ငြိမ်းအေးတို့၏ ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၂၄-၉-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၇:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၅-၉-၂၀၂၃ (တနလ်ာနေ့) နံနက် ၈ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ဖြူပြာ(ချောက်)
### အသက် (၇၀)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်နေ (ဦးကိုလေး-ဒေါ်ခင်ရီ)တို့၏၊ သမီး၊ ဦးငွေးလွင် (အင်ဂျင်နီယာချုပ်-ငြိမ်း၊ သယ်ပို့/စက်ပြင်၊ အင်ဂျင်နီယာလုပ်ငန်းဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)၏ ဇနီး၊ မဇာဖြူလွင်၏ မိခင်ဖြစ်သူ ဒေါ်ခင်ဖြူပြာ(ချောက်)သည် ၂၄-၉-၂၀၂၃ (တနင်္ဂနွေနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၂၃ (တနလ်ာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းမြင့်ဆွေ
(Excel Co.,Ltd)
### အသက်(၅၈)နှစ်

ရေးမြို့နေ (ဦးမောင်ကြည်)-ဒေါ်ကွန်းဒွတ်တို့၏ သားထွေး၊ (ဦးလှသိန်း-ဒေါ်သန်းသန်းနု)တို့၏ သားသမက်၊ ဒေါ်ဒေလီယာ (ကျောင်းအုပ်၊ အ.မ.က-၁၈၊ လှိုင်မြို့နယ်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲလင်းထွန်း [Y.U.F.L, Final Year, Chinese)၏ ချစ်လှစွာသောဖခင်၊ (ဦးတင်ရှိန်)-ဒေါ်ခင်စန်းဝေ၊ ဦးသောင်းစိုး-ဒေါ်ခင်သန်းဝင်း၊ ဒေါ်အေးမြင့်သန်း၊ ဒေါ်သိန်းသန်းငွေးဦး၊ ဦးသိုက်ဝန်း-(ဒေါ်တင်ထွေးကြည်)တို့၏ ညီ/မောင်၊ မောင်အောင်ဇော်ငွေးဦး-မနှင်းနှင်းယု၊ မောင်နေလင်းထွန်း [1E(JSM)]-မသီရိခင်ဇော်၊ မောင်ကျော်လင်းထွန်း၊ မောင်စိုးလင်းထွန်း (Norstar)၊ မောင်သူရမျိုးဆွေ [3E(MTM)]-မချိုလွင်ဦး၊ မခွန်းဆင့်သံသာ (MAPCO)တို့၏ ချစ်လှစွာသောဦးလေး၊ မြေး ငါးယောက်တို့၏အဘိုး ဦးသိန်းမြင့်ဆွေသည် ၂၄-၉-၂၀၂၃ ရက် နံနက် ၇:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်စီစိုး(ခ)မပေါက်ပေါက်
### အသက်(၅၄)နှစ်

ရွှေအင်ကြင်းလမ်း၊ K.6 ရွှေသရဖီရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် ဦးအောင်ဇော်နု (TZ အုတ်ဖုတ်လုပ်ငန်း)၏ ဇနီး၊ ဦးအောင်စိုး၊ ဒေါ်နန်းနှင်းနှင်းအေးတို့၏ သမီးလတ်၊ မောင်ဝေထူး (ရွှေဟသ်ာစားသောက်ဆိုင်)-မစိမ့်ဇာခြည်ဆွေတို့၏ မိခင်ကြီး၊ ဒေါ်ကြည်ကြည်သန်း၊ ဒေါ်အေးခိုင်ခန့်(စင်ကာပူ)၊ ဒေါ်ခင်ဖြူဖြူအောင်တို့၏ ညီမ၊ မနေခြည်ကို၏ အစ်မ၊ နှင်းနှင်း၊ ဖွေးဖွေး၊ ဝေလရောင်တို့၏အဘွားသည် ၂၃-၉-၂၀၂၃(စနေနေ့) ည ၁၁:၅၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်သာ ကျူချောင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ဖြူပြာ(ချောက်)
### အသက် (၇၀)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်နေ (ဦးကိုလေး-ဒေါ်ခင်ရီ)တို့၏ သမီး၊ ဦးငွေးလွင် (အင်ဂျင်နီယာချုပ်-ငြိမ်း၊ သယ်ပို့/စက်ပြင်၊ အင်ဂျင်နီယာလုပ်ငန်းဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)၏ ဇနီး၊ မဇာဖြူလွင်၏ မိခင်ဖြစ်သူ ဒေါ်ခင်ဖြူပြာ(ချောက်)သည် ၂၄-၉-၂၀၂၃(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သာကေတ သယ်ပို့စက်ပြင်ဌာနနှင့်**
**အငြိမ်းစားသယ်ပို့စက်ပြင်ဝန်ထမ်းများ**

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးဇော်မြင့်
အသင်းဝင်အမှတ်-၅၇၉၅
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သင်္ဂဟလမ်း၊ အမှတ်(၃၃)နေ ဒေါ်စီစီခိုင်၏ခင်ပွန်း ဦးဇော်မြင့်သည် ၂၄-၉-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

နာယက၊ အမှုဆောင်အဖွဲ့

---

## ဝမ်းနည်းကြေကွဲခြင်း

ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ပေပင်တောင်ကျေးရွာအုပ်စု၊ သောင်တန်းကျေးရွာနေ အဖ (မန်းစံတင်)၊ အမိ (ဂါ့အေးတင်)တို့၏သား၊ မန်းကြီးရွှေ၊ ဂါ့တင်လှိုင်၊ မန်းမောင်ကြန်၊ (မန်းမြရွှေ)တို့၏ညီ၊ နမ့်မူမူဖောင်၏ အစ်ကိုဖြစ်သူ မန်းသာစိန်(ခ) ဆရာဦးသာစိန် အသက် (၅၈)နှစ်သည် ၂၃-၉-၂၀၂၃ (စနေနေ့) ညနေ ၃:၀၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(သန်လျင်) အစိုးရနည်းပညာတက္ကသိုလ်**
**ဆရာ၊ ဆရာမများနှင့်**
**ကျောင်းသား၊ ကျောင်းသူများ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆ ဒီ ၂)၊ မြေကွက်အမှတ် (27-Northern 1/2)၊ ဧရိယာ (၂၅၊ ၄၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပန်းဘဲတန်းမြို့နယ်၊ ၁၀-ရပ်ကွက်၊ ၃၁-လမ်း (အလယ်)၊ အမှတ် (၁၁၇) ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံ/မြေကွက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်းပြီး ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးစိုးမြင့်(ခ)ဆရစ်ဒူလ်ဟောက် [၁၂/ပဇတ(နိုင်)၀၃၀၇၄၃]**မှ ဇနီးဖြစ်သူ **ဒေါ်ဟာလီမာဘီ [၁၂/ပဇတ(နိုင်)၀၁၆၁၁၆]**နှင့် သမီးဖြစ်သူ **ဒေါ်မင်းမင်းလတ် [၁၂/ပဇတ(နိုင်)၀၃၀၇၉၃]**တို့ နှစ်ဦးအား မေတ္တာဖြင့် အပြီးအပိုင်ပေးအပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဥ်-၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဥ်-၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဥ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel : 294766, HP: 09-5017044**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ဖြူပြာ(ချောက်)
### အသက် (၇၀)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်နေ (ဦးကိုလေး-ဒေါ်ခင်ရီ )တို့၏ သမီး၊ ဦးငွေးလွင် [အင်ဂျင်နီယာချုပ်-ငြိမ်း၊ သယ်ပို့/စက်ပြင်၊ အင်ဂျင်နီယာလုပ်ငန်းဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)၏ ဇနီး၊ မဇာဖြူလွင်၏ မိခင်ဖြစ်သူ ဒေါ်ခင်ဖြူပြာ(ချောက်)သည် ၂၄-၉-၂၀၂၃(တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(သယ်ပို့စက်ပြင်)နှင့်**
**ဝန်ထမ်းများ၊ နေပြည်တော်**

---

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး

## ဦးစကြွယ်မြငွေး
### အသက် (၅၄)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နေ ဒေါ်စိမ်းစိမ်းမြ (ပင်လောင်းမြို့နယ်၊ လမ်းဦးစီးဌာန)၏ခင်ပွန်း ဦးစကြွယ်မြငွေး [ဦးစီးအရာရှိ(မြို့ပြ)၊ လမ်းဦးစီးဌာန]သည် ၂၃-၉-၂၀၂၃ (စနေနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်ဝန်ထမ်းများ**
**လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)**


---

**မူးယစ်ကို ပစ် ပန်းတိုင် သစ် စိတ်သစ် လူသစ် ဘဝသစ်**

**အား က စား မြှင့် တင် စိတ် လန်း ရွှင်**
**ဆန့် ကျင် မူး ယစ် ဆေး**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ကျောင်းနေအရွယ်ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးကြရန် လိုအပ်...**

❖ **Education for All ဆိုသည့်အတိုင်း အားလုံးအတွက် ပညာရေးကို မဖြစ်မနေ အကောင်အထည်ဖော်သွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာအသင်း အိန္ဒိယကို သရေကစားပြီး အကောင်းဆုံးအုပ်စုတတိယနေရာ လေးသင်းစာရင်းဝင်ကာ နောက်တစ်ဆင့်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၄

တရုတ်နိုင်ငံ၌ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို စက်တင်ဘာ ၂၄ ရက်တွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။ **စာမျက်နှာ ၁၉ ကော်လံ ၁ သို့** ○



# မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၃ ရက်အတွင်း အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❖


**ယနေ့** ဖတ်စရာ

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၀၄၉ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂၅၄ ကီလို သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးအဖွဲ့ (၁၄)မှ တာဝန်ယူဖောက်လုပ်ခဲ့သော ကွမ်းခြံကုန်းမြို့ရှောင်လမ်းသစ်ကြီး**

ဆောင်းပါး စာမျက်နှာ » ၁၆

**ဆယ်လ်တာဗီဂိုကို အနိုင်ရပြီး စပိန်လာလီဂါအမှတ်ပေးဇယားထိပ်၌ ဘာစီလိုနာအသင်း ဆက်လက်ဦးဆောင်**

စာမျက်နှာ » ၂၃


# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယနေ့အဖြစ် မြန်မာနှင့် ဟောင်ကောင် ယနေ့ကစားမည်

ရန်ကုန် စက်တင်ဘာ ၂၄

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို စက်တင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဟောင်ကောင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု (E) ဒုတိယနေ့အဖြစ် စက်တင်ဘာ ၂၅ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့် ဟောင်ကောင်၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဖိလစ်ပိုင်နှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စက်တင်ဘာ ၂၂ ရက်က ကစားခဲ့သည့် အုပ်စုပထမနေ့တွင် တောင်ကိုရီးယားက မြန်မာကို သုံးဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်က ဟောင်ကောင်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် ယခုပွဲတွင် မဖြစ်မနေအနိုင်ကစားရမည်ဖြစ်ပြီး သွင်းဂိုးများများသွင်းယူနိုင်ရန်လည်း လိုအပ်နေသည်။ အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာအမျိုးသမီးအသင်းတွင် စီနီယာကစားသမားအနည်းငယ်သာပါဝင်လာပြီး လူငယ်ကစားသမားအများစုပါဝင်လာသဖြင့် အတွေ့အကြုံပိုင်းတွင် လိုအပ်ချက်များရှိနေသေးပြီး ယခုပွဲတွင် ပိုမိုကောင်းမွန်သည့် စွမ်းဆောင်ရည်ဖြင့် အနိုင်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❂